# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၅ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၉၆)


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးများကို စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ဗိုလ်မှူးကြီး ဝင်းတင်စိုးအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဗိုလ်မှူးကြီး ဝင်းတင့်အား လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြ၍ လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် အမျိုးသားစီမံကိန်းအပေါ်တွင် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအနေဖြင့် လျှပ်စစ်ဓာတ်အားကဏ္ဍ





ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။

နှင့် ဆက်သွယ်ရေးကဏ္ဍများမှအပ ကျန်ကဏ္ဍများတွင် တစ်နှစ်လုံး ရည်မှန်းချက်အပေါ် ၅၀ ရာခိုင်နှုန်းကျော်နှင့် ၅၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့် အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်းအနေဖြင့် သစ်တောကဏ္ဍမှအပ ကျန်ကဏ္ဍများ၏ တိုးတက်မှုနှုန်းများသည် အသင့်အတင့်ရရှိသည့် အနေအထား ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်နိုင်မှု အနေဖြင့် ပထမ ၆ လပတ်တွင် ချင်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး၊

*စာမျက်နှာ ၇ ကော်လံ ၁ ❖*


## သတင်းအညွှန်း

**သမ္မတထရမ့်နှင့် သမ္မတ ပူတင်တို့ ကိုဗစ်- ၁၉ အရေးနှင့်လက်နက်ထိန်းချုပ်ရေး ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး** (စာ »၁၂)

**အိန္ဒိယနိုင်ငံတွင် ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၀၀၀၀ ကျော် ရှိလာ** (စာ »၁၃)


# မြဝတီအမှတ်(၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၅ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၂၄**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၅ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၁ ❒*



မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်။




# ကောင်းကျိုးဆိုးကျိုး မျှော်တွေးချင့်ချိန်

မြန်မာနိုင်ငံတွင် ဆိုရှယ်မီဒီယာအသုံးပြုသူ ၂၁ သန်းရှိသည်ဟု သတင်းများတွင် တွေ့ရသည်။ ဆိုရှယ်မီဒီယာဟုဆိုရာတွင် မြန်မာအများစု အသုံးပြုသည်မှာ ဖေ့စ်ဘွတ်ဖြစ်သည်။ ဖေ့စ်ဘွတ်ကို တောရော မြို့ပါ အလွှာအသီးသီး အရွယ်သုံးပါးမရွေး သုံးစွဲနေကြခြင်းလည်း ဖြစ်သည်။

ဆိုရှယ်မီဒီယာကို အသုံးပြုသည့်အခါ အကျိုးရှိသလို အကျိုးမဲ့စေနိုင်သည်။ အသုံးပြုသူ၏ ပညာအခံ၊ ဥာဏ်အမြော်အမြင်နှင့် သတိသမ္ပစဉ်တို့ကလည်း အကျိုးရှိခြင်း၊ အကျိုးမဲ့ခြင်းတို့ကို ပြဋ္ဌာန်းနိုင်သည်။ မြန်မာနိုင်ငံအတွင်း ဖေ့စ်ဘွတ်သုံးစွဲသူများ၏ ထက်ဝက်ခန့်မှာ အကောင့်အတုများဖြစ်သည်ဟု ဆိုသည်။ သုံးစွဲသူ၏ ရုပ်ပုံအမှန်၊ အမည်အမှန်၊ ကိုယ်ရေးအကျဉ်းအမှန်တို့ကို မဖော်ပြဘဲ မမှန်မကန်ရေးသားဖြန့်ဝေနိုင်ရန်အတွက် အကောင့်အတုများကို သုံးစွဲကြခြင်းဖြစ်သည်။ ရုန့်ရင်းကြမ်းတမ်းသည့် စကားများ၊ ရိုင်းစိုင်းသည့် အရေးအသားများ လူတစ်ဦးနှင့်တစ်ဦး မုန်းတီးစေရန်၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ဘာသာတစ်ခုနှင့်တစ်ခုအကြား သံသယပွားရန်၊ မုန်းတီးရန်၊ ပဋိပက္ခဖြစ်ရန် ဖန်တီးထားသည့် သတင်းတုသတင်းမှားများ၊ အမုန်းစကားများကိုလည်း ဖေ့စ်ဘွတ်ပေါ်တွင် မကြာခဏ တွေ့မြင်ရသည်။

ယင်းသို့သော အရေးအသားများ၊ သတင်းအတု သတင်းမှားများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုတို့နှင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ထိခိုက်ပျက်ပြားစေသည့် အမုန်းစကားပြောဆိုထုတ်လွှင့်မှုများကို နိုင်ငံသူ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးက သတိထားကာ ဆန့်ကျင်ကြဖို့လိုသည်။ လက်ရှိကာလသည် မိမိတို့နိုင်ငံအဖို့ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရချိန်ဖြစ်ပြီး အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် အားထုတ်ကြိုးပမ်းနေရချိန်လည်း ဖြစ်သည်။ အစိုးရနှင့်ပြည်သူအကြား၊ ပြည်သူများအချင်းချင်းအကြား၊ ကိုးကွယ်မှုဘာသာတစ်ခုနှင့်တစ်ခုအကြား၊ တိုင်းရင်းသားပြည်သူများအချင်းချင်းအကြား၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား စသည်စသည်ဖြင့် နေရာအသီးသီး အလွှာအသီးသီးတို့တွင် စည်းလုံးညီညွတ်နေဖို့လိုသည်။ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှု၊ ကိုယ်ချင်းစာမှုတို့ဖြင့် တစ်သွေးတည်း တစ်သားတည်း စိတ်ထားဖို့လိုသည်။

လာမည့် နိုဝင်ဘာ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ သတင်းတု သတင်းမှားများနှင့် အမုန်းစကားများကို ဆိုရှယ်မီဒီယာများမှတစ်ဆင့် ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေမှု၊ အဖျက်အမှောင့်ပြုမှုများ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို ဂရုပြုကြရန် လိုအပ်သည်။ ဆိုရှယ်မီဒီယာတွင် ဖော်ပြလာသည့် အကြောင်းအရာကို ဂရုစိုက်၍ ဖတ်ရှုခြင်း၊ နားထောင်ခြင်းနှင့်အတူ အမှားအမှန်ကို ဝေဖန်စိစစ်နိုင်ရန်လည်း လိုအပ်သည်။ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ကောင်းကျိုး၊ ဆိုးကျိုးတို့ကိုလည်း မျှော်တွေးချင့်ချိန်နိုင်ရန် လိုအပ်သလို သတင်းတု သတင်းမှားနှင့် အမုန်းစကားတို့ကို ထပ်ဆင့်ဖြန့်ဝေခြင်း မပြုကြရန်လည်း လိုအပ်သည်။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေသည် အစိုးရနှင့် ပြည်သူတို့၏ စုပေါင်းစွမ်းအားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ခိုင်ခိုင်မာမာ၊ ထည်ထည်ဝါဝါ ပေါ်ထွန်းလာရေးအတွက် တည်ဆောက်နေကြသည့် အချိန်ကာလဖြစ်သည်။ ယင်းသို့သော အချိန်ကာလတွင် ပြည်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန်နှင့် ဘယ်သူခွဲခွဲ မကွဲရန်၊ ဘယ်သူဖျက်ဖျက် မပျက်ရန် အထူးလိုအပ်ပါသည်ဟု အကျိုးမျှော်ကာ နှိုးဆော်ရပါကြောင်း။ ။

# နေပြည်တော်ကောင်စီရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရုံး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ကောင်စီရုံးဝင်းအတွင်းရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သပြေပင်ကို စိုက်ပျိုးပေးပြီး နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် နေပြည်တော်ကောင်စီရုံး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သပြေ၊ သစ်ဆိမ့်၊ ဆီသပြေ၊ မအူလက်တံတို၊ မအူလက်တံရှည်၊ စိန်ပန်း၊ ငုစပ်၊ စစ်၊ ပျဉ်းမ၊ မယ်ဇယ်နှင့် ဗာဒံ စသည့် ပျိုးပင်မျိုးစုံ စုစုပေါင်း ၂၁၉ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် သပြေပင်ကို စိုက်ပျိုးပေးစဉ်။

# မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ် တောင်းဆိုချက်အား နိုင်ငံခြားရေးဝန်ကြီးဌာနကန့်ကွက်

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ နယ်စပ်ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အမြဲတမ်းအတွင်းဝန်က နေရပ်စွန့်ခွာသူများအရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြားရရှိခဲ့သည့် သဘောတူညီချက်များနှင့်အညီ ဖြေရှင်းသွားရန် အဆင်သင့်ရှိကြောင်းနှင့် နှစ်ဖက်စလုံးမှလည်း အဆိုပါ သဘောတူညီချက်များကို တိကျစွာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်က ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက ပန်ကြားခဲ့ကြောင်း ထည့်သွင်းဖော်ပြချက်အပေါ် စိတ်ပျက်မိကြောင်း၊ နှစ်နိုင်ငံအရေးကိစ္စများကို ဖြေရှင်းရေးတွင် အထောက်အကူမပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်၏ မလိုမုန်းထားလုပ်ရပ်များကို ကန့်ကွက်ကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်းနှစ်နိုင်ငံအနေဖြင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းခြင်းဖြင့်သာ နေရပ်စွန့်ခွာသူများ အရေးပြဿနာကို ဖြေရှင်းရာတွင် ရေရှည်အဖြေကို ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ကန်ကြီးထောင့်မြို့နယ်ရှိ အင်းနှင့်သဘာဝရေပြင်များသို့ ငါးမျိုးများစိုက်ထည့်

**ပုသိမ် ဇူလိုင် ၂၄**

ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရိက္ခာများ ရေရှည်စဉ်ဆက်မပြတ်စားသုံးနိုင်ရေး၊ ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်၊ ငါးသယံဇာတများ ပေါများလာစေရန် ရည်ရွယ်၍ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အတွင်းရှိ အင်းနှင့်သဘာဝရေပြင်များသို့ ငါးမျိုးများစိုက်ထည့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။




အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသော်ထွန်းဦး၊ ခရိုင်ဦးစီးဌာနမှူး ဦးအေးနိုင်၊ ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ စခန်းတာဝန်ခံ ဦးမျိုးနိုင်ဦးနှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငါးမြစ်ချင်း ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်း ကောင်ရေ ၁၀၀၀၀၀နှင့် ငါးကျည်း ကောင်ရေ ၂၀၀၀၊ စုစုပေါင်း ကောင်ရေ ၅၀၂၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၂၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**



# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ရန်ကုန်တိုင်းဒေသကြီး သီလဝါတွင် ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအား မြန်မာ-ဂျပန် G to G စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် Notice to Proceed ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး သီလဝါတွင် ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအား မြန်မာ-ဂျပန် G to G စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဆောင်ရွက်ရမည့် ပဏာမအကြို လုပ်ငန်းစဉ်များဖြစ်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ ဒီဇိုင်းထုတ်ခြင်း၊ ခွင့်ပြုမိန့်များ လျှောက်ထားခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် Notice to Proceed ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး သီလဝါတွင် ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအား မြန်မာ-ဂျပန် G to G စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် Notice to Proceed ပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုစီမံကိန်းသည် ဂျပန်နိုင်ငံမှ ဦးဆောင်ရင်းနှီးမြှုပ်နှံလျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန် (SEZ) အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန် မိမိတို့တွင် များစွာတာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်မှ စတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် Liquified Natural Gas (LNG) ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရသည့် LNG to Power စီမံကိန်းများကို ဆောင်ရွက်ရန် စီမံခဲ့ပါကြောင်း၊ ထိုသို့ စီမံရာတွင် ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများအဖြစ် Generation Mix တွင် ထည့်သွင်းစဉ်းစားပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၌ မဂ္ဂါဝပ် ၃၀၀၀ ခန့်ထွက်ရှိမည့် LNG to Power စီမံကိန်း သုံးခုကို Notice to Proceed ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင်လည်း မဂ္ဂါဝပ် ၉၀၀ ခန့်ထွက်ရှိမည့် LNG to Power စီမံကိန်း သုံးခုအပါအဝင် အပူစွမ်းအင် စီမံကိန်း ငါးခုကို ကာလတို စီမံကိန်းများအဖြစ် ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ရာ ယခုဆိုလျှင် LNG to Power စီမံကိန်း နှစ်ခုမှ ဓာတ်အားစတင်ထုတ်လုပ်နိုင်နေပြီ ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းသည် Notice to proceed ထုတ်ပေးပြီး ၇၂ လအတွင်း ဓာတ်အားစတင်ထုတ်လုပ်နိုင်မည် ဖြစ်ပါကြောင်း။

ရေအားလျှပ်စစ်စီမံကိန်းများ၏ သဘောသဘာဝသည် တည်ဆောက်ပြီးစီးရန် အချိန်များစွာလိုအပ်ခြင်း၊ လက်ရှိထုတ်လုပ်နေသောလုပ်ကွက်များမှ Gas ထုတ်လုပ်နိုင်မှုပမာဏ ကျဆင်းလာခြင်း၊ လုပ်ကွက်အသစ်များမှလည်း စီးပွားဖြစ် Gas ထုတ်လုပ်နိုင်မှု မရှိသေးခြင်းနှင့် လက်ရှိ LNG ဈေးနှုန်းသည်လည်း ကျဆင်း၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် သင့်တော်ကောင်းမွန်သည့် အချိန်ဖြစ်ခြင်းတို့ကြောင့် LNG တင်သွင်း၍ ဓာတ်အား ထုတ်လုပ်ခြင်းသည် သာလျှင် သင့်လျော်သည့်နည်းလမ်းဖြစ်သဖြင့် LNG တင်သွင်း၍ ဓာတ်အားထုတ်လုပ်ခြင်းကို စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် လက်ရှိ Gas အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသည့် ဓာတ်အားပေးစက်ရုံများ၏ နေ့စဉ် Gas လိုအပ်ချက်ပမာဏကိုလည်း LNG ဖြင့် ဖြည့်ဆည်းပေးနိုင်မှုတို့ကိုရည်ရွယ်၍ LNG to Power စီမံကိန်းများနှင့် LNG Terminal များကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

LNG Gas ကို မြန်မာနိုင်ငံ ဒေသအဝှမ်း ဖြန့်ဖြူးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများကို ဖြန့်ကြက်သွယ်တန်း တည်ဆောက်သွားမည့် Gas Pipeline Master Plan တစ်ခုကိုရေးဆွဲပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုစီမံကိန်းအတွက် ဆက်စပ်ဆောင်ရွက်ရမည့် ပဏာမအကြို လုပ်ငန်းစဉ်များဖြစ်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ ဒီဇိုင်းထုတ်ခြင်း၊ ခွင့်ပြုမိန့်များ လျှောက်ထားခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Notice to Proceed ထုတ်ပေးရခြင်းဖြစ်ပြီး ယင်းလုပ်ငန်းများကို ချောချောမွေ့မွေ့နှင့် လျင်မြန်စွာပြီးစီးနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံသူများ အနေဖြင့်လည်း စက်စွမ်းအင်အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရမှုကောင်းအောင်၊ ဘေးအန္တရာယ်ကင်းအောင် ဆောင်ရွက်စေလိုပါကြောင်း၊ National Grid System သို့ အချိန်မီချိတ်ဆက်နိုင်ရန်အတွက် စီမံကိန်းအကောင်အထည်ဖော်ရာတွင် အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ်ပြီး ကိစ္စအားလုံးအပေါ် အလေးထားဆောင်ရွက်စေလိုပါကြောင်း။

ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ဓာတ်အားစနစ် ထိန်းသိမ်းမောင်းနှင်မှုကဏ္ဍနှင့် ဝန်အားစီးဆင်းမှုကဏ္ဍအတွက် မဟာဗျူဟာကျသော ရန်ကုန်ဒေသတွင် တည်ရှိနေပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ ဓာတ်အားကွန်ရက်စနစ် တောင့်တင်းခိုင်မာမှုရှိစေရန်နှင့် ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် မြန်မာနိုင်ငံအတွင်း အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ၅၀၀ ကေဗွီ ဓာတ်အားစနစ် (Union Grid) များကို တည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၃၀ ကေဗွီ ဓာတ်အားစနစ်များကိုလည်း အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းကြီးများနှင့် ဓာတ်အားလိုင်းစီမံကိန်းကြီးများ ပြီးစီးပါက မီးသုံးစွဲသူ ပြည်သူများနှင့် စက်မှုလုပ်ငန်းများကို တည်ငြိမ်ကောင်းမွန်ပြီး ယုံကြည်စိတ်ချရသည့် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ရန်ကုန်တိုင်းဒေသကြီး သီလဝါတွင် ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအား မြန်မာ-ဂျပန် G to G စီမံကိန်းအဖြစ် ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီးတို့က စီမံကိန်းအတွက် ထုတ်ပေးသည့် Notice to Proceed အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ **သတင်းစဉ်**

## Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

Doing Business ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက IFC က ရေးဆွဲပေးပို့လာသည့် မြန်မာ့စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု လုပ်ငန်းစီမံချက် Myanmar Doing Business Action Plan 2020/2021 လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ အညွှန်းကိန်းများမှ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးရခြင်း ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးအတွက် ယခင်နှစ်အတွေ့အကြုံများအပေါ်အခြေခံ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ Labour Market Regulations အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့မှ အချက်အလက်များကိုလည်း အများပြည်သူသိရှိရန် Website တွင် ဖော်ပြသွားရန်ဖြစ်ကြောင်း၊ Government Procurement (သို့မဟုတ်) Contracting Governance အညွှန်းကိန်း ဖွဲ့စည်းရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်နှင့် Communication Plan အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ဘဏ်၊ International Finance Corporation (IFC) မှ ကိုယ်စားလှယ်များ၊ Ease of Doing Business Task Force တို့မှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အကြံပြုဆွေးနွေးချက်များအပေါ် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်း

**နေပြည်တော် ဇူလိုင် ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ အလုပ်သမားစေလွှတ်နေသည့် အစုအဖွဲ့များမှ ကိုယ်စားလှယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ကောင်းမွန်သည့် လုပ်ငန်းခွင်ဖြစ်စေရေး၊ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိစေရေးအတွက် အေဂျင်စီအဖွဲ့ချုပ်သည် ကြားခံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း၊ လက်ရှိတွင် အေဂျင်စီအဖွဲ့ချုပ်သည် ပိုမို၍ စနစ်ကျပြီး ခိုင်မာသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာကြောင်း။

**သက်ရောက်မှုများရှိခဲ့**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်လက်မဲ့ပြဿနာများ ကြုံတွေ့နေရ၍ ကမ္ဘာတစ်ဝန်းတွင် အလုပ်အကိုင်ပေါင်း ၂၅ သန်းထိ ဆုံးရှုံးနိုင်ကြောင်းကို ILO က ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများတွင် လုပ်သားအင်အားများ လျှော့ချခြင်း၊ စက်ရုံ / အလုပ်ရုံများ အပြီးပိတ်ခြင်းနှင့် ယာယီပိတ်ခြင်းများရှိခဲ့ပြီး ပြည်ပမှပြန်လာသူများ ယခုအချိန်ထိ နေ့စဉ်ရှိနေပါကြောင်း၊ တရားမဝင်သွားရောက်သည့် အလုပ်အကိုင်များတွင်လည်း ပိုမိုများပြားနိုင်ပါကြောင်း၊ မြဝတီတွင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကြိုဆိုလက်ခံရေးနှင့် စာရင်းဇယားကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ဝန်ကြီးဌာနမှ အသိအမှတ်ပြုပါကြောင်း၊ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ လက်လီ လက်ကား ရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုများ ရှိခဲ့ပါကြောင်း။

သက်ဆိုင်ရာ နိုင်ငံများအလိုက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ၏ စာရင်းနှင့် ၎င်းတို့လုပ်ကိုင်နေသည့် ဒေသ၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာမှုစာရင်းများအား အေဂျင်စီများအနေဖြင့် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်ပြုစုထားရန် လိုအပ်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ကိစ္စရပ်အတွက် Software တစ်ခု ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ နောက်ပိုင်းတွင် တိကျသေချာသည့်လူအမည်စာရင်းအင်အားနှင့် အလုပ်အမျိုးအစား၊ သွားရောက်လုပ်ကိုင်နေသည့် အလုပ်အကိုင်နေရာများအား အသေးစိတ် မှတ်တမ်းတင်ထားရှိနိုင်မည် ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်နေ**

ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် ရွှေ့ပြောင်းလုပ်သား ပို့ဆောင်ရေးလုပ်ငန်းများသာမက အခြားသော စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ လျော့နည်းသက်သာစေရေး နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ဦးစီး၍ စီးပွားရေးပြန်လည်ထူမတ်ရေး၊ ရောဂါမပြန့်ပွားအောင် ထိန်းချုပ်ဆောင်ရွက်နိုင်ရေး တစ်နိုင်ငံလုံး ပူးပေါင်း ဆောင်ရွက်နေပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလ အလွန် အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှလည်း မိမိတို့ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးသင်တန်းကျောင်းများသို့ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ချေးငွေများ ထုတ်ပေးမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ခွင့်ပြုပေးသွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါကာလအလွန် တို့တွင် အေဂျင်စီအဖွဲ့ချုပ်၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဝန်ကြီးဌာနသို့ အချိန်မရွေး လာရောက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်ကြောင်း၊ အကြံပြုချက်များ ရှိပါကလည်း အကြံပြုနိုင်ကြောင်း၊ အလုပ်သမားများ၏ အကျိုး၊ အေဂျင်စီများ၏အကျိုး၊ နိုင်ငံ၏အကျိုး ဖြစ်ထွန်းစေရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက နိုင်ငံအလိုက် လုပ်ငန်းဆပ်ကော်မတီအလိုက် လက်ရှိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ကြုံတွေ့ရသည့် အခက်အခဲများ ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များအား တင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်း၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာဇော်ဝင်း | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) ဒေါက်တာသာထွန်းမောင် | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ဂ ) ဒေါက်တာဘဟန် | ပါမောက္ခချုပ်<br>မိတ္ထီလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာဝင်းနိုင် | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( င ) ဒေါက်တာအောင်ကျော် | ပါမောက္ခချုပ်<br>မအူပင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးအောင်ငွေဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေး<br>ဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှု<br>ကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားရေးရာ<br>ဆက်ဆံရေး<br>ဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှု<br>ကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |
| ( ခ ) ဦးနေအောင်ရဲမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံရေး)<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေး<br>ဝန်ကြီးဌာန |

❒ *ရှေ့ဖုံးမှ*

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ၁၅၈၂၁ ဦး စုစုပေါင်း ၅၂၈၃၉ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**ပြန်လည်ဝင်ရောက်သူပေါင်း**

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၂၆၄ ဦး၊ အမျိုးသမီး ၁၆၁ ဦး စုစုပေါင်း ၄၂၅ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

# ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ရွှေဘို ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရေရှည်စဉ်ဆက်မပြတ် စားသုံးနိုင်ရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်၊ ငါးသယံဇာတများ ပေါများလာစေရန် ရည်ရွယ်၍ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ကျောက်မြောင်းမြို့ ရတနာသိခ်တံတားအနီး ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းဦး၊ ကျောက်မြောင်းမြို့အုပ်ချုပ်ရေးမှူး ဦးထွန်းအေးခိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေဘိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဇော်ဝင်းအောင်နှင့် ဂန်ထမ်းများ၊ NGO များ တက်ရောက်ကြပြီး ရွှေဘိုငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း မျိုးစိုက်ထည့်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်သူသာလျှင် အဓိက

## ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၂၀) ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ (၂/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဥက္ကဋ္ဌ (၁) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားအဆင့် ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြည်နယ်အဆင့် ကော်မတီများ၏ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။



### လမ်းညွှန်ချက်မူကြမ်းရေးဆွဲထား

အစည်းအဝေးတွင် အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ် အောက်တိုဘာလက အတည်ပြုခဲ့သည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအရ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ ပြည်နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မဟာဗျူဟာအောက်တွင် လုပ်ငန်းစီမံချက်များရှိကြောင်း၊ စီမံချက်များ အကောင်အထည်ဖော်ရန် လမ်းညွှန်ချက် (မူကြမ်း) ကိုလည်း ရေးဆွဲထားကြောင်း၊ စီမံချက်များ၊ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများရှိသလို ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများရှိကြောင်း၊ ကချင်ပြည်နယ်တွင် စခန်းငါးခု၊ ရှမ်းပြည်နယ်တွင် ငါးခု၊ ရခိုင်ပြည်နယ်တွင် စခန်းလေးခုတို့ကို ပြန်လည်နေရာချထားခြင်း၊ စခန်းပိတ်သိမ်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် စခန်းနှစ်ခုရှိရာ ပြန်လည်နေရာချထားနိုင်ရေး ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်ရှိအခြေအနေအရ တစ်နိုင်ငံလုံးတွင် စခန်း ၁၂၅ ခုရှိရာ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် စခန်းများပိတ်သိမ်းရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများသာမက လူမှုအဖွဲ့အစည်းများလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သလို အဓိကအားဖြင့် စခန်းများတွင် နေထိုင်သူများ၊ ပြန်လည်နေရာချထားပေးမည့်နေရာရှိ နေထိုင်သူများ၏ သဘောထားများသည် အရေးကြီးကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မှသာ ပြီးပြည့်စုံသည့် လုပ်ငန်းဆောင်ရွက်မှုများ ဖြစ်လာမည်ဖြစ်ကြောင်း၊ အချိန်ယူဆောင်ရွက်ရန်လိုကြောင်း၊ တွေ့ဆုံညှိနှိုင်းမှု၊ စည်းလုံးညီညွတ်စွာ ချိတ်ဆက်ဆောင်ရွက်မှုများ အရေးကြီးကြောင်း၊ ထို့အတူ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အားစိုက်ထုတ်၍ စနစ်တကျ ပြန်လည်နေရာချထားရေးနှင့် စခန်းများ ပိတ်သိမ်းရေးလုပ်ငန်း အဆင့်ဆင့်ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များအဆင်ပြေနိုင်ရေး၊ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်နိုင်ရေး အားလုံး၏အကြံဉာဏ်များ ရယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ (၁) က အမျိုးသားအဆင့် မဟာဗျူဟာနှင့် အညီ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများပိတ်သိမ်းရေး ဆောင်ရွက်ရာတွင် နိုင်ငံရေးအခြေအနေနှင့် နိုင်ငံတကာမှ ဖိအားပေးနေမှုအခြေအနေများကို သိရှိပြီး သတိပြုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် စခန်းများပိတ်သိမ်းရေးနှင့် ပတ်သက်၍ အချို့နိုင်ငံများ၊ အချို့အဖွဲ့အစည်းများက အချိန်ကိုက် ဖိအားပေးနေသည်များရှိကြောင်း၊ ဆောင်ရွက်ရန်ရှိသည်များကို သတိပြုဆောင်ရွက်ရန်လိုကြောင်း၊ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ပြန်လည်နေရာချထားရေးနှင့် IDPs စခန်းများ ပိတ်သိမ်းရေး ဆောင်ရွက်ရာတွင် အဆင့်တိုင်း၌ သတိပြုဆောင်ရွက်ရန်၊ အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်တင်ပြဆောင်ရွက်ရန်၊ ဆုံးဖြတ်ချက်များ ရယူဆောင်ရွက်ရန်၊ လုပ်ငန်းတိုင်း၌ ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

### အတွေ့အကြုံများကို ဆွေးနွေး

ယင်းနောက် ဒုတိယဥက္ကဋ္ဌ (၂) က အမျိုးသားအဆင့်မဟာဗျူဟာ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များကို စခန်းနေသူများ၊ စခန်းအနီးအနား မူလနေထိုင်သူများကို စဉ်ဆက်မပြတ် ရှင်းလင်းဆွေးနွေးပေးရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် ကောင်းမွန်စွာနားလည်နေရန်လိုကြောင်း၊ ပြန်လည်နေရာချထားရာတွင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ထုံး၊ လုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေရာရွေးချယ်မှု၊ မြေယာစီမံခန့်ခွဲမှုများတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်နေရာချထားမည့် ကျေးရွာများ ထူထောင်ရာတွင် လိုအပ်သော စာသင်ကျောင်း၊ ဆေးခန်း၊ လမ်း၊ ဈေး စသည်ဖြင့် စနစ်တကျ အကောင်အထည်ဖော်ပေးရန်လိုကြောင်း၊ မူလမြို့ရွာစီမံကိန်းအရ ဆောင်ရွက်ရန်ရှိသည်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်းနှင့် ကချင်ပြည်နယ်တွင် စခန်းများ ပိတ်သိမ်းရေးဆောင်ရွက်မှု အတွေ့အကြုံများကို ဆွေးနွေးသည်။

ထို့နောက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ကိုယ်စားလှယ်များက လက်ရှိစခန်းများအခြေအနေ၊ ပြည်နယ်အဆင့် ကော်မတီများဖွဲ့စည်းမှု၊ စခန်းများပိတ်သိမ်းရေးအတွက် မြေနေရာရွေးချယ်မှုနှင့် အခြားလိုအပ်ချက်များအတွက် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်နေမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ မီဒီယာကဏ္ဍ၏ အရေးပါမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို လည်းကောင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍအသီးသီးအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ကိုဗစ်-၁၉ ကာလ IDPs စခန်းများတွင် စီမံချက်ဖြင့် ပံ့ပိုးကူညီမှုများ၊ ပြန်လည်နေရာချထားရေး အကောင်အထည်ဖော်ရာတွင် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်အရ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ရှိသည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ASEAN Special Online Workshop on Fake News ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများတက်ရောက်

**နေပြည်တော် ဇူလိုင် ၂၄**

ASEAN Special Online Workshop on Fake News ဆွေးနွေးပွဲတစ်ရပ်ကို ယမန်နေ့က ကျင်းပပြုလုပ်ရာ အာဆီယံနိုင်ငံ ပြန်ကြားရေးကဏ္ဍဆိုင်ရာ အဖွဲ့ဝင်များ အပါအဝင် ယူနက်စကို(UNESCO) အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂ( European Union to ASEAN ) အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာနရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်း ၁၂ ဦးတို့က နေပြည်တော်နှင့် ရန်ကုန်တို့မှ ပါဝင်တက်ရောက်ကြသည်။ (ယာပုံ)



ဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ သတင်းမှား၊ သတင်းတုနှင့် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအား ဖြေရှင်းခြင်း၊ နိုင်ငံအလိုက် ပြဋ္ဌာန်းထားသည့် Fake News ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် လမ်းညွှန်ချက်များ၊ Fake News လျှော့ချရေးနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာ သုံးသပ်ချက်များအား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲ ပထမပိုင်းတွင် နိုင်ငံအလိုက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ Fake News လျှော့နည်းပပျောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Fake News ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား လည်းကောင်း၊ စင်ကာပူနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းအချက်အလက်မူဝါဒရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်က စင်ကာပူနိုင်ငံမှ ထုတ်ပြန်ထားသည့် Online ပေါ်မှ မဟုတ်မမှန်သတင်းများ တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေအား လည်းကောင်း၊ ယူနက်စကိုနှင့် ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များက Fake News လျှော့နည်းရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ နိုင်ငံတကာအလေ့အကျင့်များအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် Fake News နှင့် ပတ်သက်၍ ကျင်းပပြီးစီးခဲ့သည့် အာဆီယံအစည်းအဝေးများမှ ချမှတ်ထားသည့် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရှင်းလင်းတင်ပြပြီးနောက် အာဆီယံနိုင်ငံအသီးသီးမှ တက်ရောက်သူများက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မျိုးစုံဇီဝ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဒေါက်တာစန်းဝင်း(သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်)

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကိစ္စသည် အရေးကြီးသည်။ ကျွန်တော်တို့လူသားများ ကျန်းကျန်းမာမာ အရှည်သဖြင့် တည်ရှိနေဖို့ ဇီဝမျိုးစုံမျိုးကွဲများ မရှိမဖြစ်လိုအပ်နေသည်။ လိုအပ်သလိုလည်း ထိုဇီဝမျိုးစုံ မျိုးကွဲများကို လူတိုင်းက နေ့စဉ်သတိချပ်ပြီး ထိန်းသိမ်းဖို့လိုသည်။

လူသားများ ကျန်းကျန်းမာမာ အရှည်သဖြင့် တည်ရှိနေဖို့အတွက် အရေးကြီးသောကိစ္စများစွာရှိရာ သန့်ရှင်းသော ရေ၊ လေ၊ ကောင်းမွန်သောအိုဇုန်းလွှာ စသည်တို့နှင့်အတူ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကိစ္စသည်လည်း အရေးတကြီးပါဝင်နေသော ကိစ္စဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများသည် လူသားတို့အသက်ရှင်နေထိုင်ရေးအတွက် အစားအသောက်၊ နေရေးထိုင်ရေး၊ ဆေးဝါး၊ ရေ၊ လေ ထောက်ပံ့ပေးမှု၊ ရာသီဥတုညီမျှစေမှု စသည်ဖြင့် ဝန်ဆောင်မှုရော၊ ထုတ်လုပ်ပေးမှုရော အထောက်အကူပေးနေသည်။

### ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး

သို့သော်လည်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကို နားလည်သဘောပေါက်သူများ၊ ထိန်းသိမ်းရန်တာဝန်ရှိသူများ၊ အဖွဲ့အစည်းများလောက်ကသာ ထိန်းနေသည်ကို သတိပြုမိသည်။ လူတိုင်း ပါဝင်ရပါမည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့် သူတို့နေထိုင်ကျက်စားရာဒေသများ၊ ဂေဟစနစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲဖျက်ဆီးနေကြသည်ကို တွေ့နေရသည်။ လာမည့် ၁၀ စုနှစ်အတွင်း အပင်နှင့် သတ္တဝါမျိုးစိတ်တစ်သန်းခန့် ပျက်စီးနိုင်ကြောင်း(2019 Intergovernmental Science-Policy Platform on Biodiversity and Ecosystem-Global Assessment-IPBES) တွင် ဖော်ပြထားသည်။

ကိုယ့်အတွက် အကျိုးပြုနေသော အရာဝတ္ထုကို အလွန်အကျွံ ထုတ်ယူစားသုံးနေခြင်း၊ မလျော်သောစားသုံးမှုပြုနေကြခြင်း၊ သူတို့နေထိုင်ကျက်စားရာဒေသများ၊ ဂေဟစနစ်များကို ဖျက်ဆီးနေခြင်းသည် အရိပ်နေနေ အခက်ချိုးချိုးလုပ်ရာ ရောက်လှသည်။ အကျိုးဆက်အားဖြင့်လည်း လူသားများ ဒုက္ခရောက်နေကြရသည်။

### ကပ်ရောဂါများ ပိုကျရောက်နိုင်

ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ကျွမ်းကျင်သူများအဖွဲ့က "ကျွန်တော်တို့လူသားများဟာ ဇီဝမျိုးစုံမျိုးကွဲသဘာဝများအား လျင်လျင်မြန်မြန်ဖျက်ဆီးနေမှုကို မရပ်ဆိုင်းပါက ကိုဗစ်-၁၉ ကဲ့သို့သော ကပ်ရောဂါများ ပိုပြီးမကြာခဏ ကျရောက်လိမ့်မည်" ဟု သတိပေးထားသည်။ လူကိုကူးစက်နိုင်သော အမျိုးအမည် မခွဲခြားရသေးသည့် ၁ ဒသမ ၇ သန်းသော ဗိုင်းရပ်စ်များသည် ရေပျော်ငှက်များနှင့် နို့တိုက်သတ္တဝါများတွင် ရှိနေကြသည်ဟုလည်း သိရသည်။

ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး လက်ရှိ ချဉ်းကပ်ပုံနည်းလမ်းမှာ ကုသဆေးပေါ်ထွက်ဖို့သာ မျှော်လင့်နေကြခြင်းဖြစ်သည်။ ယင်းမှာမှန်ကန်သောချဉ်းကပ်ပုံ နည်းလမ်းမဟုတ်ကြောင်း၊ မှန်ကန်သောနည်းလမ်းမှာ ဤရောဂါဖြစ်ပေါ်ရခြင်း အကြောင်းရင်းကိုလည်း ရှာဖွေဖော်ထုတ်ရန်ဖြစ်ကြောင်း ဆိုပါသည်။ IPBES က သဘာဝတရားကို ကာကွယ်ရန် မူဝါဒနှင့်လုပ်ငန်းစဉ်များ ရွေးချယ်ချမှတ်ရန်လည်း တိုက်တွန်းထားသည်။ သို့မှသာ သဘာဝတရားကလည်း ကျွန်တော်တို့ကို ပြန်လည် အကာအကွယ်ပေးမည်ဖြစ်သည်ဟု IPBES က ဆိုသည်။

### တိရစ္ဆာန်မှလူသို့ ကူးစက်ရောဂါများ

World Economic Forum မှာလည်း ၇၅ ရာခိုင်နှုန်းသော ကူးစက်ရောဂါများမှာ တိရစ္ဆာန်များမှ လူသို့ကူးစက်သောရောဂါ(Zoonotic Disease)ဟု ဖော်ပြထားသည်။ ကြွက်၊ လင်းနို့၊ မျောက်၊ လူဝံနှင့် အိမ်မွေးတိရစ္ဆာန်တို့မှ ဗိုင်းရပ်စ်များသည် လူကိုကူးစက်ရန် အလားအလာရှိသော ဗိုင်းရပ်စ်များဖြစ်သည်ဟု သိရသည်။ အီဘိုလာ၊ အိတ်ချ်အိုင်ဗွီ၊ ဆားစ်၊ မားစ်၊ ဇီကာ စသည့် ရောဂါဆိုးများမှာ တိရစ္ဆာန်များမှ လူသို့ ကူးစက်ခဲ့သောရောဂါများဖြစ်ကြသည်။ ယင်းရောဂါများ ကူးစက်မှုအတွက် ကမ္ဘာကြီးသည် လွန်ခဲ့သော အနှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကုန်ကျခဲ့ရသည်ဟု သိရသည်။

> **"၇၅ ရာခိုင်နှုန်းသော ကူးစက်ရောဂါများမှာ တိရစ္ဆာန်များမှ လူသို့ ကူးစက်သောရောဂါ( Zoonotic Disease)ဟု ဖော်ပြထားသည်။ ကြွက်၊ လင်းနို့၊ မျောက်၊ လူဝံနှင့် အိမ်မွေးတိရစ္ဆာန်တို့မှ ဗိုင်းရပ်စ်များသည် လူကိုကူးစက်ရန် အလားအလာရှိသော ဗိုင်းရပ်စ်များဖြစ်သည်ဟု သိရသည်။ အီဘိုလာ၊ အိတ်ချ်အိုင်ဗွီ၊ ဆားစ်၊ မားစ်၊ ဇီကာ စသည့် ရောဂါဆိုးများမှာ တိရစ္ဆာန်များမှ လူသို့ ကူးစက်ခဲ့သောရောဂါများ ဖြစ်ကြသည်။ ယင်းရောဂါများ ကူးစက်မှုအတွက် ကမ္ဘာကြီးသည် လွန်ခဲ့သော အနှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကုန်ကျခဲ့ရသည်ဟု သိရသည်။"**

ယင်းကုန်ကျမှုတွင် ယခုဖြစ်ပေါ်နေသော ကိုဗစ်-၁၉ အတွက် ကုန်ကျမှု မပါဝင်သေးချေ။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကြောင့် လူဦးရေငါးသိန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၁၂ သန်းကျော် ကူးစက်ခံထားရသည်။ ယင်းရောဂါကြောင့် ပျက်စီးခဲ့ရသည့် စီးပွားရေးများ ပြန်လည်နာလန်ထူရန် တစ်ကမ္ဘာလုံးအနေဖြင့် အမေရိကန်ဒေါ်လာ ၉ ထရီလီယံ လိုအပ်သည်ဟု ခန့်မှန်းထားသည်။

UNEP ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Inger Andersen က "လူသားတို့က အပင်နှင့် တိရစ္ဆာန်တွေ၊ ဂေဟစနစ်တွေကို ဆက်လက်ပြီး ဖျက်ဆီးသတ်ဖြတ်နေကြမယ်ဆိုရင် ရှေ့လာမယ့်နှစ်တွေမှာ တိရစ္ဆာန်ကနေ လူသားတွေဆီကို ရောဂါကူးစက်နေဦးမှာ အမှန်တရား (အသေအချာ)ပါပဲ။ ကမ္ဘာ့ကပ်ရောဂါတွေဟာ ကျွန်မတို့ရဲ့ဘဝ၊ ကျွန်မတို့ရဲ့စီးပွားရေးတွေကို ပျက်စီးအောင်လုပ်ခဲ့ပါတယ်။ ဒီလို ပျက်စီးမှုနဲ့ ကြုံတဲ့အခါမှာ ဆင်းရဲသားများ၊ စီးပွားရေး၊ လူမှုရေးအရ အထိခိုက်မခံနိုင်သူများဟာ ပိုခံစားကြရပြီး ပိုပြီးလည်း ဒုက္ခရောက်ကြရပါတယ်။ ဒီလိုတွေ မဖြစ်စေချင်ရင်တော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေကို အနာဂတ်မှာ ပိုလုပ်ကြဖို့လိုပါတယ်"ဟု ပြောကြားသည်။

### မဟတ္တမဂန္ဒီ၏ အဆိုအမိန့်

တိရစ္ဆာန်များသည် သက်ရှိသတ္တဝါများဖြစ်ကြ၍ တန်ဖိုးထားကြဖို့၊ ကာကွယ်ကြဖို့ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်နှစ်ခြိုက်သော စကားစုလေးတစ်ခုကို ဤနေရာတွင် မျှဝေလိုပါသည်။ အိန္ဒိယနိုင်ငံ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ အဆိုအမိန့်ဖြစ်သည်။ "The greatness of a nation can be judged by the way its animals are treated"ဟုဖြစ်ပြီး အဓိပ္ပာယ်မှာ "နိုင်ငံတစ်နိုင်ငံရဲ့ ကြီးကျယ်မြင့်မြတ်မှုကို အဲဒီနိုင်ငံရဲ့လူများက တိရစ္ဆာန်တွေအပေါ် ဘယ်လိုပြုမူဆောင်ရွက်ကြသလဲ ဆိုတာ လေ့လာကြည့်ရှုရုံဖြင့် အကဲဖြတ်နိုင်ပါတယ်"ဟု ဖြစ်သည်။

မဟတ္တမဂန္ဒီကြီးက "ကျွန်တော့်စိတ်ထဲမှာတော့ သိုးတစ်ကောင်ရဲ့ဘဝဟာ လူသားတစ်ယောက်ရဲ့ ဘဝထက် တန်ဖိုးမနည်းပါဘူး။ အကူအညီမဲ့တဲ့ အားနည်းတဲ့ တိရစ္ဆာန်တွေ ဖြစ်လေလေ သူတို့ကို ရက်စက်ကြမ်းကြုတ်တဲ့လူသားတွေရန်မှ ပိုမိုကာကွယ်ပေးဖို့ လိုအပ်လေလေဖြစ်တယ်" ဟုလည်း ပြောခဲ့ပါသေးသည်။

### အိမ်မွေးတိရစ္ဆာန်လေးများ၏ ကောင်းကျိုး

Anthony Douglas WIllians ကလည်း "တိရစ္ဆာန်တစ်ကောင်ကိုမြင်တဲ့အခါ တိရစ္ဆာန်လို့တောင် မမြင်ပါဘူး။ သက်ရှိတစ်ခုအနေနဲ့လို့ မြင်ပါတယ်။ သူငယ်ချင်းတစ်ဦးအနေနဲ့လည်း မြင်ပါတယ်။ ကိုယ့်ရဲ့ချစ်ရသူတစ်ဦးအနေနဲ့လည်း မြင်ပါတယ်"ဟု ဆိုခဲ့သည်။ သူပြောသလို ကိုယ့်ရဲ့ချစ်ရသူတစ်ဦးအနေနဲ့လည်း မြင်ပါတယ် ဆိုတာကို သဘောကျမိသည်။

ဒီကနေ့ ခေတ်အခါကိုကြည့်ပါ။ ကမ္ဘာမှာ စိတ်ကျရောဂါဖြစ်နေသူ သန်းပေါင်း ၃၀၀ ရှိနေပြီး ဝေဒနာရှင်အချို့မှာ မိမိအသက်ကိုပင် ရန်ရှာနေကြသည်။ ယင်းရောဂါ လျော့ကျစေမည့် နည်းလမ်းများထဲတွင် အိမ်မွေးတိရစ္ဆာန်လေးများမွေးခြင်းက နည်းလမ်းတစ်ခုအဖြစ်ပါဝင်လျက်ရှိသည်။ သုတေသနတွေ့ရှိချက်များတွင် အိမ်မွေးတိရစ္ဆာန်လေးများက သူတို့၏သခင်များကို စိတ်ပူပန်မှု၊ စိတ်ဖိစီးမှု၊ သွေးတက်မှုများမှ လျော့ပါးစေတတ်သည်ဟု ဆိုသည်။ အိမ်မွေးတိရစ္ဆာန်လေးများအပေါ် ကြင်နာစွာဖြင့် မွေးမြူခြင်းကပေးသည့် ကောင်းကျိုးတစ်ခုဖြစ်သည်။ မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုလျှင် Animal-assisted therapy programme ကိုပင် လုပ်ဆောင်နေပြီဟု သိရသည်။ ကိုးကား(Puppy love- Bangkok Post, 2nd December, 2019)။ သို့သော်လည်း တိရစ္ဆာန်များမှ ကူးစက်တတ်သောရောဂါများအကြောင်း လေ့လာပြီး မွေးမြူရန်လည်း လိုအပ်သည်။

အပင်များကိုကြည့်မည်ဆိုလျှင်လည်း အကျိုးပြုမှုများ အမျိုးမျိုးရှိသည်ကို သိကြပါလိမ့်မည်။ ဥပမာတစ်ခုအနေဖြင့် ရိုးရာဆေးသုံးအပင် (herbal medicine) အကြောင်းကိုကြည့်နိုင်သည်။ WHO က ၂၀၀၂ ခုနှစ်တွင် ရိုးရာဆေးသုံးအပင်များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း National centre for Biotechnology Information ကမူ လာမည့် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၁၁ ဘီလီယံအထိ ရှိလာနိုင်မည်ဟု ခန့်မှန်းထားသည်။ လူအများစုအနေဖြင့် ပရဆေးဖြင့် ရောဂါကုသလိုကြောင်းလည်း ဖော်ပြထားသည်။

### မလွဲမသွေ အားထုတ်ရမည်

အချုပ်အားဖြင့် ကျွန်တော်တို့သည် လူသားမျိုးနွယ်စုကို မပျောက်မပျက် တည်ရှိစေလိုပြီး တစ်ဦးချင်းအနေဖြင့်လည်း မိမိအသက်ကို ရသလောက် ဆွဲဆန့်ချင်ကြသည်။ ထိုဆန္ဒများ ပြည့်ဝစေဖို့အတွက်ဆိုလျှင် အပင်များနှင့် သတ္တဝါများသည်လည်း မရှိမဖြစ် လိုအပ်လျက်ရှိသည်။ သူတို့ရှိမှသာ ကျွန်တော်တို့ရှိမှာဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် အပင်များနှင့် တိရစ္ဆာန်များ ပါဝင်နေသော ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးကို မလွဲမသွေ အားထုတ်ကာကွယ်ပေးရန် လိုအပ်လျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ရေစကြိုမြို့နယ်၌ ထိန်းသိမ်းရန်လိုအပ်သည့် ကုန်းဘောင်ခေတ်နှောင်းလက်ရာ သာသနိကအဆောက်အအုံ စေတီ ၂၈၄ ဆူ တွေ့ရှိ

**ရေစကြို ဇူလိုင် ၂၄**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မကွေးဌာနခွဲ)တာဝန်ခံနှင့် ဝန်ထမ်းများ၏ ကွင်းဆင်းသုတေသနပြုချက်အရ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း၌ ထိန်းသိမ်းရန် လိုအပ်သည့် ကုန်းဘောင်ခေတ်နှောင်းလက်ရာ သာသနိကအဆောက်အအုံ ၂၈၄ ဆူကို တွေ့ရှိထားကြောင်း သိရသည်။ **(ဓာတ်ပုံ)**

သာသနိကအဆောက်အအုံများကို ရေစကြိုမြို့နယ် ကြက်ဆူကျင်းရွာ တွင် ၃၃ဆူ၊ အောက်နန်းရွာတွင် ၁၁၇ ဆူ၊ မအူအလယ်ရွာတွင် ၇၄ ဆူ၊ မအူအောက်ရွာတွင် အဆူ ၆၀ စုစုပေါင်း ၂၈၄ ဆူ တွေ့ရှိမှတ်တမ်းတင်ထားခြင်းဖြစ်သည်။

" ကုန်းဘောင်ခေတ်နှောင်းလက်ရာတွေပါ။ အားလုံးက သာသနိကအဆောက်အအုံတွေ ဖြစ်ပါတယ်။ ဌာနရဲ့ ဥပဒေနဲ့အညီ ထိန်းသိမ်းခြင်း ပထမအဆင့်ဖြစ်တဲ့ Inventory ကောက်ယူခြင်းလုပ်ငန်း လုပ်နိုင်ဖို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံကို ခန့်မှန်းခြေစာရင်းနဲ့တကွ တင်ပြပြီး ခွင့်ပြုချက်ရယူပါမယ်။ ခွင့်ပြုချက်ရတာနဲ့ တစ်ပြိုင်နက် ထိန်းသိမ်းခြင်းလုပ်ငန်းကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ် " ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မကွေးဌာနခွဲ) တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မကွေးဌာနခွဲ) အနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရှေးဟောင်းအမွေအနှစ်များ တိမ်ကောပျောက်ပျက်သွားခြင်း မရှိစေရန် ရည်ရွယ်၍ ကွင်းဆင်းသုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



❖ *ရှေ့ဖုံးမှ*

ပြည်နယ်များတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၅၀ ရာခိုင်နှုန်း အထက် အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် တိုးတက်မှုနှုန်းအနေဖြင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိုးတက်မှုအနည်းငယ်သာရှိသော်လည်း ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ၄ ရာခိုင်နှုန်းနှင့်အထက် တိုးတက်မှုနှုန်းများ ရရှိခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် COVID–19 ကြောင့် သက်ရောက်မှု နည်းပါးစေရေးအတွက် COVID – 19 စီးပွားရေးကုစားမှု အစီအစဉ်ချမှတ်၍ ကြိုးပမ်းလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းပထမ ၆ လပတ် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးသန်းစိုး(ခေါ်) သန်းစိုး (ဘောဂဗေဒ) က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၈/၂၀၂၀)ကို ဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ (ဃ) (င)တို့နှင့် အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့်ဌာန၊ အဖွဲ့အစည်းကို ဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၄ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

## ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာနှစ် ပထမ ၆ လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာနှစ် ပထမ ၆ လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လွှတ်တော်သို့ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ရငွေအပိုင်းတွင် သာမန်ရငွေမှ အခွန်အကောက်ရငွေများ



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်



ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး

ပိုမိုရရှိခဲ့သဖြင့် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အခွန်အကောက်ရငွေများ ပိုမိုရရှိခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အခွန်အကောက်ရငွေတစ်ရပ်လုံး၏ ၈၅ ရာခိုင်နှုန်းခန့်ကို ကောက်ခံပေးရသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် စည်းကြပ်မှုမှ လွတ်ကင်းနေသည့် ဝင်ငွေအပေါ် သက်သာသော အခွန်ရာခိုင်နှုန်းဖြင့် အခွန်ထမ်းဆောင်ခွင့်ပြုထားခဲ့သည့်အတွက် မျှော်မှန်းသလောက် ပိုမိုမရရှိသော်လည်း အခွန်ရငွေများ ပိုမိုရရှိလာသည်ကို တွေ့ရှိရပါကြောင်း။

သုံးငွေအပိုင်း၊ သာမန်အသုံးစရိတ်တွင် COVID – 19 ရောဂါကြောင့် နိုင်ငံခြားခရီးသွားလာမှုများ၊ အစည်းအဝေးပွဲများနှင့် သင်တန်းတက်ရောက်ရမှုများ နည်းပါးခြင်းများကြောင့် လျာထားချက်ပြည့်မီရန် အနည်းငယ်လိုအပ်ခဲ့ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပြည်ပအကူအညီ ရငွေ၊ ချေးယူရငွေဖြင့် သုံးစွဲခဲ့သည့်အသုံးစရိတ်များကို သုံးစွဲနိုင်မှုမရှိသေးခြင်းနှင့် တည်ဆောက်ရေး၊ ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂ ဝယ်ယူရေးလုပ်ငန်းများသည် တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်း၊ COVID – 19 ကပ်ရောဂါကြောင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ ကြန့်ကြာမှုရှိနေခြင်းတို့ကြောင့် လျာထားချက် မပြည့်မီရခြင်းဖြစ်ပါကြောင်း၊ တင်ဒါလုပ်ငန်းစဉ်များ ကို ဘဏ္ဍာရေးနှစ်၏ ပထမ(၃)လအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခုတင်ပြခဲ့သည့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်ပထမ ၆ လပတ် ရငွေနှင့် သုံးငွေ အကောင်အထည်ဖော်နိုင်မှုအခြေအနေများသည် အောက်တိုဘာလ မှ မတ်လအထိ ယာယီအမှန် အရအသုံးစာရင်းများသာ ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်ပြလာသည့် ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်နိုင်ပါရန်နှင့် အတည်ပြု



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးကျော်တင့် က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၉/၂၀၂၀)ကို ဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ (ဃ) (င) တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့်ဌာန၊ အဖွဲ့အစည်းကို ဖော်ပြ၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၄ ရက်တွင်ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မင်း က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၀/၂၀၂၀)ကို ဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ (ဃ) (င) တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၉ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

## အာရှဖွံ့ဖြိုး ရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူနိုင်ရေး ကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် နီကာရာဂွါ သမ္မတနိုင်ငံတို့အကြား သံတမန် အဆက်အသွယ်ထူထောင်နိုင်ရေး ကိစ္စနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တို့က ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

## အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် – ၁၉၀ (၂၀၁၉) နှင့် တိုက်တွန်းချက်အမှတ်–၂၀၆ (၂၀၁၉) တို့ကို မှတ်တမ်းတင်နိုင်ရေးကိစ္စ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ပပျောက်ရေးဆိုင်ရာပြဋ္ဌာန်းချက် အမှတ် – ၁၉၀ (၂၀၁၉) နှင့် တိုက်တွန်းချက်အမှတ်–၂၀၆ (၂၀၁၉) တို့ကို မှတ်တမ်း တင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် က ယခု ပြဋ္ဌာန်းချက်နှင့် တိုက်တွန်းချက်တို့သည် ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပသည့် (၁၀၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် အတည်ပြုချမှတ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း သဘောတူခဲ့ပါကြောင်း၊ လုပ်ငန်းခွင်တွင် အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုများအတွက် ထုတ်ပြန်သည့် ပထမဆုံးသော အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသဘောတူညီချက်ဖြစ်ပြီး ဖြစ်နိုင်ခြေရှိသော အပြည်ပြည်ဆိုင်ရာအလုပ်သမား စံချိန်စံညွှန်းများဖြစ်ပေါ်ရေးရည်မှန်းချက်နှင့် အဆိုပြုထားသည့် စာချုပ်စာတမ်းဖြစ်ပါကြောင်း၊ ထို့ပြင် လူတိုင်းလူတိုင်းအကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုကင်းသည့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်ခွင့်ရှိရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စာချုပ်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည့်အတွက် လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးစောတင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး၊ ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် (၁၀၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံ၌ အတည်ပြုချမှတ်ခဲ့သည့် အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် – ၁၉၀ (၂၀၁၉) နှင့် တိုက်တွန်းချက်အမှတ် – ၂၀၆ (၂၀၁၉) တို့ကို ILO အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် ပြည်ထောင်စုလွှတ်တော် က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် – ၁၉၀ (၂၀၁၉) နှင့် တိုက်တွန်းချက် အမှတ် – ၂၀၆ (၂၀၁၉) တို့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## လျှပ်စစ်ဓာတ်အားရရှိမှု မြှင့်တင်ရေးစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိမှု မြှင့်တင်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်းက မြန်မာနိုင်ငံအနေဖြင့် ချေးငွေကို တစ်ချိန်ချိန်တွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည့်အတွက် အလေအလွင့်မရှိစေရေး သက်ဆိုင်ရာဌာနအနေဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ပကြွေးမြီကို ပြန်လည်ပေးဆပ်ရာတွင် ငွေလွှဲနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆုံးရှုံးနိုင်ခြေများကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ ကြွေးမြီဝန်ထုပ်ဝန်ပိုး တစ်နှစ်ထက်တစ်နှစ် ပိုမိုလာမည် ကို ရှောင်ရှားနိုင်ရန်အတွက် လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရှိရပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိမှု မြှင့်တင်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရေးကိစ္စကို သဘောတူထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က ကျေးလက်ဒေသများအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိရန် ဖြန့်ဖြူးပေးမည့်စီမံကိန်းဖြစ်သည့်အတွက် ကြိုဆိုထောက်ခံပါကြောင်း၊ ယခုစီမံကိန်းအတွက် ချေးငွေဆိုင်ရာစည်းကမ်းချက်များအနေဖြင့် သက်သာသော ချေးငွေ အမျိုးအစားဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်မီးနှင့်ပတ်သက်၍ မြို့ပေါ်တွင်လည်း လုံလောက်မှုမပေးနိုင်သေးပါကြောင်း၊ ကျေးလက်ဒေသတွင်လည်း မီးမရသည့် ကျေးရွာများလည်း များစွာကျန်ရှိနေသေးပါကြောင်း၊ မိမိတို့သည် လျှပ်စစ်ကဏ္ဍကို မလွဲမသွေ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်လျှပ်စစ်ဓာတ်အားလုံလောက်စွာသုံးစွဲခွင့် ရရှိရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လာမည့် ၂၀၂၇ ခုနှစ်အပြီး တစ်နိုင်ငံလုံး လျှပ်စစ်မီး တစ်ပြေးညီ သုံးစွဲခွင့်ရရှိစေရန် အထူးကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆိပ်ကမ်း မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ပုလော မဲဆန္ဒနယ်မှ ဦးအုန်းခင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်မျိုးကျော်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ဇူလိုင် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ မြေပြိုမှုဖြစ်စဉ်တွင် သေဆုံးသူမိသားစုဝင် ထိခိုက်လွယ်အုပ်စုများအား ပံ့ပိုးကူညီရန် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လှူဒါန်း



နေပြည်တော် ဇူလိုင် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ ရတနာမြေတွင် ဖြစ်ပွားခဲ့သော မြေပြိုမှုကြောင့် အသက်ဘေးကြုံတွေ့ခဲ့ရသူများ၏ ကျန်ရစ်သောမိသားစုဝင်များကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုအစီအစဉ်တွင် ထိခိုက်လွယ်အုပ်စုဝင် မိသားစုဝင်များ (ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ)အတွက် ပံ့ပိုးကူညီရာ၌ အသုံးပြုနိုင်ရန် ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၅၀ ကို မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က ယနေ့နံနက် ၉ နာရီတွင် လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (ယာပုံ)

သတင်းစဉ်

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် မေလနှင့်ဇွန်လတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် မေလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၄၇ ဒသမ ၂၁၆ သန်း၊၂၀၂၀ပြည့်နှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၇၃၁ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် မေလနှင့်ဇွန်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မေလ | | ဇွန်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ US$(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | - | - | ၂၆.၀၀၀* |
| (ခ) | စက်မှုကဏ္ဍ | ၁၂ | ၆၂.၁၂၆* | ၁၅ | ၁၈၈.၃၃၉ |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၆၄၅.၀၀၀ | - | - |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | - | - | ၅.၈၈၁* |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၃.၂၀၀ | ၃ | ၁၃.၅၁၁* |
| (စ) | လယ်ယာကဏ္ဍ | ၁ | ၁.၀၀၀ | - | - |
| (ဆ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၃၅.၈၉၀ | - | - |
| စုစုပေါင်း | | ၁၆ | ၇၄၇.၂၁၆ | ၁၈ | ၂၃၃.၇၃၁ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ် မေလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၄၆,၀၉၂ ဒသမ ၄၅၁ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၉၇,၃၃၉ ဒသမ ၇၃၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ် မေလနှင့်ဇွန်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မေလ | | ဇွန်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦကဏ္ဍ | ၁ | ၁၀,၅၈၀.၇၃၀ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၁ | ၁,၆၀၄.၀၀၀ | ၉ | ၄၁,၆၁၆.၁၈၇* |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂ | ၁၀,၁၂၄.၀၀၀ | ၁ | ၂,၄၉၉.၂၇၂ |
| (ဃ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၂ | ၁၁,၉၅၆.၉၆၀ |
| (င) | လယ်ယာကဏ္ဍ | - | - | ၁ | ၉၆၅.၀၉၀ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၃၃,၇၈၃.၇၂၁ | ၄ | ၄၀,၃၀၂.၂၂၁ |
| စုစုပေါင်း | | ၆ | ၄၆,၀၉၂.၄၅၁ | ၁၇ | ၉၇,၃၃၉.၇၃၀ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၆။ ၂၀၂၀ ပြည့်နှစ် မေလနှင့်ဇွန်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မေလ | ဇွန်လ |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | ၁၁၀ |
| (ခ) | စက်မှုကဏ္ဍ | ၁၃,၁၇၈ | ၈,၉၆၅* |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၁၃ | - |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၂၉၁ |
| (င) | လယ်ယာကဏ္ဍ | ၃၂၇ | - |
| (စ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၃၈ | - |
| စုစုပေါင်း | | ၁၃၆၅၉ | ၉,၃၆၆ |

* လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၂၀ ပြည့်နှစ် မေလနှင့် ဇွန်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မေလ | ဇွန်လ |
| (က) | အိမ်ရာအဆောက်အဦကဏ္ဍ | ၇ | - |
| (ခ) | စက်မှုကဏ္ဍ | ၁၂၅ | ၄,၀၉၁ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၅၁၁ | ၈၇ |
| (ဃ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၇၃၀ |
| (င) | လယ်ယာကဏ္ဍ | - | ၁၁၇ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၈၇ | ၈၁၇ |
| စုစုပေါင်း | | ၇၃၀ | ၅,၈၄၂ |

❑ *ကျောဖုံးမှ*

ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းမှုတွင် အဝတ်နှာခေါင်းစည်း အခုရေ ၁၅၀၀၀ ပေးအပ်ပြီး ကျန်ရှိသည့် အဝတ်နှာခေါင်းစည်း ၃၅၀၀၀ ကို ဩဂုတ် ၁၀ ရက်တွင် ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဒိန်းမတ်နိုင်ငံမှ ပထမအကြိမ်တွင် ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း အခုရေ သုံးသိန်းနှင့် ခွဲစိတ်ခန်းသုံး ကာကွယ်ရေးဝတ်စုံ အခု ၄၅၀၀၀ ကိုလည်း မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံဆေးခန်းများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နေသည့် အဖွဲ့အစည်းများသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အာကာစိုး**



ဇူလိုင် ၂၄ ရက်က ရမည်းသင်းမြို့မရဲစခန်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထိန်လင်းက မြို့နယ်ရဲတပ်ဖွဲ့ဝင် အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၆၀ ကို ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ သင်ကြားပို့ချပေးစဉ်။

ကိုကိုရှပ

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ မြန်မာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၈၅၅၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှု**
**ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်း**
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)
၁၃၈၂ ခုနှစ်    လ    ရက်
(၂၀၂၀ ပြည့်နှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အပင်နှင့် အပင်ထွက်ပစ္စည်း ဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **အပင်** ဆိုသည်မှာ သက်ရှိအပင်နှင့် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် မျိုးစေ့နှင့် အပင်ပေါက်နိုင်သော အပင်၏ အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ခ) **အပင်ထွက်ပစ္စည်း** ဆိုသည်မှာ သဘာဝအရ သို့မဟုတ် ပြုပြင်ထုတ်လုပ်မှုနည်းစနစ်အရ အပင်မှထွက်ရှိသော အစေ့အဆန် အပါအဝင် အပင်၏မပြုပြင်ရသေးသော အစိတ်အပိုင်း သို့မဟုတ် ပြုပြင်ထားပြီးသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဂ) **အကျိုးပြုသက်ရှိ** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းတွင် ဖျက်ပိုးနှိမ်နင်းခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် မြေဆီလွှာတိုးတက်ကောင်းမွန်စေခြင်းတို့ကို အကျိုးပြုသော အင်းဆက်၊ မွှားကောင်၊ အခြားသက်ရှိ၊ ဗက်တီးရီးယား၊ မှို၊ ဗိုင်းရပ်စ်နှင့် နီမတုတ် အပါအဝင် သက်ရှိများကို ဆိုသည်။

(ဃ) **ကုန်ပစ္စည်း** ဆိုသည်မှာ ကုန်သွယ်မှုပြုရန် သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်း သို့မဟုတ် အပင်နှင့်ဆက်စပ်သော အခြားအရာဝတ္ထုတစ်မျိုးမျိုး သို့မဟုတ် ဖျက်ပိုးကပ်ငြိပါလာနိုင်သော ပစ္စည်းကို ဆိုသည်။

(င) **သစ်သားထုပ်ပိုးပစ္စည်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုကို သယ်ဆောင်ခြင်း၊ ကာကွယ်ခြင်း သို့မဟုတ် အထောက်အကူပေးခြင်းပြုရာတွင် အသုံးပြုသည့် သစ်၊ သစ်နှင့် ပြုလုပ်သည့် ပစ္စည်း သို့မဟုတ် အထောက်အခံကြမ်းခင်းတုံးကို ဆိုသည်။ ယင်းစကားရပ်တွင် စက္ကူနှင့် ပြုလုပ်သည့်ပစ္စည်းများ မပါဝင်။

(စ) **ဖျက်ပိုး** ဆိုသည်မှာ အပင်နှင့်အပင်ထွက်ပစ္စည်းကို ထိခိုက်ပျက်စီးစေနိုင်သော အပင်၊ သက်ရှိသတ္တဝါတို့၏ ဇီဝမျိုးကွဲ၊ မျိုးပြား၊ မျိုးစိတ် သို့မဟုတ် ရောဂါဖြစ်စေသောအရာကို ဆိုသည်။

(ဆ) **ထိန်းချုပ်ဖျက်ပိုး** ဆိုသည်မှာ ဒေသအတွင်းမရှိသေးသည့် ဖျက်ပိုး သို့မဟုတ် ဒေသအတွင်းရှိသော်လည်း မပြန့်ပွားအောင် ထိန်းချုပ်ထားသော ဧရိယာတစ်ခုတွင် ကျရောက်ပါက စီးပွားရေးထိခိုက်သည်အထိ အန္တရာယ်ဖြစ်စေနိုင်၍ ထိန်းချုပ်ရန် လိုအပ်သည့်ဖျက်ပိုးကို ဆိုသည်။

(ဇ) **ဥပဒေအရသတ်မှတ်သည့်ဖျက်ပိုး** ဆိုသည်မှာ ထိန်းချုပ်ဖျက်ပိုး သို့မဟုတ် ဥပဒေအရ သတ်မှတ်ထားသော်လည်း ထိန်းချုပ်ရန် မလိုသော ဖျက်ပိုးကို ဆိုသည်။

(ဈ) **ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု** ဆိုသည်မှာ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးတွင် ပါဝင်ပတ်သက်သော (သို့မဟုတ်) အသုံးပြုသော သိုလှောင်ရုံ၊ သယ်ဆောင်ယာဉ်၊ ကုန်တင်သေတ္တာနှင့် ဖျက်ပိုးကင်းရှင်းရေး ဆောင်ရွက်ရန် လိုအပ်သောဖျက်ပိုးများ ခိုအောင်းနိုင်သည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ မြေကြီး၊ အခြားသက်ရှိနှင့် အရာဝတ္ထုတို့ကို ဆိုသည်။

(ည) **ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့ တင်ပို့မည့် သို့မဟုတ် ပြည်ပမှ တင်သွင်းမည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိအတွက် အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေး ကွန်ဗင်းရှင်းမှချမှတ်ထားသည့် အပင်ကျန်းမာရေး စံချိန်စံညွှန်းနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က သတ်မှတ်သည့် နည်းလမ်းဖြင့် ထုတ်ပေးသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

(ဋ) **တင်သွင်းခွင့်လက်မှတ်** ဆိုသည်မှာ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိတစ်မျိုးမျိုးကို ပြည်ပမှ တင်သွင်းရာတွင် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လိုအပ်ချက်နှင့်အညီ ကုန်သွယ်ဖက်နိုင်ငံက ဆောင်ရွက်ပေးရန် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဌ) **ကုန်စည်စု** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ဖြင့် နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ တစ်မျိုးထက်ပိုမိုပြီး သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်းများ သို့မဟုတ် အပင်နှင့် ဆက်စပ်သော အခြားအရာဝတ္ထုများကို ဆိုသည်။

(ဍ) **အဝင်အထွက်စစ်ဆေးရေးစခန်း** ဆိုသည်မှာ ခရီးသည်နှင့် တင်သွင်းတင်ပို့သည့် ကုန်စည်စုများအတွက် တရားဝင်သတ်မှတ်ထားသော လေဆိပ်၊ ပင်လယ်ဆိပ်ကမ်း၊ နယ်စပ်ဒေသဝင်ပေါက်၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပုဂ္ဂလိက ချောစာပို့လုပ်ငန်းများ သို့မဟုတ် အခြားနေရာတစ်ခုခုရှိ စစ်ဆေးရေးစခန်းကို ဆိုသည်။

(ဎ) **ကြားစခန်း** ဆိုသည်မှာ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်းသို့ သယ်ဆောင်လာသည့်ယာဉ်မှ ခရီးဆုံးဖြစ်သည့်နိုင်ငံသို့ ဆက်လက်သယ်ယူမည့်ယာဉ်သို့ မလွှဲပြောင်းမီ ခေတ္တထားရှိ အသုံးပြုသည့်စခန်းကို ဆိုသည်။

(ဏ) **ကြားစခန်းမှ လွှဲပြောင်းမည့်ကုန်စည်စု** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းရေးအစီအမံများကို လိုအပ်ပါကပြုလုပ်၍ နိုင်ငံအတွင်းမှ ဖြတ်ပြီး ကြားစခန်းမှတစ်ဆင့် သယ်ဆောင်သည့် ကုန်စည်စုကို ဆိုသည်။

(တ) **စစ်ဆေးခြင်း** ဆိုသည်မှာ ဖျက်ပိုး ရှိ မရှိ သို့မဟုတ် ဖျက်ပိုးကင်းရှင်းရေး လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီမှု ရှိ မရှိ ဆုံးဖြတ်နိုင်ရန် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို စစ်ဆေးခြင်းတို့ကို ဆိုသည်။

(ထ) **အရေးပေါ်လုပ်ဆောင်မှု** ဆိုသည်မှာ ဖျက်ပိုးအသစ် သို့မဟုတ် ဖျက်ပိုးတစ်မျိုးမျိုးကြောင့် ဖြစ်လေ့ဖြစ်ထမရှိသော ပျက်စီးမှုဖြစ်စဉ်တစ်ခုခု ပေါ်ပေါက်သည့်အခါ ဖျက်ပိုးကင်းရှင်းရေး အစီအမံ ချက်ချင်းဆောင်ရွက်ခြင်းကို ဆိုသည်။

(ဒ) **အန္တရာယ်ရှိနိုင်သည့်ဧရိယာ** ဆိုသည်မှာ ဂေဟအချက်အလက်များအရ ဖျက်ပိုးဝင်ရောက်ပြန့်ပွားသည့်အတွက် စီးပွားရေးအရ ကြီးမားသောဆုံးရှုံးမှုကို ဖြစ်စေနိုင်သည့် ဧရိယာကို ဆိုသည်။

(ဓ) **ဆေးစီရင်မှု** ဆိုသည်မှာ ဖျက်ပိုးသတ်ခြင်း၊ ဖျက်ပိုးကို လှုပ်ရှားမှုမရှိအောင် ပြုလုပ်ခြင်း၊ ဖျက်ပိုးဖယ်ရှားခြင်း၊ မြုံအောင်ပြုလုပ်ခြင်း သို့မဟုတ် ကြီးထွားမှုနှင့် မျိုးပွားမှုမရှိအောင် ပြုလုပ်ခြင်းတို့ အပါအဝင် ဖျက်ပိုးပြန့်ပွားမှုကို ထိန်းချုပ်ရန် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တရားဝင်ပြုလုပ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းပေးသော အမျိုးသားသီးနှံကာကွယ်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ပ) **အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဘ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသော စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးဦးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်၏ပိုင်နက်အတွင်းသို့ ဖျက်ပိုးများ မဝင်ရောက်စေရေးအတွက် ကာကွယ်နိုင်မည့် သင့်လျော်သော နည်းလမ်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ ပိုင်နက်အတွင်းသို့ ဖျက်ပိုးများ စတင်ဝင်ရောက်ပြီး ဆက်လက်ပြန့်ပွားခြင်းကို ဟန့်တားရာတွင် ပိုမိုထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရန်၊

(ဂ) အပင်နှင့် အပင်ထွက်ပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့တွင် ဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၌ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) အပင်နှင့် အပင်ထွက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းပြုရာတွင် အပြည်ပြည်ဆိုင်ရာက သတ်မှတ်ထားသော အပင်ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး တိုးမြှင့်ဆောင်ရွက်ရန်။

**အခန်း(၃)**
**ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်အောက် မနိမ့်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့် အမျိုးသားသီးနှံကာကွယ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောအဖွဲ့ဝင်များအနက်မှ သင့်လျော်သူ တစ်ဦးကို ဒုတိယဥက္ကဋ္ဌအဖြစ် လိုအပ်ပါက ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့်ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က စိစစ်တင်ပြလာသော–

(၁) အဝင်အထွက် စစ်ဆေးရေးစခန်းများကို သတ်မှတ်အတည်ပြုခြင်းနှင့် တိုးချဲ့ဖွင့်လှစ်ခြင်း၊

(၂) ဤဥပဒေအရ သတ်မှတ်သည့် ဖျက်ပိုးစာရင်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိ စာရင်းများကို အတည်ပြုကြေညာခြင်း၊

(၃) ဖျက်ပိုးကင်းရှင်းသည့်ဧရိယာ သို့မဟုတ် ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများကို အတည်ပြုခြင်း၊

(ခ) အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့တွင် ဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်–

(၁) အမျိုးသားသီးနှံ ကာကွယ်ရေးအဖွဲ့အား ကြီးကြပ်ခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(၂) သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ အဆိုပြုတင်ပြလာသော ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်နှင့် တင်သွင်းခွင့်လက်မှတ်များ ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ဝန်ဆောင်ခများသတ်မှတ်ခြင်း။

(ဃ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏အဆိုပြုတင်ပြလာသော စစ်ဆေးခြင်းအတွက် ဝန်ဆောင်ခနှုန်းထားနှင့် ဒဏ်ကြေးငွေကို အတည်ပြုပေးခြင်း။

(င) ဖျက်ပိုးကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများအား အတည်ပြုပေးခြင်း။

(စ) ကြားစခန်းရှိ ကုန်စည်စုများနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ဖျက်ပိုးကင်းရှင်းရေးအစီအမံများ ဆောင်ရွက်ခြင်းတို့ကို အတည်ပြုပေးခြင်း

**အခန်း(၄)**
**အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အဝင်အထွက်စစ်ဆေးရေးစခန်းများကို သတ်မှတ်ရန်နှင့် တိုးချဲ့ဖွင့်လှစ်ရန် ဗဟိုကော်မတီသို့အဆိုပြုခြင်း၊

(ခ) ဤဥပဒေအရ သတ်မှတ်သည့် ဖျက်ပိုးစာရင်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိစာရင်းများကို ဗဟိုကော်မတီသို့ အဆိုပြုခြင်း၊

(ဂ) ဖျက်ပိုးကင်းရှင်းသည့် ဧရိယာ သို့မဟုတ် ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများကို ဗဟိုကော်မတီသို့ အဆိုပြုခြင်း၊

(ဃ) ပြည်ပနိုင်ငံများ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့များ၊ အပင်ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်၏ ပိုင်နက်အတွင်းသို့ ဥပဒေအရ သတ်မှတ်သည့် ဖျက်ပိုးဝင်ရောက်မှုကို တားဆီးကာကွယ်ခြင်း၊

(စ) စိုက်ခင်းများ၊ ပျိုးခင်းများ၊ နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံများ၊ မှန်လုံအိမ်နှင့် ဓာတ်ခွဲခန်းများတွင် မျိုးပွားသောအပင်များ၊ သိုလှောင်ထားသော သို့မဟုတ် သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိတွင် ဖျက်ပိုးကျရောက်မှု၊ ပြန့်ပွားမှုနှင့် ကာကွယ်နှိမ်နင်းမှုတို့ကို ထုတ်ပြန်အသိပေးနိုင်ရန် ဖျက်ပိုးစစ်တမ်းကောက်ယူခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*



တံတားမျောပါပျက်စီးသွားသဖြင့် ယာယီသစ်လုံးတံတား ဆောက်လုပ်နေစဉ်။

# ကံမမြို့တွင် ဧရာဝတီမြစ်ရေတက်မှုကြောင့် နေအိမ်အချို့ပြောင်းရွှေ့

**ကံမ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ်(၂) ရပ်ကွက် ကမ်းနားရပ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်ပြီး ရေဝင်မှုကြောင့် ဇူလိုင် ၂၃ ရက်က အိမ်ထောင်စု ၄၀ ကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်နေရာသို့ မြို့နယ်သဘာဝဘေး ကြိုတင်ကာကွယ်တားဆီးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၄၀ အား ယာယီကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့် ကံမမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းနှင့် သုံးထပ်ဘုန်းတော်ကြီးကျောင်းများသို့ ယမန်နေ့က ပြောင်းရွှေ့ကူညီပေးခဲ့သည်။

ကံမမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းအထိ စုစုပေါင်းအိမ်ထောင်စု ၄၀ မှ လူဦးရေ ၁၅၃ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း မြို့နယ်မီးသတ်စခန်းမှ သိရသည်။

**ဝေသူနွယ်(မြန်မာ့အလင်း)**



မြစ်ရေဝင်ရောက်သည့် နေအိမ်များမှ ပစ္စည်းများအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကူညီပြောင်းရွှေ့ပေးစဉ်။

# ပန်နန်းဒင်မြို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် တောင်ပြိုကျမှုနှင့် တံတားတစ်စင်း မျောပါပျက်စီးမှုဖြစ်

**ပန်နန်းဒင် ဇူလိုင် ၂၄**

ကချင်ပြည်နယ် ပန်နန်းဒင်ဒေသတွင် ဇူလိုင် ၁၉ ရက်မှ စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် တောင်ပြိုကျမှုများနှင့် ပျဉ်ခင်းတံတားတစ်စင်း မျောပါပျက်စီးသွားကြောင်း သိရသည်။

ဇူလိုင် ၂၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာမှုကြောင့် နောင်မွန်မြို့နယ်နှင့် ပန်နန်းဒင်မြို့သို့ ဆက်သွယ်သွားလာသည့်လမ်းပေါ်ရှိ ဝိုင်ဖီတောင်နှင့် ပန်နန်းဒင်ကြား လမ်းများသည် တောင်ကျချောင်းရေ တိုက်စားမှုများဖြစ်ကာ ထာပရီချောင်းကူး ပျဉ်ခင်းတံတားတစ်စင်းမှာ မျောပါပျက်စီးခဲ့သည်။ တောင်ပြိုကျမှုများကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် ပျဉ်ခင်းတံတား မျောပါပျက်စီးသွားသည့်နေရာတွင် ခရီးသွားလာသူများ ဖြတ်သန်းသွားလာနိုင်ရန် သစ်လုံးများဖြင့် ယာယီ ဆောက်လုပ်ပေးထားကြောင်း သိရသည်။

**နောယော်ဘော်(မြန်/ဆက်)**

# လဟယ်မြို့တိုးချဲ့(၁)ရပ်ကွက် မြေပြိုသည့်နေရာတွင် မြေထိန်းလုပ်ငန်းဆောင်ရွက်

**လဟယ် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ တိုးချဲ့(၁)ရပ်ကွက်တွင် ရေဆိုးထွက်ပေါက်မှ ရေတိုက်စားမှုကြောင့် မြေပြိုမှုဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ် မိုးတွင်းကာလမှာ အိမ်ခြေသုံးလုံး အရေးပေါ်ပြောင်းရွှေ့ပေးခဲ့ကာ အလားတူ ယခုနှစ်တွင်လည်း အိမ်ခြေလေးလုံး ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမြေပြိုသည့် ပတ်ဝန်းကျင်အနီးတွင် အန္တရာယ်ရှိ အိမ်ခြေ သုံးလုံးရှိသေးကြောင်း တိုးချဲ့(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးပန်ထံမှ သိရသည်။

အဆိုပါ မြေပြိုသည့်နေရာတွင် လဟယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ မြေထပ်ပြိုနိုင်သည့် နေရာများတွင် မြေစာဝိတ် လျှော့ချခြင်း၊ မြေအက်ကွဲသည့်နေရာများတွင် ရေစီးကြောမှ မိုးရေမဝင်စေရန် ရေကြည်အိတ်များခင်းခြင်း၊ သဲအိတ်များဖြင့် မြေထိန်းပြုလုပ်ခြင်းနှင့် ရေစီးလမ်းကြောင်းတွင် တိုင်ကီပုံးများ၊ ရေပိုက်များထည့်ခြင်း လုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီမှစ၍ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ပြောင်းရွှေ့အိမ်ထောင်စုများအား နီးစပ်ရာဆွေမျိုးများအိမ်တွင် ယာယီနေရာချထားပေးပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့က ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ရှားဆက်(မြန်/ဆက်)**



# ကာမိုင်းမြို့၌ အင်းတော်ချောင်းရေမြင့်တက်လာမှုနှင့် အထက်ဘက်တွင် မိုးများရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုဖြစ်

**ကာမိုင်း ဇူလိုင် ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ အင်းတော်ချောင်းရေ မြင့်တက်လာမှုနှင့် အထက်ဘက်တွင် မိုးရွာသွန်းမှုကြောင့် တနိုင်းမြို့နယ်မှ မြစ်ဖျားခံစီးဆင်းလာသော နန့်ကောင်းချောင်းနှင့် မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင်မှ မြစ်ဖျားခံစီးဆင်းလာသော အင်းတော်ချောင်းတို့မှ ရေကြီးရေလျှံမှုများကြောင့် ယမန်နေ့နံနက်ပိုင်းမှစ၍ မြေနိမ့်ပိုင်းများတွင်ရှိသော နေအိမ်များသို့ ရေစတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်မှုကြောင့် ကာမိုင်းမြို့ပေါ်ရပ်ကွက်များဖြစ်သည့် မြို့မရပ်ကွက်၊ ဇီးကျွန်းရပ်ကွက်၊ မအူပင်စုရပ်ကွက်၊ မြစိမ်းရောင်ရပ်ကွက်တို့တွင် မြေနိမ့်ပိုင်းနေများရှိ လူနေအိမ်များထဲသို့ ရေဝင်ရောက်နေသဖြင့် ရေနစ်မြုပ်မှုများ မရှိစေရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် မြို့သဘာဝဘေး စီမံခန့်ခွဲမှုအဖွဲ့များ၊ နယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးမြတ်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ သုဂတိမဂ္ဂလူမှုကူညီရေးအဖွဲ့မှ အသင်းသားများပူးပေါင်း၍ ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများအား နှစ်ခြင်းဘုရားကျောင်းတွင် အိမ်ထောင်စု ၂၀ မှ လူဦးရေ ၁၀၃ ဦး၊ အမကမြို့မ (၁)ကျောင်းတွင် အိမ်ထောင်စု ၁၇ စုမှ လူဦးရေ ၈၃ ဦးနှင့် နီးစပ်ရာဆွေမျိုးများနေအိမ်တို့တွင် အိမ်ထောင်စု ၄၀ မှ လူဦးရေ ၁၇၆ ဦး စုစုပေါင်း အိမ်ထောင်စု ၇၇ စုမှ လူဦးရေ ၃၆၂ ဦးတို့ကို ယာယီပြောင်းရွှေ့နေရာများ ချထားပေးခဲ့ကြောင်း သိရသည်။

**ကာမိုင်း(မြန်/ဆက်)**

# တနိုင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား အိမ်များအရောက် ပစ္စည်းများ သွားရောက်ထောက်ပံ့

**တနိုင်း ဇူလိုင် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် ဇူလိုင်လမှစ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လူနေအိမ်များအတွင်း ရေဝင်ရောက်သဖြင့် ယာယီပြောင်းရွှေ့ ဆောင်ရွက်ထားရှိသော ရေဘေးသင့် အိမ်ထောင်စုများအား ယနေ့မွန်းလွဲပိုင်းက မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပရဟိတလူငယ်များ ပူးပေါင်း၍ ပစ္စည်းများနှင့် ထမင်းထုပ်များ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တနိုင်းမြို့နယ် ပရဟိတလူငယ်များအဖွဲ့တို့ ပူးပေါင်း၍ ဆွတ်ငိုင်ရပ်ကွက် အေးသုခအပိုင်း ချမ်းမြေ့ရွှေပြည်ဘုန်းတော်ကြီးကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်းတွင် နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၃ စုမှ လူဦးရေ စုစုပေါင်း ၁၃၁ ဦးတို့အား ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ပိဿာ ၂၀၊ နှာခေါင်းစည်း အခု ၅၀ ထောက်ပံ့ပေးခဲ့ကြသည်။

မိုင်းခွန်ကျေးရွာအုပ်စု ဂျိုဆာဒီးကျေးရွာအပိုင်းရှိ ရေဝင်ရောက်နေသည့် အိမ်ထောင်စုများအား ထမင်းထုပ် ၃၀၀ နှင့် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးက ကော်ဖီမစ်ထုပ် ၁၀ ထုပ်၊ နို့မုန့်ထုပ် သုံးထုပ်၊ ခေါက်ဆွဲခြောက် ၁၀ ဖာနှင့် ပေါင်မုန့်နှစ်ဖာ ထောက်ပံ့ပေးခဲ့သည်။

တနိုင်းမြို့နယ်တွင် လမ်းရေကျော်မှု ဖြစ်ပေါ်နေသည့် ဒူးကောင်းရပ်ကွက် အောင်စိုးမိုးကျေးရွာအပိုင်း လီဒိုလမ်းမကြီးပေါ်တွင် ရေနှစ်ပေခန့် ကျဆင်းသွားပြီး တစ်ပေခန့်သာ ကျန်ရှိတော့သဖြင့် ယာဉ်များသွားလာနိုင်ပြီဖြစ်ကြောင်း၊ ဆွတ်ငိုင်ရပ်ကွက် အေးသုခအပိုင်း မြို့ပတ်လမ်းနှင့် တနိုင်း-မိုင်းခွန်လမ်း ကွန်ကရစ်လမ်းပေါ်တွင်လည်း လမ်းရေကျော်မှုမရှိတော့ဘဲ ရေကျဆင်းသွားပြီဖြစ်ကြောင်း၊ မိုင်းခွန်ကျေးရွာအုပ်စု ဂျိုဆာဒီးကျေးရွာအပိုင်းတနိုင်း-မိုင်းခွန်လမ်းပေါ်တွင် ရေတစ်ပေကျော်ခန့် ကျန်ရှိနေပြီး ယာဉ်များ သွားလာ၍ မရသေးကြောင်း၊ ပုန်ခုန်းရပ်ကွက် (ကွက်သစ်)၊ ဆင်မ်ဆာ့ရပ်ကွက်(အောက်ချိုင့်)နှင့် ဆွတ်ငိုင်ရပ်ကွက် အေးသုခအပိုင်းတွင် ရေနှစ်ပေခန့်နှင့် မိုင်းခွန်ကျေးရွာအုပ်စု ဂျိုဆာဒီးကျေးရွာအပိုင်းတွင် ရေကိုးလက်မခန့် ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

တနိုင်းချောင်းရေ အခြေအနေမှာ ယနေ့ညနေပိုင်းတွင် ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**ဝါဝါ(မြန်/ဆက်)**

# ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်ရေတက်မှုကြောင့် တံတားဦး၌ လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ပြောင်းရွှေ့

**တံတားဦး ဇူလိုင် ၂၄**

ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေသည် ဇူလိုင် ၁၉ ရက်မှစတင်၍ တံတားဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းပါးနှင့်နီးသော ကျေးရွာများသို့ ရေစတင်ဝင်လျက်ရှိသည်။

အဆိုပါမြစ်ရေဝင်မှုကြောင့် တံတားဦးမြို့နယ်တွင် ရပ်ကွက်တစ်ခု၊ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၂၂ ရွာရှိ အိမ်ထောင်စုပေါင်း ၄၁၇ စုမှ လူဦးရေပေါင်း ၃၂၀၆ ဦးနှင့် တိရစ္ဆာန် ၂၇၂၃ ကောင်တို့အား ရေလွတ်ရာ ကုန်းမြင့်နေရာများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များသို့ ပြောင်းရွှေ့ကြသည်။

တံတားဦးမြို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်သည် ပေ ၁၂၆၀ ဖြစ်ရာ စိုးရိမ်ရေအမှတ်ရောက်ရှိရန် ၅၉ ပေ လိုသေးကြောင်း၊ ဒုဋ္ဌဝတီမြစ်ရေ၏ စိုးရိမ်ရေအမှတ်သည် ပေ ၈၇၀ ဖြစ်ရာ စိုးရိမ်ရေအမှတ်ရောက်ရှိရန် ပေ ၅၀ လိုသေးကြောင်း၊ မြစ်ရေဝင်ရောက်သည့် ကျေးရွာအုပ်စုများမှာ အမှတ်(၂) ရပ်ကွက်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ မြေငူကျေးရွာအုပ်စု၊ ငါးရာပြားကျေးရွာအုပ်စု၊ ဇီးပင်ကွေ့ကျေးရွာအုပ်စု ၊ လက်ဆောင်ယူကျေးရွာအုပ်စု၊ လက်ပန်ဇင်ကျေးရွာအုပ်စု၊ မီးသွေးတိုက်ကျေးရွာအုပ်စု၊ စကားအင်းကျေးရွာအုပ်စု၊ တပယ်ကျေးရွာအုပ်စု၊ ဥတည်ကျေးရွာအုပ်စု၊ ဈေးချိုကျေးရွာအုပ်စု၊ ဘလဲ့ဘကျေးရွာအုပ်စု၊ ထောက်ရစ်ကျေးရွာအုပ်စုနှင့် ကူတိုးဆိပ်ကျေးရွာအုပ်စုတို့ ဖြစ်ကြောင်း သိရသည်။

**ရဲတင်(မြန်/ဆက်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



လော်မာ အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၄

**တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက် ည ၈ နာရီခန့်က တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် ခရေလမ်းရှိ တည်းခိုခန်းတွင် တည်းခိုနေထိုင်သည့် စိုင်းအွန်ကျော်၏ အခန်းကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။**

အလားတူ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီးကျေးရွာနေ လော်မာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ငွေကျပ်သိန်း ၁၄၅၃ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၆၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို၊ ဘိန်းစိမ်း သုည ဒသမ ၀၄ ကီလို၊ အိုက်စ် သုည ဒသမ ၀၀၉ ကီလိုနှင့် ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ လက်ပစ်ဗုံး နှစ်လုံး၊ ပြောင်းချောသေနတ် နှစ်လက်၊ တူမီး နှစ်လက်၊ လေသေနတ် တစ်လက်၊ ပစ္စတိုကျည်အိမ် နှစ်ခု၊ ၁၂ ဗို့ကျည် ၁၁၀ တောင့်၊ ပွိုင့် ၃၈ ကျည် ခုနစ်တောင့်၊ ၆ ဒသမ ၃၅ ကျည် ၄၁ တောင့်နှင့် Winchester 40 SAW စာတန်းပါကျည် ၄၇ တောင့် တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ဟုတ်ကျေးရွာနေ စိုင်းလုံ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၀ ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် သီပေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် ပန်စောက်ကျေးရွာ မန္တလေး-လားရှိုးသွားကားလမ်း သီပေါတံတားအနီးတွင် အောင်ခင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက်ပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် အမှတ် (၅) ရပ်ကွက် ရေကန်လမ်းသွယ်နေ မခင်ဝေဝေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လားရှိုးမြို့နယ် ပိန်းဂန်း (တရုတ်) ကျေးရွာနေ မကျိန်ချွင်းရီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၀၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ မြန်မာငွေကျပ် ၂၅၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံး တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဆွာမြို့ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် မူးယစ်ရမ်းကားသူအား ထောင်ဒဏ်ချမှတ်

**ရေတာရှည် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့မြောက်ပိုင်း စည်ပင်သာယာဦးစီးဌာနရုံး ကိုဗစ် -၁၉ ကျန်းမာရေး စောင့်ကြည့်ရေးစင်တာတွင် မူးယစ်ရမ်းကားသူအား ယမန်နေ့က ထောင်ဒဏ်တစ်လ ချမှတ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ၂၁ ရက်ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်နေသည့် မှန်စီကျေးရွာနေသူ အောင်မျိုးသူ (၂၉ နှစ်) သည် အရက်သောက် မူးယစ်ပြီး ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲတွင် တာဝန်ရှိသူများကိုလည်းကောင်း၊ ဇူလိုင် ၂၂ ရက် ည ၁၁ နာရီခွဲတွင် ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ အိပ်ပျော်နေသူများကို ခြေထောက်ဖြင့် ကန်ကျောက်ရန်စသဖြင့်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန္ဒာညီဆွေက ကူးစက်ရောဂါနှိမ်နင်းရေး ဥပဒေပုဒ်မ ၁၈ ဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းတွင် အလုပ်မဲ့ထောင်ဒဏ် တစ်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ **ကိုလွင် (ဆွာ)**

## မော်လမြိုင်မြို့၌ မြေတူးစဉ် သစ်ပင်နှင့် မြေသားများပြိုကျ၍ အလုပ်သမားတစ်ဦး သေဆုံး

**မော်လမြိုင် ဇူလိုင် ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ သာသနာ (၂၅၀၀) ဘုန်းကြီးကျောင်းအနောက်ဘက် တောင်စောင်းမြေထိန်းနံရံပြုလုပ်ရန်အတွက် မြေတူးဖော်ရာတွင် အတွင်းအောက်ခြေမြေသားများ နှိုက်တူးရာမှ အပေါ်ဘက်ရှိ သစ်ပင်အမြစ်နှင့် မြေသားများပြိုကျ၍ အလုပ်သမားတစ်ဦး ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ပိမိသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားသည့်နေရာသို့ မွန်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦး၊ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များ၊ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ပြိုကျမြေကြီးများကို ဝိုင်းဝန်းတူးဖော်ခဲ့ရာ နံနက် ၁၁ နာရီတွင် အလုပ် သမား ဦးခိုင်မျိုးထွန်း အသက် (၂၁) နှစ်၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ပြီး မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၃ စီး၊ သွင်းကုန် ၂၉၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၅၆ သန်းတန်ဖိုးရှိ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Heineken Beer (330) ml (1–24), C/o TH (55)Pkgs ကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိန်းကလေး နှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်

**နေပြည်တော် ဇူလိုင် ၂၄**

မိန်းကလေး နှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နေ ကျော်မောင်၊ ဒေါ်ခင်သန်း၊ ဒေါ်သန်းသန်းမော်၊ ဒေါ်စန်းဝေ၊ ဒေါ်စန္ဒာဦး (ခ) စန္ဒာ၊ ဒေါ်တင်တင်စိုး ၊ ဒေါ်သီတာ ၊ ဒေါ်ခင်ဆွေဦး တို့သည် မင်္ဂလာဒုံမြို့နယ်နေ မ --- ၁၈ နှစ်နှင့် မ --- ၁၈ နှစ်တို့အား တရုတ်နိုင်ငံတွင် အလုပ်လုပ်ပါက တစ်လလျှင် ငွေကျပ်သုံးသိန်းခန့်ရမည်၊ နှစ်လ တစ်ကြိမ် အိမ်ပြန်ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအတွက် မှော်ဘီမြို့မရဲစခန်း (ပ)၉၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ဇူလိုင် ၂၂ ရက်တွင် တရားခံ ကျော်မောင်၊ ဒေါ်စန်းဝေနှင့် ဒေါ်စန္ဒာဦးတို့အား လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၈ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံများကို တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြို့နယ်အချို့တွင် တရားမဝင်သစ် ၄၇ တန် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းကင်းမြို့နယ် စမြင်ကြီးကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင် ကျွန်းသစ် ၁၁ တန်၊ ထို့အတူ ပိတ်ချင်းတောကြိုးပြင်ကာကွယ်တောအတွင်း တာယာဘီးတပ် လှည်း လေးစီးနှင့်အတူ တရားမဝင် ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ယာသစ်၊ ခွဲသား ၁၅ တန်၊ တန့်ဆည်မြို့နယ် ရွာမုံတောင် ကြိုးပြင်ကာကွယ်တောအတွင်း၊ ဇီးပြားချောင်းဘေး အင်တိုင်းတောအတွင်းမှ တရားမဝင်အင်ခွဲသား ငါးတန်၊ ဆောမြို့နယ်၊ ကြီးကျေးရွာအနောက်မြောက်ဘက် ၂ မိုင် ၃ ဖာလုံခန့်အကွာ ဒန့်ဒီးကြိုးဝိုင်း အကွက်အမှတ် (၂၆) အတွင်း တရားမဝင် ကျွန်းခွဲသား လေးတန်ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် အင်းတော်မြို့နယ် ကွင်းချောင်းကျေးရွာ အနောက်မြောက်ဘက် (၁)မိုင်ခန့်အကွာမှ တရားမဝင် ကျွန်းသစ် ၁၃ တန်ကို စက်လှေ တစ်စင်းပေါ်မှ ပြစ်မှုကျူးလွန်သူ နှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

● ***ကျောဖုံးမှ***

လက်စတာအသင်းအနေဖြင့် မန်ယူအသင်းကို သရေကစားနိုင်ခဲ့လျှင် ချယ်လ်ဆီးအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက် အသာဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖွယ်ရှိနေသည်။

မန်ယူအသင်းသည် အမှတ်ပေးဇယားအဆင့် (၃) နေရာတွင် ရပ်တည်နေသော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် ဆောက်သမ်တန်၊ ဝက်စ်ဟမ်းအသင်းတို့ကို သရေကျထားကာ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ထားပြီး ပဲလေ့စ်အသင်းကို အနိုင်ရရှိထားသည်။ မန်ယူအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် လက်စတာအသင်းနှင့် ဆုံတွေ့နေရာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် နှစ်သင်းစလုံး အမှတ်လိုအပ်ချက်ရှိနေသည့်အတွက် ရလဒ်က မည်သို့ထွက်လာမလဲ စိတ်ဝင်စားဖွယ်ရာပင်။ မန်ယူအသင်းသည် လက်စတာအသင်းကို အနည်းဆုံး သရေကျရုံဖြင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သော်လည်း မမျှော်လင့်ဘဲ လက်စတာအသင်းကို ရှုံးနိမ့်ခဲ့လျှင် ချယ်လ်ဆီးအသင်း အခြေအနေစောင့်ကြည့်ရမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ နောက်ဆုံးလေးပွဲတွင် ရှက်ဖီးနှင့် လီဗာပူးအသင်းတို့ကို ရှုံးနိမ့်ထားပြီး နော့ဝှစ်နှင့် မန်ယူအသင်းတို့ကို အနိုင်ရရှိထားသည်။ ချယ်လ်ဆီးအသင်းနှင့် ဝုဖ်အသင်းတို့ ဆုံတွေ့နေခြင်းကလည်း စိတ်ဝင်စားဖွယ် ကောင်းနေသည်။ ဝုဖ်အသင်းသည် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိလျှင် ယူရိုပါလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိတွင် ဝုဖ်အသင်းသည် အဆင့် (၆) နေရာတွင် ရမှတ် ၅၉ မှတ်ဖြင့် ရပ်တည်နေသည့်ဆိုသော်ငြား စပါးအသင်းက ရမှတ် ၅၈ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်နေသည့်အတွက် အမှတ်ကွာဟမှုက တစ်မှတ်သာ ရှိနေသည်။ ထို့ကြောင့် ဝုဖ်အသင်း အနေဖြင့် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိရန် လိုအပ်နေခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းကလည်း ဝုဖ်အသင်းကို အနိုင်ရရှိလျှင် သေချာပေါက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ သို့တည်းမဟုတ် ချယ်လ်ဆီးသည် ဝုဖ်ကို ရှုံးနိမ့်ပြီး လက်စတာနှင့် မန်ယူတို့ သရေကျခဲ့လျှင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ဖွယ်ရှိနေသည်။ မည်သို့ပင်ဖြစ်စေ လာမည့် တနင်္ဂနွေနေ့ ည ၉ နာရီခွဲတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ် ရာသီပိတ်ပွဲစဉ်များသည် ပရိသတ်အကြိုက်တွေ့မည်မှာ မလွဲပေ။

ထို့အပြင် ချန်ပီယံရှစ်သို့ တန်းဆင်းရသည့် အသင်းတစ်သင်းသာ ပေါ်ထွက်လာသေးသည့်အတွက် လက်ကျန်နှစ်နေရာအတွက် အက်စ်တွန်ဗီလာ၊ ဝက်ဖို့ဒ်နှင့် ဘုန်းမောက်အသင်းတို့ ပြိုင်ဘက်အသင်းများကို ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းက ဝက်စ်ဟမ်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အတွက် ပွဲချောင်သည်ဟုဆိုနိုင်သည်။ ဝက်ဖို့ဒ်အသင်းက အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည့်အတွက် ပွဲကျပ်သည်ဟု ဆိုရပေမည်။ ဘုန်းမောက်အသင်းက အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် မည်သည့်အသင်းက အသာရပြီး ပရီမီယာလိဂ်တွင် တင်ကျန်ခဲ့မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။ သေချာသည်မှာ ထိုသုံးသင်းထဲမှ တစ်သင်းသာလျှင် ပရီမီယာလိဂ်တွင် ကျန်ရှိနေမည်ဖြစ်ပြီး ကျန်နှစ်သင်းမှာ သေချာပေါက် ချန်ပီယံရှစ်သို့ တန်းဆင်းရမည်ဖြစ်ရာ ယခုရာသီ ပရီမီယာလိဂ်ပွဲစဉ်များသည် နောက်ဆုံးပွဲအထိ အကြိတ်အနယ် ယှဉ်ပြိုင်တော့မည်ဖြစ်သည်။

**အောင်ဇော်**

# ကိုဗစ်- ၁၉ ကပ်ရောဂါကျရောက်နေချိန်အတွင်း ကျန်းမာရေးကဏ္ဍ၌ အကျင့်ပျက်မှုများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ပြောကြား

ကိပ်တောင်း ဇူလိုင် ၂၄

**ကိုဗစ်-၁၉ ကူးစက်ရောဂါကျရောက်နေသည့်ကာလအတွင်း ကျန်းမာရေးကဏ္ဍတွင် အကျင့်ပျက်ခြစားမှုများကို နှိမ်နင်းရန်နှင့် ရောဂါကူးစက်မှုကို တိုက်ဖျက်ရန် ရရှိထားသည့် အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲသွားမည်ဟု တောင်အာဖရိက သမ္မတ ရာမာဖိုဆာက အလေးအနက်ကတိပြုပြောကြားလိုက်ကြောင်း သိရသည်။**

နိုင်ငံအတွင်း ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့သည့် မတ်လအစောပိုင်းမှစတင်ကာ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်သာချောင်ချိရေး ရန်ပုံငွေများကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး လိုအပ်သည့် အကူအညီအထောက်အပံ့များကို လိုအပ်သည့်နေရာများသို့ ပို့ဆောင်ခဲ့ကြောင်း သမ္မတ ရာမာဖိုဆာက နိုင်ငံတော်သို့မိန့်ခွန်းပြောကြားခဲ့မှုကို ရုပ်သံမှထုတ်လွှင့်တင်ဆက်ခဲ့သည်။

သို့သော်လည်း မိမိအနေနှင့်သာမက တောင်အာဖရိကနိုင်ငံသားများအားလုံးက စိုးရိမ်နေကြရသည့်အချက်မှာ ရန်ပုံငွေခိုးယူမှုများဖြစ်ပြီး အဆိုပါရန်ပုံငွေများကို တလွဲအသုံးပြုမှုများဖြစ်ကြောင်း၊ ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို ဈေးတင်ရောင်းချမှုများ၊ အစားအသောက် လိုအပ်သည့် အိမ်ထောင်စုများဆီသို့ ပို့ဆောင်လိုက်သည့် အစားအသောက်ထုပ်များ အခြားနေရာသို့ ရောက်သွားမည်ကို စိုးရိမ်မိကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားပြုလုပ်မှုများနှင့် အကျင့်ပျက်မှုများရှိနေသည်ကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံအတွင်း အထူးသဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေချိန်တွင် ကျန်းမာရေးကဏ္ဍ၌ ဝန်ဆောင်မှု ပေးမှုများတွင် အကျင့်ပျက်မှုများရှိနေကြောင်း တောင်အာဖရိကအကျင့်ပျက်ခြစားမှု စောင့်ကြည့်အဖွဲ့က အစီရင်ခံခဲ့ပြီးနောက် ရက်ပိုင်းအတွင်း သမ္မတ ရာမာဖိုဆာက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



တောင်အာဖရိကသမ္မတ ရာမာဖိုဆာ။

## လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၆၄၈ ဦးအထိ ရှိလာပြီး သေဆုံးသူ ရှစ်ဦးရှိ

**ဗီယန်ကျင်း ဇူလိုင် ၂၄**

လာအိုနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ အရေအတွက်သည် ရောဂါစတင်ကူးစက်ဖြစ်ပွားခဲ့သည့် ဇန်နဝါရီလမှစတင်ကာ ယခုအချိန်အထိ စုစုပေါင်း ၃၆၈၄ ဦးအထိ ရှိလာပြီး သေဆုံးသူ ရှစ်ဦးအထိရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

မြို့တော်ဗီယန်ကျင်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ပြီး စုစုပေါင်း သွေးလွန်တုပ်ကွေးလူနာ ၇၇၉ ဦး ဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနလက်အောက် သတင်းအချက်အလက်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးစင်တာမှ ဇူလိုင် ၂၄ တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဘိုလီခမ်စေပြည်နယ်၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၄၄၄ ဦး ရှိပြီး ဗီယန်ကျင်းပြည်နယ်၌ ၄၁၈ ဦး ရှိကာ အတာပူပြည်နယ်၌ ရောဂါဖြစ်ပွားသူ ၃၆၂ ဦးအထိ ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ရှစ်ဦးမှာ မြို့တော်ဗီယန်ကျင်းမှ ဖြစ်သည်။ ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် ခြင်အန္တရာယ်သတိပြုကာ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထူးဂရုပြုကြရန် ကျန်းမာရေးအာဏာပိုင်များက သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံရှိ အဝေးပြေးလမ်းများပေါ် ယာဉ်များမောင်းနှင်သည့်အမြန်နှုန်း တိုးမြှင့်သတ်မှတ်

**တိုကျို ဇူလိုင် ၂၄**

ဂျပန်နိုင်ငံရှိ အမြန်လမ်းမကြီးအချို့တွင် ယာဉ်များမောင်းနှင်သည့် အမြန်နှုန်းကန့်သတ်ချက်ကို လက်ရှိ တစ်နာရီ ၁၀၀ ကီလိုမီတာမှ တစ်နာရီ ၁၂၀ ကီလိုမီတာသို့ တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ရဲတပ်ဖွဲ့အေဂျင်စီသည် အမြန်လမ်းမကြီးအချို့တွင် စမ်းသပ်သည့်အနေဖြင့် အမြန်နှုန်းကန့်သတ်ချက်ကို တိုးမြှင့်ကာ ယာဉ်မတော်တဆ ဖြစ်ပွားမှုအရေအတွက်ကို စစ်တမ်းကောက်ယူခဲ့သည်။

ယင်းသို့ စစ်တမ်းကောက်ယူခဲ့ရာတွင် အကွေ့အကောက်နည်းပါးပြီး လမ်းကြောသုံးခုနှင့်အထက်ရှိသည့် လမ်းပိုင်းများတွင် တိုးမြှင့်ထားသည့် အမြန်နှုန်းအတိုင်းမောင်းနှင်ခြင်းက ဘေးကင်းပြီး ယာဉ်အန္တရာယ်ဆိုင်ရာ ပြဿနာများဖြစ်ပွားမှု မရှိကြောင်း ကောက်ချက်ချခဲ့သည်။

အမြန်နှုန်းကန့်သတ်ချက်အသစ်ကို ဂျပန်နိုင်ငံရှိ အမြန်လမ်းပိုင်း အချို့တွင် သတ်မှတ်အသုံးပြုသွားမည်ဖြစ်သော်လည်း ကုန်တင်ယာဉ်များနှင့် အခြားမော်တော်ယာဉ်ကြီးများတွင် အဆိုပါကန့်သတ်ချက် သက်ရောက်ခြင်း မရှိကြောင်းနှင့် တစ်နာရီလျှင် အမြန်နှုန်း ၈၀ ကီလိုမီတာဖြင့်သာ မောင်းနှင်ရမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၄၁ ဦးတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၂၄**

တောင်ကိုရီးယားနိုင်ငံ၌ ဇူလိုင် ၂၄ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၁ ဦး ထပ်တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်းမှာ ယခုအခါ ၁၃၉၇၉ ဦးအထိ ရှိသွားပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအတွင်း ပြည်ပမှ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရမှုများနှင့် ပြည်တွင်း၌ အစုလိုက် ကူးစက်ခံရမှုများ ဆက်တိုက်ဖြစ်ပွားနေမှုကြောင့် နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက် ဆက်လက်တိုးလာလျက်ရှိသည်။ အသစ်ထပ်မံကူးစက်ခံရသူများအနက် ၁၃ ဦးမှာ ပင်လယ်ရပ်ခြားမှ ကူးစက်ခံလာရခြင်းဖြစ်ပြီး ယင်းသို့ ကူးစက်ခံလာရသူ အရေအတွက် စုစုပေါင်းမှာ ၂၁၅၈ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်မှုကြောင့် တစ်ဦး ထပ်မံသေဆုံးပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၂၉၈ ဦး ရှိပြီဖြစ်သည်။ သေဆုံးသူ အရေအတွက်သည် နိုင်ငံအတွင်း ရောဂါကူးစက် ဖြစ်ပွားမှုအရေအတွက်၏ ၂ ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်မှုမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံမှဆင်းလာသူ နောက်ထပ် ၅၉ ဦးရှိရာ ပြန်ကောင်းလာသူ စုစုပေါင်း ၁၂၈၁၇ ဦး ရှိပြီဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။



တောင်ကိုရီးယားနိုင်ငံ၌ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာနေစဉ်။

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် ဇန်နဝါရီ ၃ ရက်မှစတင်ကာ ပြည်သူ ၁ ဒသမ ၅၁ သန်းကျော်ကို ဗိုင်းရပ်စ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## သမ္မတထရမ့်နှင့် သမ္မတပူတင်တို့ ကိုဗစ်- ၁၉ အရေးနှင့် လက်နက်ထိန်းချုပ်ရေး ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ကိုဗစ်-၁၉ နှင့် လက်နက်ထိန်းချုပ်ရေးကိစ္စရပ်များကို ဇူလိုင် ၂၃ ရက်တွင် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ခေါင်းဆောင် နှစ်ဦးတို့သည် ကမ္ဘာတစ်ဝန်း၌ စီးပွားရေးပြန်လည်ဖွင့်လှစ်မှုများ လုပ်ဆောင်နေချိန် ကိုဗစ်- ၁၉ ကပ်ရောဂါကို တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံ၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ကုန်ကျစရိတ်ကြီးမားသည့် လက်နက်ပြိုင်ဆိုင်မှုတစ်ရပ် မဖြစ်စေလိုကြောင်းနှင့် ဗီယင်နာ၌ ပြုလုပ်မည့် လက်နက်ထိန်းချုပ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုကိစ္စရပ်များတွင် တိုးတက်ဖြစ်ထွန်းမှုရှိရေး မျှော်လင့်လျက်ရှိကြောင်း ပြောကြားခဲ့သည်။


အမေရိကန် ပြည်ထောင်စုနှင့် ရုရှားတို့သည် လက်နက်ထိန်းချုပ်ရေးနှင့် မဟာဗျူဟာမြောက် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ပြီးခဲ့သည့်လက ဗီယင်နာ၌ ပြုလုပ်ခဲ့သည်။

သို့ရာတွင် မဟာဗျူဟာမြောက် လက်နက်လျှော့ချရေး သဘောတူစာချုပ်သစ် အချိန်ထပ်တိုးရေးနှင့် ပတ်သက်၍ သိသာထင်ရှားသည့် တိုးတက်ဖြစ်ထွန်းမှု မရှိခဲ့ပေ။

ဝါရှင်တန်နှင့် မော်စကိုတို့သည် မဟာဗျူဟာမြောက် လက်နက်လျှော့ချရေး သဘောတူစာချုပ်သစ်ကို ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။



ရုရှားသမ္မတ ဗလာဒီမာပူတင်။

ယင်းသဘောတူ စာချုပ်အရ နျူကလီးယား ဒုံးကျည်ထိပ်ဖူးများနှင့် မဟာဗျူဟာမြောက် စစ်လက်နက် အရေအတွက်ကို လျှော့ချရန်ဖြစ်ပြီး နျူကလီးယားအင်အားကြီး နိုင်ငံနှစ်ခုအကြား ချုပ်ဆိုထားသည့် အဆိုပါသဘောတူစာချုပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

**တိုကျို ဇူလိုင် ၂၄**

ဂျပန်နိုင်ငံ ကျူရှူးကျွန်းနှင့် ရှီကိုကုကျွန်း တို့တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ မိုးလေဝသအရာရှိများက ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်း နေရာအတော်များများတွင် မိုးသည်းထန်စွာရွာသွန်းမှုများသည် ဇူလိုင် ၂၅ ရက်အထိ ဖြစ်ပွားနိုင်သည်ဟု သတိပေးထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇူလိုင် ၂၄ ရက်က ဖော်ပြလိုက်သည်။

မိုးလေဝသဌာနက ရာသီအလိုက် ဖြစ်ပွားသော လေစိုင်ဆုံများနှင့် လေဖိအားနည်း ရပ်ဝန်းများကြောင့် ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် လေထုအနေအထား မငြိမ်မသက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ပြောသည်။

ဂျပန်နိုင်ငံ တိုကူရှီမာခရိုင်တွင် မြေပြိုမှုအန္တရာယ်များ တိုးမြင့်လာနိုင်ကြောင်း သိရသည်။

ဇူလိုင် ၂၅ ရက် စနေနေ့နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း ကျူရှူးတွင် မိုးရေချိန်သည် ၃၀၀ မီလီမီတာအထိ ရရှိနိုင်ကြောင်း၊ ထို့အတူ ရှီကိုကုတွင် မိုးရေချိန် ၂၅၀ မီလီမီတာ၊ ချီဂိုကုတွင် ၂၀၀ မီလီမီတာနှင့် ကင်ကီ၊ ဟိုကူရီကူနှင့် တိုကိုင်းတို့တွင် ၁၀၀ မီလီမီတာစီ အသီးသီးရရှိနိုင်သည်ဟု ခန့်မှန်းထားသည်။


အဆိုပါ ဒေသများတွင် နေထိုင်သူများကို မြေပြိုမှုအန္တရာယ်၊ မြစ်ရေလျှံခြင်းနှင့် မြေနိမ့်ဒေသရေကြီးခြင်းများကို သတိထားနေထိုင်ရန် မိုးလေဝသအရာရှိများက သတိပေးပြောကြားထားသည်။

ထို့အတူ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လေဆင်နှာမောင်းအပါအဝင် ရုတ်တရက် လေပြင်းတိုက်ခတ်နိုင်ခြေရှိခြင်းတို့ကိုလည်း သတိပေးထားသည်။

ကျူရှူးနှင့် အခြားနေရာများတွင် မိုးသည်းထန်စွာရွာသွန်းမှုကို ခံစားနေရပြီး အဆိုပါနေရာများတွင် မိုးအနည်းငယ်ရွာရုံမျှဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

မိုးလေဝသအရာရှိများက ဒေသဆိုင်ရာအစိုးရများက ထုတ်ပြန်သော ရွှေ့ပြောင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို အမြဲသတိထားရန်လည်း ဒေသခံများအား တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံ ကျူရှူးကျွန်းရှိ ဖူကူအိုကာမြို့တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၀၀၀၀ ကျော် ရှိလာ


ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးရန် တို့ဖတ်နမူနာယူနေစဉ်။

နယူးဒေလီ ဇူလိုင် ၂၄

**အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ဇူလိုင် ၂၄ ရက်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထပ်မံသေဆုံးသူ ၇၄၀ ရှိခဲ့ကြောင်း၊ ထို့အပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံအတည်ပြုကူးစက်ခံရသူ ၄၉၃၁၀ ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။**

လတ်တလောတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၁၂၈၇၉၄၅ ဦး ရှိပြီး သေဆုံးသူစုစုပေါင်း ၃၀၆၀၁ အထိ ရှိလာခဲ့သည်။

အဆိုပါ ကူးစက်မှုနှုန်းသည် အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် စတင်တွေ့ရှိသည့်အချိန်မှ ယခုအချိန်အထိ တစ်နေ့တာအတွင်း အများဆုံး ကူးစက်မှုနှုန်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကိုရိုနာဗိုင်းရပ်စ်မှ ပြန်လည်သက်သာကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွားသူပေါင်း ယခုအချိန်အထိ ၈၁၇၂၀၉ ဦး ရှိကြောင်း သိရသည်။

အိန္ဒိယဆေးဘက်ဆိုင်ရာ သုတေသနကောင်စီ၏ စာရင်းဇယားဖော်ပြချက်များအရ ဇူလိုင် ၂၃ ရက် အထိ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှုပေါင်း ၁၅၄၂၈၁၇၀ အထိ လုပ်ဆောင်ခဲ့ကြောင်းနှင့် ယင်းပမာဏထဲတွင် ဇူလိုင် ၂၃ ရက် တစ်ရက်တည်း ပြုလုပ်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုပေါင်း ၃၅၂၈၀၁ ခု ပါဝင်ကြောင်း သိရသည်။

လတ်တလောတွင် အိန္ဒိယနိုင်ငံသည် ဗိုင်းရပ်စ် ဖြေလျှော့မှုအဆင့် ၂ ဒသမ ၀ အဆင့်သို့ ရောက်ရှိလာပြီဖြစ်သော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားရာနေရာများတွင် အသွားအလာကန့်သတ်ပိတ်ဆို့ မှုများကို တင်းကျပ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

## စီးပွားရေးသမားများနှင့် ကျောင်းသားများအပေါ် ပြည်ဝင်ခွင့်ကန့်သတ်မှု ဂျပန်ဖြေလျှော့မည်

**တိုကျို ဇူလိုင် ၂၄**

ဂျပန်အစိုးရသည် နိုင်ငံနှင့်နယ်မြေ ၁၂ ခု ကြားရှိ စီးပွားရေးသမားများကို အပြန်အလှန် ပြည်ဝင်ခွင့်ပြုရေးနှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုများ စတင်ရန် စီစဉ်နေကြောင်း သိရသည်။

နိုင်ငံရပ်ခြားမှ ဂျပန်နိုင်ငံသို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဝင်ရောက်မှု တားဆီးရေးအတွက် ချမှတ်လုပ်ဆောင်သည့် နိုင်ငံခြားသားများအပေါ် ပြည်ဝင်ခွင့် တားမြစ်မှုများကို ဖြေလျှော့ရေး ဆွေးနွေးမှုဆိုင်ရာ အစိုးရ၏ လုပ်ငန်းအဖွဲ့က ဇူလိုင် ၂၂ ရက်တွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများကို ထိန်းချုပ်ထားနိုင်ပြီဟု ယူဆသည့် တရုတ်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ မကာအိုနှင့် အခြား နယ်မြေများ၏ အာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ စတင်ရန် အဆိုပါအဖွဲ့က ဆုံးဖြတ်ခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် ဥရောပမှ ကုမ္ပဏီအမှုဆောင်များ၏ ပြည်ဝင်ခွင့်နှင့် ပတ်သက်ပြီး ကန့်သတ်ချက်များဖြင့် ခွင့်ပြုသွားရန် အဆိုပါ အဖွဲ့က စဉ်းစားနေကြောင်း သိရသည်။

ထို့အပြင် မိခင်နိုင်ငံကို ယာယီပြန်သွားပြီးနောက် ဂျပန်နိုင်ငံတွင် ပညာ ဆက်လက်သင်ကြားမှုများကို ပြန်မစတင်နိုင်သည့် နိုင်ငံခြားသား ကျောင်းသားများကိုလည်း သတ်မှတ်ချက်များနှင့် ပြည့်မီမည်ဆိုလျှင် ပြန်လည်ဝင်ရောက်ခွင့်ပြုရန် အဆိုပါ အဖွဲ့က အတည်ပြုခဲ့သည်။

သတ်မှတ်ချက်များတွင် မိခင်နိုင်ငံ သို့မဟုတ် နယ်မြေများက မထွက်ခွာမီ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စစ်ဆေးမှုများ ခံယူရန် စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အစိုးရလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

## အမေရိကန်တိုက်လေယာဉ်တစ်စင်းကြောင့် ဆီးရီးယားလေပိုင်နက်ရှိ လေယာဉ်ပေါ်မှ ခရီးသည်များ ထိခိုက်မှုဖြစ်ပွား

**တီဟီရန် ဇူလိုင် ၂၄**

အီရန်နိုင်ငံပိုင်သတင်းအေဂျင်စီက အမေရိကန်တိုက်ခိုက်ရေးဂျက်လေယာဉ်တစ်စင်း ဆီးရီးယားလေပိုင်နက်ထဲ ဝင်ရောက်လာသည့်အတွက် အရပ်ဘက်လေယာဉ်တစ်စင်းပေါ်ရှိ ခရီးသွားများ အနည်းငယ်ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အီရန် လေကြောင်းလိုင်းတစ်ခုဖြစ်သော မဟန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် တီဟီရန်မှ ဘေရွတ်သို့ ပျံသန်းနေစဉ် ရုတ်တရက် အမေရိကန်တိုက်လေယာဉ်တစ်စင်းက ပျံသန်းသည့်လမ်းကြောင်းအတွင်း ချင်းနင်းဝင်ရောက်လာသည့်အတွက် လေယာဉ်မှူးက ရုတ်တရက် လေယာဉ်အမြင့်ပျံသန်းမှုကို ပြောင်းလဲလိုက်ရာ ထိုသို့ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်ရှိ ခရီးသွားပြည်သူများ ရုတ်တရက်လေယာဉ် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျကုန်ကြောင်း အမေရိကန်ဂျက်လေယာဉ်ကိုပင် ခရီးသည်လေယာဉ်ပြတင်းပေါက်မှတစ်ဆင့် မြင်နေရကြောင်း ဗီဒီယိုမှတ်တမ်းတွင် တွေ့မြင်ရသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဲဘတ်မော်ဆာဗီက အဆိုပါဖြစ်စဉ်ကို စုံစမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ကျရောက်ဆဲ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ အိုလံပစ်အားကစားပွဲအလားအလာ

ကလျာမိုးမြင့်




တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေဟာ အမှန်တကယ်ဆိုရင် ဇူလိုင် ၂၄ ရက်မှာ စတင်ကျင်းပနေရတော့မှာပါ။ဒါပေမယ့် ရုတ်တရက် ကျရောက်လာတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် အားကစားပွဲကို အချိန်တစ်နှစ် ရွှေ့ဆိုင်းခဲ့ပါတယ်။ အားကစားပွဲတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အန္တရာယ်ကို ထိန်းချုပ်ဖို့အရေးပေါ်စီမံဆောင်ရွက်ချက်တွေ ကြေညာခဲ့ပါတယ်။

## ကိုဗစ်-၁၉ အခြေအနေအပေါ်မူတည်

အိုလံပစ်အားကစားပွဲပြန်ကျင်းပဖြစ်ဦးမလား ဆိုတဲ့မေးခွန်းကို မေးလာတဲ့အခါ ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မိုရီယိုရှီရိုက အဲဒီအဖြေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကို လူသားတွေ ကျော်လွှားနိုင်ခြင်းရှိ မရှိဆိုတဲ့ အခြေအနေအပေါ်မှာ မူတည်နေတယ်လို့ မကြာသေးမီက အင်တာဗျူးအမေးအဖြေတစ်ခုမှာ ဖြေကြားခဲ့တာကို တွေ့ရပါတယ်။ ပြီးတော့ ကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်ဖို့ ကြိုးပမ်းနေတာတွေ ဘယ်လောက်အထိ တိုးတက်ဖြစ်ထွန်းမှုရှိနေပြီလဲဆိုတဲ့ အချက်ကလည်း အားကစားပွဲတွေ အမှန်တကယ်ပြန်လည်ကျင်းပနိုင်ခြင်းရှိ မရှိကို အဆုံးအဖြတ်ပေးနိုင်တဲ့ နေရာမှာ အဓိကကျတယ်လို့ မိုရီက ထပ်မံဖြေဆိုထားပါတယ်။

## ဂျပန်တစ်နိုင်ငံတည်း ဆုံးဖြတ်လို့မရ

တကယ်လို့များ လက်ရှိဖြစ်နေတဲ့ ရောဂါကူးစက်ဖြစ်ပွားမှုတွေနဲ့ အသက်ဆုံးရှုံးရမှုတွေကနေ တိုးတက်ပြောင်းလဲမှုမရှိသေးဘူးဆိုရင် လောလောဆယ် ဘယ်အားကစားပွဲမှ ကျင်းပနိုင်ဦးမှာ မဟုတ်သေးဘူးလို့ ၎င်းက ပြောပါတယ်။ ဒါပေမယ့် အမှန်တကယ်အားဖြင့် ဒီဆုံးဖြတ်ချက်ဟာ ဂျပန်တစ်နိုင်ငံတည်းကချလို့ရတဲ့ ဆုံးဖြတ်ချက်တော့မဟုတ်ဘူး။ အိုလံပစ်အားကစားပွဲတွေ ကျင်းပဖို့ ဆုံးဖြတ်ပိုင်ခွင့်ဟာ နိုင်ငံတကာအိုလံပစ်ကော်မတီဆီမှာရှိနေတာဖြစ်ပြီး ဂျပန်နိုင်ငံအနေနဲ့ တခြားနိုင်ငံတွေကို တောင်းဆိုဖို့လည်း လိုအပ်တယ်လို့ သိရပါတယ်။

ဒါပေမယ့် လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေဟာ နောက်ထပ်တစ်နှစ်လောက်ဆက်သွားနေဦးမယ်လို့တော့ မထင်မိဘူးလို့ မစ္စတာ မိုရီက ပြောပါတယ်။ ပြီးခဲ့တဲ့သောကြာနေ့က ၂၀၂၀ အိုလံပစ်အားကစားပွဲ ဖြစ်မြောက်ရေး စီစဉ်သူတွေက လာမယ့်နှစ်မှာပြုလုပ်မယ့် အိုလံပစ်အားကစားပွဲအတွက် ပွဲစဉ်အချိန်ဇယားတွေကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

## ၁၇ ရက်ကြာ ကျင်းပမည်

အိုလံပစ်အားကစားပွဲကို ၂၀၂၁ခုနှစ် ဇူလိုင် ၂၃ ရက် ကစပြီး ၁၇ ရက်ကြာအောင် ကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။ အားကစားနည်း ၃၃ မျိုးကို ပြိုင်ပွဲဝင်တွေက ပွဲစဉ်ပေါင်း ၃၃၉ ပွဲအထိ ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေအတွက် နဂိုကစီစဉ်ထားတဲ့ အားကစားပွဲအချိန်ဇယားနဲ့ အနီးစပ်ဆုံးတူအောင် စီစဉ်ထားပြီး ပြိုင်ပွဲဝင်တွေအတွက် တူညီတဲ့သတ်မှတ်နေရာတွေနဲ့ အဆောက်အအုံတွေကိုလည်း အသေအချာဖြစ်အောင် စီမံလို့ရတယ်လို့ ဖော်ပြထားပါတယ်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရေးအတွက် စီမံဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး တိုကျိုအစိုးရအဖွဲ့နဲ့ လာမယ့်စက်တင်ဘာလမှာ ညှိနှိုင်းဆွေးနွေးမှုတွေ စတင်ပြုလုပ်မယ်လို့ ပွဲစီစဉ်သူတွေက ပြောကြားခဲ့ပါတယ်။ အဲဒီအစီအမံတွေထဲမှာ လူဝင်မှုထိန်းချုပ်တာတွေ၊ စုံစမ်းစစ်ဆေးမှုတွေနဲ့ ကုသရေးစနစ်တွေ၊ ဟိုတယ်တွေနဲ့ သယ်ယူပို့ဆောင်မှုတွေအတွက် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်တွေ ပါဝင်တယ်လို့ ဆိုထားပါတယ်။ ဆွေးနွေးမှု အနှစ်ချုပ်ကိုတော့ ဒီနှစ်ကုန်ပိုင်းလောက်မှာ သိရမယ်လို့ ပြောပါတယ်။

## ပွဲကြည့်ပရိသတ် လျှော့ချမည်

ပြီးတော့ ပြိုင်ပွဲမှာပါဝင်ကြမယ့်သူတွေအရေအတွက်ကို လျှော့ချတာမျိုးလို ပွဲစဉ်တွေကို ရိုးရိုးရှင်းရှင်းဖြစ်စေမယ့်နည်းလမ်းတွေကိုလည်း စဉ်းစားကြံဆနေကြောင်း ထုတ်ဖော် ပြောကြားခဲ့ပါတယ်။ အဲဒီစီမံဆောင်ရွက်မှုတွေနဲ့ပတ်သက်တဲ့ နောက်ထပ်ကုန်ကျစရိတ်တွေကိုလည်းပဲ ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါတယ်။

အားကစားရုံတွေမှာ စိတ်အားထက်သန်စွာနဲ့ပရိသတ်တွေ အပြည့်အနှက်လာရောက်အားပေးနေကြတာမျိုးကို ကျွန်ုပ်တို့တွေမမြင်ချင်ပဲ ဘယ်ရှိပါ့မလဲ၊ ဒါပေမယ့် ပွဲကြည့်ပရိသတ် အရေအတွက်ကို လျှော့ချတာက ကိုဗစ်- ၁၉ ကူးစက်နိုင်တဲ့ အန္တရာယ်ကို အတတ်နိုင်ဆုံးကြိုတင်ကာကွယ်ဖို့ ကော်မတီက စဉ်းစားနေတဲ့ နည်းလမ်းတစ်ခုပဲလို့ နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချက်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

## နိုင်ငံတကာရဲ့ထင်မြင်ချက်

အင်န်အိတ်ချ်ကေ သတင်းဌာနက ယခုနှစ် ဇွန်လနဲ့ ဇူလိုင်လတွေအတွင်း လာမယ့်နှစ်ကျင်းပမယ့် အိုလံပစ်အားကစားပွဲတော်အတွက် အစီအစဉ်တွေနဲ့ပတ်သက်ပြီး အမျိုးသားနဲ့ဒေသဆိုင်ရာ အိုလံပစ်ကော်မတီတွေ၊ နိုင်ငံတကာအားကစားအဖွဲ့အစည်းတွေဆီမှာ စစ်တမ်းကောက်ယူခဲ့ရာမှာ အဖွဲ့အစည်းပေါင်း ၂၂ခုတို့က တုံ့ပြန်ဖြေကြားခဲ့ကြပါတယ်။ အဖွဲ့အစည်းပေါင်း ၁၆ခုက အိုလံပစ်အားကစားပွဲကို ကျင်းပဖို့သင့် မသင့်ကို ဖွင့်ပွဲမတိုင်မီ ခြောက်လထက်မနည်း အချိန်ကတည်းက ကြိုတင်ဆုံးဖြတ်ချက်ချသင့်တယ်လို့ အကြံပြုထားကြတာကို တွေ့ရပါတယ်။

## စိတ်ဝင်စားသူများပြား

အဖွဲ့အစည်းငါးခုကတော့ အားကစားပွဲကို လာမယ့်နှစ်နွေရာသီမှာ ကျင်းပနိုင်ခြင်းမရှိသေးဘူးဆိုရင် နောက်ထပ်အချိန်ထပ်ရွှေ့ဖို့ တောင်းဆိုမှာဖြစ်တယ်လို့ ဆိုထားပြီး အဖွဲ့အစည်း ၁၃ခုက အရေးကြီးကိစ္စတစ်ခုဖြစ်လာခဲ့ရင် အားကစားပွဲကို ဖျက်သိမ်းဖို့သင့်တယ်လို့ ဖြေထားပါတယ်။ ယခုရက်သတ္တပတ်အတွင်းမှာလည်း ဂျပန်နိုင်ငံက ပြည်သူတွေကို တယ်လီဖုန်းနဲ့ ဆက်သွယ်မေးမြန်းပြီး စစ်တမ်းကောက်ခဲ့ရာမှာ ဒေသခံပြည်သူ ၁၃၀၀ ခန့်က တုံ့ပြန်ဖြေကြားခဲ့ပါတယ်။

အိုလံပစ်အားကစားပွဲတွေကို စိတ်ဝင်စားခြင်းရှိ မရှိ ဆိုတဲ့မေးခွန်းကို ဒေသခံပြည်သူ ၇၁ ရာခိုင်နှုန်းက အလွန်စိတ်ဝင်စားကြောင်း ဖော်ပြထားပါတယ်။ ဒါပေမယ့် ဒီအရေအတွက်ဟာ အိုလံပစ်အားကစားပွဲကို နောက်တစ်နှစ်မရွှေ့ဆိုင်းသေးခင် ပြီးခဲ့တဲ့မတ်လနှောင်းပိုင်းက စစ်တမ်းကောက်ယူခဲ့တဲ့ ပမာဏကနေ ကိုးရာခိုင်နှုန်းလောက် လျော့ကျသွားတာဖြစ်တယ်လို့ သိရပါတယ်။

## တင်းကျပ်တဲ့အစီအမံတွေ ချမှတ်ဖို့လို

လတ်တလောအချိန်ဇယားနဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ ၃၅ ရာခိုင်နှုန်းက အားကစားပွဲကို အချိန်ထပ်ရွှေ့သင့်တယ်လို့ အကြံပြုထားပြီး ၃၁ ရာခိုင်နှုန်းက အားကစားပွဲကို အပြီးဖျက်သိမ်းလိုက်တာကောင်းတယ်လို့ ဆိုပါတယ်။ ၂၆ ရာခိုင်နှုန်းကတော့ လက်ရှိရေးဆွဲထားတဲ့ အစီအစဉ်ဇယားအတိုင်းပဲ ကျင်းပသင့်ပါတယ်လို့ ဆိုထားပါတယ်။

ပရိသတ်အင်အားလျှော့ချမှုနဲ့ပတ်သက်ပြီး ထောက်ခံတဲ့သူအရေအတွက်ကတော့ ၇၀ ရာခိုင်နှုန်း လောက်အထိရှိပါတယ်။ အကယ်၍ ကပ်ရောဂါအတွင်းမှာ အိုလံပစ်အားကစားပွဲတော်ကို ဖြစ်အောင်လုပ်ဖို့ကြိုးစားမယ်ဆိုရင် လူဝင်မှုထိန်းချုပ်ရေးအစီအမံတွေ အတော်လေးကို တင်းတင်းကျပ်ကျပ်ဖြစ်ဖို့နဲ့ သေချာဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

အင်န်အိတ်ချ်ကေ

"အိုလံပစ်အားကစားပွဲ ပြန်ကျင်းပဖြစ်ဦးမလားဆိုတဲ့မေးခွန်းကို မေးလာတဲ့အခါ ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မိုရီယိုရှီရိုက အဲဒီအဖြေဟာ ကိုဗစ်- ၁၉ ကပ်ရောဂါကို လူသားတွေ ကျော်လွှားနိုင်ခြင်းရှိ မရှိဆိုတဲ့ အခြေအနေအပေါ်မှာမူတည်နေတယ်လို့ မကြာသေးမီက အင်တာဗျူး အမေးအဖြေတစ်ခုမှာ ဖြေကြား"

# နိုင်ငံတကာသတင်းတိုထွာ

## အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်အတည်ပြုလူနာပေါင်း လေးသန်းကျော်လာ

ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာအရေအတွက်သည် လေးသန်းကျော်လွန်လာပြီဖြစ်ကြောင်းနှင့် ဇူလိုင် ၂၃ ရက်တွင် ၄၀၀၅၄၁၄ ဦးအထိရောက်ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၊ သိပ္ပံနှင့်အင်ဂျင်နီယာဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

တစ်ချိန်တည်းမှာပင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်ပြည်ထောင်စုတွင် သေဆုံးသူ အရေအတွက်သည် ၁၄၃၈၂၀ အထိ ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဆက်လက်ဖော်ပြထားသည်။

ကယ်လီဖိုးနီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် နယူးယောက်ကိုကျော်လွန်လာပြီး လေးသိန်းကျော်ရှိလာခဲ့သည်။ နယူးယောက်၊ ဖလော်ရီဒါ၊ တက္ကဆက်၊ နယူးဂျာစီ၊ အီလီနွိုက်၊ ဂျော်ဂျီယာ၊ အရီဇိုးနား၊ မက်ဆာချူးဆက်၊ ပင်ဆယ်ဗေးနီးယား၊ မြောက်ကာရိုလိုင်းနား၊ လူဝီစီယာနာ အပါအဝင် အခြားပြည်နယ်များတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာအရေအတွက်သည် ၁၀၀၀၀၀ ကျော်လွန်လျက်ရှိကြောင်း အဆိုပါတက္ကသိုလ်က ဆက်လက်ဖော်ပြထားသည်။

ဆင်ဟွာ

## ယူကရိန်းနှင့် ဥရောပသမဂ္ဂတို့ ချေးငွေအကူအညီပေးအပ်ရေး သဘောတူ

ကီယက်ဗ် ဇူလိုင် ၂၄

ယူကရိန်းနှင့် ဥရောပသမဂ္ဂတို့သည် သဘောတူညီချက်တစ်ရပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီချက်တွင် ယူကရိန်းနိုင်ငံကို (ယူရို ၁ ဒသမ ၂ ဘီလီယံ) အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ချေးငွေအကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ် တန်နီ ရှာမီဟဲက ပြောကြားလိုက်သည်။

သက်ဆိုင်ရာစာရွက်စာတမ်းများကို ဇူလိုင် ၂၃ ရက်က ယူကရိန်းဝန်ကြီးချုပ် ဘရပ်ဆဲလ်သို့ သွားရောက်စဉ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါချေးငွေအကူအညီသည် ၁၂ လကြာ ပေးသွားမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာနှစ်ခုဖြင့်ပေးသွားမည်ဖြစ်ပြီး အစုရှယ်ယာတစ်ခုလျှင် ယူရို သန်း ၆၀၀ (အမေရိကန်ဒေါ်လာ သန်း ၇၀၀) ရှိကြောင်း သိရသည်။ ပထမအစုရှယ်ယာကို သဘောတူညီချက်စတင်အသက်ဝင်လာသည်နှင့် တစ်ပြိုင်နက် ခွဲဝေချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအသုတ်ချေးငွေကို ရရှိရန် ယူကရိန်းဘက်က အချက် ရှစ်ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ ဒုတိယအသုတ်ချေးငွေအစီအစဉ်ဖြင့် ဆေးဘက်ဆိုင်ရာ ပွင့်လင်းမြင်သာရှိသည့်ဝယ်ယူမှုများ၊ အခွန်နှင့်အကောက်ခွန်ပြင်ဆင်ရေးများ၊ တရားရေးဆိုင်ရာ ယုံကြည်မှုရှိရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ဆင်ဟွာ

# မဖြစ်သင့်သည်များ မဖြစ်အောင် ကာကွယ်သည့် ခြေလှမ်းများကို လှမ်းရ



ပြည်သူများ၏ လုံခြုံမှု၊ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်အတွက် မဖြစ်သင့်သည်များ မဖြစ်အောင် ယခုချိန်မှစပြီး ကာကွယ်သည့်ခြေလှမ်းများကိုလည်း လှမ်းရပါကြောင်း၊ ပြဿနာဖြစ်ပြီးမှ ကုသခြင်းထက် ကာကွယ်သည်က ပိုကောင်းပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့်အတွက် ဝင်ငွေပြတ်သွားပြီး ဒုက္ခရောက်သည့်အခါမှ ကူညီခြင်းထက် ဝင်ငွေ မပြတ်အောင် မည်သို့နည်းလမ်းများ ချမှတ်ရမည်ကို နိုင်ငံတော်အစိုးရနှင့် လုပ်ငန်းရှင်များဘက်က ဝိုင်းပြီး စဉ်းစားပေးစေလိုပါကြောင်း။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကိုဗစ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ ထောက်ပံ့ငွေပေးအပ်

**လွိုင်ကော် ဇူလိုင် ၂၄**

လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို လွိုင်ကော်မြို့နယ် မော်ချီးစုစည်းကျေးရွာနှင့် လောပိတမြို့တွင်လည်းကောင်း၊ ဒီးမော့ဆိုမြို့နယ်၊ စံပြ (၆) မိုင် ကျေးရွာနှင့် နန်းမယ်ခုံမြို့တွင်လည်းကောင်း ယမန်နေ့က ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

### ထောက်ပံ့ပေးအပ်

ကယားပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ ထောက်ပံ့ပေးအပ်ခြင်းကို ပထမအကြိမ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်းဆောင်ရွက်ခဲ့ပြီး လွိုင်ကော်မြို့နယ်မှ အိမ်ထောင်စု ၆၈၃၁ စု၊ ဒီးမော့ဆိုမြို့နယ်မှ အိမ်ထောင်စု ၅၈၁၂ စု၊ ဖရူဆိုမြို့နယ်မှ အိမ်ထောင်စု ၁၁၇၃ စု၊ ရှားတောမြို့နယ်မှ အိမ်ထောင်စု ၂၄၄ စု၊ ဘောလခဲမြို့နယ်မှ အိမ်ထောင်စု ၄၇၈ စု၊ ဖားဆောင်းမြို့နယ်မှ အိမ်ထောင်စု ၁၀၈၃ စုနှင့် မယ်စဲ့မြို့နယ်မှ အိမ်ထောင်စု ၅၇၄ စု စုစုပေါင်း အိမ်ထောင်စု ၁၆၁၉၅ စုအား အခြေခံစားသောက်ကုန် ငါးမျိုးအတွက် တန်ဖိုးငွေကျပ် ၂၁၄၉၉၉၇၄၀ ထောက်ပံ့ပေးအပ်ခဲ့သည်။



ဆက်လက်၍ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော အိမ်ထောင်စုများအား ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း အခြေခံစားသောက်ကုန် ငါးမျိုးအစား ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် လွိုင်ကော်မြို့တွင် အိမ်ထောင်စု ၃၀၀၊ ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စု ၂၄ စု၊ ရှားတောမြို့နယ်တွင် အိမ်ထောင်စု ၃၄ စု၊ ဘောလခဲမြို့နယ်တွင် အိမ်ထောင်စု ၈၂ စု၊ ဖားဆောင်းမြို့နယ်တွင် အိမ်ထောင်စု ၅၃ စု စုစုပေါင်း အိမ်ထောင်စု ၅၀၃ စုအတွက် ငွေကျပ် ၇၅၄၅၀၀၀ ထောက်ပံ့ပေးအပ်သည်။

### ထောက်ပံ့ပေးနိုင်ရန် စီမံလျက်ရှိ

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကိုဗစ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများကို ထောက်ပံ့ငွေပေးအပ်မည်ဖြစ်ပြီး နိုင်ငံတော်က နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများ အဆင်ပြေစေရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပုံမှန်ဝင်ငွေမရှိသူများကို အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးနိုင်ရန် စီမံလျက်ရှိပါကြောင်း ပြောကြားသည်။

ယခု ဒုတိယအကြိမ်အနေဖြင့် ပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများဖြစ်သည့် လွိုင်ကော်မြို့မှ အိမ်ထောင်စု ၇၁၃၁ စု၊ ဒီးမော့ဆိုမြို့နယ်မှ အိမ်ထောင်စု ၅၈၁၂ စု၊ ဖရူဆိုမြို့နယ်မှ အိမ်ထောင်စု ၁၁၉၇ စု၊ ရှားတောမြို့နယ်မှ အိမ်ထောင်စု ၂၇၈ စု၊ ဘောလခဲမြို့နယ်မှ အိမ်ထောင်စု ၅၇၀၊ ဖားဆောင်းမြို့နယ်မှ အိမ်ထောင်စု ၁၁၃၆ စုနှင့် မယ်စဲ့မြို့နယ်မှ အိမ်ထောင်စု ၅၇၄ စု၊ စုစုပေါင်း အိမ်ထောင်စု ၁၆၆၉၈ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ်၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၃၃၉၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ယနေ့အချိန်အထိ ကယားပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ငွေမှာ ငွေကျပ် သိန်းပေါင်း ၅၅၆၅ သိန်းကျော် ဖြစ်သည်။

**စိုးလှိုင်ဌေး (ပြန်/ဆက်)**

## ကိုဗစ်ကာလ စီးပွားရေးပြန်လည်ကုစားမှုအစီအစဉ်ဖြင့် မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များထောက်ပံ့

**တပ်ကုန်း ဇူလိုင် ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်ကာလ စီးပွားရေးပြန်လည်ကုစားမှု အစီအစဉ်ဖြင့် မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲနှင့် မျိုးစေ့ထုတ်နည်းပညာပေးသင်တန်းကို ယနေ့ နံနက်ပိုင်းက အောင်မြေရိပ်သာနှင့် မကျီးပင်ကျေးရွာအုပ်စုတို့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မြမြလွင်က အမှာစကားပြောကြားကာ ခရိုင်ဦးစီးမှူး ဦးထိန်လင်းဟန်က မျိုးစေ့ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်အဖွဲ့ရုံးမှ တာဝန်ရှိသူ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူ ၆၉ ဦးအတွက် မျိုးစပါး တင်း ၃၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းမြေအသုံးချ တာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ ပိုးမွှားတာဝန်ခံတို့က စပါးပင်သက်တမ်းတစ်လျှောက် မြေဩဇာအချိန်ကိုက် အချိုးကျသုံးစွဲနည်း၊ မျိုးစေ့ဆားရည် စိမ်နည်း၊ မျိုးစေ့ထုတ်စိုက်ပျိုးနည်း၊ မျိုးကွဲပယ်ခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများကို စနစ်တကျဆောင်ရွက်ရန် သင်တန်းများ ပို့ချခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် - အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၀၈) ခု အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၂၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၇၉၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၅၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၆၆) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂) ခု၊

စုစုပေါင်း (၁,၂၇၆) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၃။ (၂၄-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၃)ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၄-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၀၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၄-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၈၇၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၉၇) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃) ခု၊

စုစုပေါင်း(၁,၃၂၉) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦး တွေ့ရှိရပါသည်။

၂။ (၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၆) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄) ဦး (Case- 293,328, 329,330) စုစုပေါင်း (၂၈၆) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၆၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၃-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၄-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၄-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၇၄) ခု |
| (၂၄-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၅) ခု |
| (၂၄-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၉၇) ခု |
| (၂၄-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၃၄၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၂၈၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၄-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 344 | ၂၉ နှစ် | ကျား | တွန်းဇံမြို့နယ်၊ ချင်းပြည်နယ် | မရှိ | ရှိ (အိန္ဒိယ) | ပြည်သူ့ဆေးရုံ တီးတိန်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တွန်းဇံမြို့နယ်) |
| 345 | ၁၈ နှစ် | ကျား | တွန်းဇံမြို့နယ်၊ ချင်းပြည်နယ် | မရှိ | ရှိ (အိန္ဒိယ) | ပြည်သူ့ဆေးရုံ တီးတိန်မြို့ | တွေ့ရှိ | |
| 346 | ၃၂ နှစ် | မ | မြဝတီမြို့နယ်၊ ကရင်ပြည်နယ် | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြဝတီမြို့နယ်) |





# ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိ စုစုပေါင်း ၃၄၆ ဦးရှိသွားပြီ

နေပြည်တော် ဇူလိုင် ၂၄

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၆ ဦး ရှိပြီဖြစ်ကြောင်း၊ ၎င်းတို့မှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားနှစ်ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၄၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၈၆ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၆၉ ဦး ရှိကြောင်းနှင့် ဇူလိုင် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၉ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၇၉၂၈ | ၃၄၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၈၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၆၂၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၆၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၅ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ကရင် | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၄၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၄-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၄-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၇၁၃၇၈ | ၁၉၈၀၄၅၂ | ၁၄၇၃၆၄ |
| ၂။ | ဘရာဇီး | ၂၂၉၂၂၈၆ | ၁၅၇၀၂၃၇ | ၈၄၂၅၁ |
| ၃။ | အိန္ဒိယ | ၁၃၁၂၅၅၁ | ၈၃၁၀၅၉ | ၃၀၈၂၁ |
| ၄။ | ရုရှား | ၈၀၀၈၄၉ | ၅၈၈၇၇၄ | ၁၃၀၄၆ |
| ၅။ | တောင်အာဖရိက | ၄၀၈၀၅၂ | ၂၃၆၂၆၀ | ၆၀၉၃ |
| ၆။ | ပီရူး | ၃၇၁၀၉၆ | ၂၅၅၉၄၅ | ၁၇၆၅၄ |
| ၇။ | မက္ကဆီကို | ၃၇၀၇၁၂ | ၂၃၆၂၀၉ | ၄၁၉၀၈ |
| ၈။ | ချီလီ | ၃၃၈၇၅၉ | ၃၁၁၄၃၁ | ၈၈၃၈ |
| ၉။ | စပိန် | ၃၁၇၂၄၆ | စိစစ်ဆဲ | ၂၈၄၂၉ |
| ၁၀။ | ဗြိတိန် | ၂၉၇၁၄၆ | စိစစ်ဆဲ | ၄၅၅၅၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄-၇-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၅၄၁၈ | ၅၃၉၄၅ | ၄၆၆၅ |
| ဖိလစ်ပိုင် | ၇၆၄၄၄ | ၂၄၅၀၂ | ၁၈၇၉ |
| စင်ကာပူ | ၄၉၃၇၅ | ၄၅၀၁၅ | ၂၇ |
| မလေးရှား | ၈၈၆၁ | ၈၅၇၇ | ၁၂၃ |
| ထိုင်း | ၃၂၇၉ | ၃၁၀၇ | ၅၈ |
| ဗီယက်နမ် | ၄၁၃ | ၃၆၅ | ၀ |
| မြန်မာ | ၃၄၆ | ၂၈၆ | ၆ |
| ကမ္ဘောဒီးယား | ၂၀၂ | ၁၄၂ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

## မော်လမြိုင်မြို့တွင် အသွားအလာကန့်သတ်ထားရှိမည့်နေရာသို့ ရောက်ရှိလာသည့် နေရပ်ပြန် ၁၄၅ ဦးအား ကြိုဆိုနေရာချထား

မော်လမြိုင် ဇူလိုင် ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်ထားရှိမည့် ၁၀ မြို့နယ်အဆောင်သို့ ယမန်နေ့ ညပိုင်းကကရင်ပြည်နယ် မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်လာသော နေရပ်ပြန် အမျိုးသား ၆၁ ဦးနှင့် အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၁၄၅ ဦး ရောက်ရှိလာရာ တာဝန်ရှိသူများက လက်ခံ၍ အဖျားတိုင်းခြင်း၊ ၎င်းတို့ တည်းခိုမည့် အဆောင်များသို့ နေရာချထားပေးကြောင်း သိရသည်။

ထိုသို့ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်လာသော နေရပ်ပြန်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အဖွဲ့အစည်းများက ကြိုဆိုကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ပြန်လည်ဝင်ရောက်လာသူများကို အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ထားရှိပြီး အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့ကိုရယူ၍ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှု ရှိ၊ မရှိ ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်စစ်ဆေးသွားမည်ဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် ကျန်းမာရေး စစ်ဆေးမှုတစ်ကြိမ် ဆောင်ရွက်ပေးကာ ရောဂါပိုး မတွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်သို့ လွှဲပြောင်းပြီး မြို့နယ်များမှ ၂၁ ရက် ကန့်သတ်စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မေ ၁ ရက်မှ ယနေ့အထိ ပြည်ပနိုင်ငံအသီးသီးမှ နေရပ်ပြန်လာသူပေါင်း ၈၅၉၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၃၆ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇူလိုင် ၂၄

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၂၃ ရက် ညနေ ၆ နာရီက ၁၇ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ၁၉ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၆ ဦးထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၆ ဦးတို့မှာ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ တစ်ဦး၊ အုတ်တွင်းမြို့နယ်မှ တစ်ဦး၊ မိုးညိုမြို့နယ်မှ ခုနစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်မှ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ သုံးဦး နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ၁၇ ဦးတို့ ဖြစ်ကြကာ ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ရေသန့်ဘူး၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာဒေသများသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၅၇၄ ဦးနှင့် အမျိုးသမီး ၆၀၉၂ ဦး တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၆၆၆ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

## COVID - 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၄

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID – 19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ထန်းတပင်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၅၂၇၆ တို့အတွက် ထောက်ပံ့ငွေများပေးအပ်

**ထန်းတပင် ဇူလိုင် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်နိုင်ရေးတို့အတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေများ ပေးအပ်ရာတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦးနှင့် တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲလင်းနိုင်တို့က မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၅၂၇၆ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်စုစုပေါင်း ၅၀၅၅၂၀၀၀၀ ကို ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စုတို့မှ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းထောက်ပံ့ပေးအပ်သည်။

"ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတောအတွင်း ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားအိမ်ထောင်စုအတွက် နိုင်ငံတော်အစိုးရအနေနဲ့ စားရေး၊ သောက်ရေးနဲ့ အလုပ်အကိုင် အခက်အခဲမဖြစ်စေရေးအတွက် ရိက္ခာငါးမျိုးနဲ့ ငွေကြေးထောက်ပံ့ပေးအပ်ခြင်း တစ်အိမ်ထောင်စု ငွေကျပ်နှစ်သောင်းနှုန်းနဲ့ ထောက်ပံ့ပေးအပ်တာပါ၊ ထန်းတပင်မြို့နယ်အနေနဲ့ကတော့ အိမ်ထောင်စု ၂၅၂၇၆ စု အတွက်ကို ထောက်ပံ့ပေးအပ်တာဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ပြောသည်။




အဆိုပါ ထောက်ပံ့ငွေများကို ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံသို့ ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# ဟိုပုံးမြို့ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**ဟိုပုံး ဇူလိုင် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်အိမ်ထောင်စုလျှင် ငွေသား ၂၀၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အခြေခံလူတန်းစားများအား ယခုအခါ တတိယအကြိမ်အဖြစ် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၄၅၃၇စု အတွက် စုစုပေါင်းငွေကျပ် ၉၀၇၄၀၀၀၀ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဟိုပုံးမြို့နယ်ရှိ ဌာနဆိုင်ရာများအတွက် ထောက်ပံ့ပေးအပ်သည့် N-95 နှာခေါင်းစည်း ၂၀၀၊ ရောဂါ ကာကွယ်ရေးဝတ်စုံ ၁၀၀၊ လက်သန့်ဆေးရည် 500ml ၁၇၅ ဘူး၊ မျက်မှန် ၁၀ ခု၊ မျက်နှာအကာအကွယ် ၁၀၀၊ ပိုးသတ်ဆေး ၁၅ လီတာ လေးပုံးနှင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ စီကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ထွေးထံသို့ လည်းကောင်း၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သွင်ဦးထံသို့ လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မှ ဦးစီးအရာရှိ ဦးရဲထွန်းအောင်ကို လည်းကောင်း ပေးအပ်ခဲ့သည်။ **နေမင်းထွန်း(ဟိုပုံး)**

# တိုက်ကြီးမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၂၄၆၀ အတွက် ထောက်ပံ့ငွေများပေးအပ်

**တိုက်ကြီး ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၂၄၆၀ အတွက် နိုင်ငံတော်မှပေးအပ်သော ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး အမှတ် (၁)လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်နှင့် တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းတို့က အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၂၄၆၀ အား စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၄၉၂၀၀၀၀၀ ကို တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ပြီး ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် အိမ်ထောင်စုများထံသို့ ဆက်လက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စန်းကလျာခိုင်**
**(ပြန်/ဆက်)**

# ပင်းတယမြို့နယ်ရှိ အထကကျောင်းများသို့ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ပင်းတယ ဇူလိုင် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Forever Group မှ မန်နေဂျာ ဦးသူရိန်က ပစ္စည်းများလှူဒါန်းပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ပညာရေးမှူး ဒေါ်ခင်မာစီတို့က လက်ခံရယူ၍ ပညာရေးမိသားစုကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယခုပေးအပ်လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်ပစ္စည်းများကို အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ခုနစ်ကျောင်း၊ အခြေခံပညာကျောင်း စုစုပေါင်း ၁၆ ကျောင်းတို့အတွက် ခြေနင်းအမှိုက်ပုံး ၃၂ လုံး၊ ကိုယ်အပူချိန်တိုင်းစက် ၃၂ ခု၊ ခြေနင်းလက်ဆေးဘေစင် ၃၂ ခု စုစုပေါင်း ၉၆ ခု တန်ဖိုးငွေကျပ် ၇၃ သိန်း အကုန်ကျခံကာ ဝယ်ယူလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန်ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# စဉ့်ကိုင်မြို့နယ်တွင် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနည်း တောင်သူပညာပေးသရုပ်ပြပွဲ ကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၂၄**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ Cash for Work စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု စံပြကျေးရွာတွင် အမှတ်(၇၄) စက်မှုလယ်ယာဦးစီးဌာနမှ စပါးစိုက်ပျိုးတောင်သူများ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်ယာလုပ်သားရှားပါးမှု ပြဿနာများ လျော့နည်းသက်သာစေရန်ရည်ရွယ်၍ ကောက်စိုက်စက်ဖြင့် အခမဲ့ မိုးစပါးစိုက်ပျိုးနည်း တောင်သူပညာပေး သရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီက စံပြကွင်း အမှတ်(၅၂) တောင်သူ ဦးဆန်းလွင် စိုက်ပျိုးလယ်ယာမြေ၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဆန်းအောင်က တောင်သူများအား နိုင်ငံတော်က ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်အရ တောင်သူများ စီးပွားရေးအခက်အခဲမဖြစ်ပေါ်စေရေး ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေးနှင့် ကျေးလက်နေပြည်သူများ မျိုးစေ့ချခြင်း၊ ပျိုးထောင်ခြင်း၊ ရေလောင်းပေါင်းသင်ခြင်း၊ ပျိုးသယ်ယူခြင်း၊ ကြားပေါင်းလိုက်ခြင်းများဖြင့် အလုပ်အကိုင်များရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးပေးခြင်းဖြစ်ကြောင်း ပြောသည်။



ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးမြင့်သူက တောင်သူပညာပေး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်း သရုပ်ပြသရခြင်း ရည်ရွယ်ချက်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ တိုင်းစက်မှုလယ်ယာဦးစီးဌာနမှူး ဦးဆန်းအောင်၊ ခရိုင်ဦးစီးဌာနမှူး ဦးကျော်မင်းဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးသည်။

အဆိုပါ စံပြကွင်းတွင် ကောက်စိုက်စက်ဖြင့် မိုးစပါးများ အခမဲ့စိုက်ပျိုးပေးခြင်းကို ကွင်းအမှတ် (၅၂) တောင်သူ ဦးဆန်းလွင်ပါ ၁၂ ဦး၏ ၂၅ ဧကတွင် စိုက်ပျိုးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၂၅ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် တရားသူကြီးဦးပညာ၏ အမွေခွဲဝေပေးပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ကြိုက်သလောက်ပေး" မျက်နှာဖုံးကာတွန်း၊ ဝါဆိုလအချိန်တွင် ကျရောက်သော မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်အကြောင်းနှင့် ပတ်သက်၍ ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "လမြတ်ဝါဆိုအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ သူငယ်ချင်း၏ အကြံပေးချက်ကို လိုက်လုပ်မိရာက မိခင်၏အဆူခံရသော ရန်နိုင်မင်းအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးသန့်လေး" နှစ်မျက်နှာကာတွန်း၊ မိမိကိုယ်မိမိ အထင်ကြီးစိတ်ဝင်ပြီး မလုပ်သင့်သည်ကို လုပ်မိသောကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော ကျောင်းသားလေး ရဲနိုင်အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "ရဲနိုင်ကပေးသော သင်ခန်းစာ" ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**




## နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာသုတေသနများ ဆောင်ရွက်နေ

**နေပြည်တော် ဇူလိုင် ၂၄**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် အဆင့်မြင့်နည်းပညာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား လျာထားချက်နှင့်အညီ အောင်မြင်စွာ ဆောင်ရွက်ထားရှိမှုလုပ်ငန်းအခြေအနေများကို ဇူလိုင်လတတိယပတ်က ဆွေးနွေးပွဲ ကျင်းပသည်။ စိုက်ပျိုးရေး သုတေသနဦးစီးဌာန လက်အောက်ရှိ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ နယ်သုတေသနခြံများ၏ တာဝန်ခံများနှင့် သုတေသနပညာရှင်များက Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် ဒေသနှင့်လိုက်လျောညီထွေမှုရှိသည့် အထွက်ကောင်း၊ အရည်အသွေးကောင်း စပါး၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ် သီးနှံများ၊ အာလူး၊ ခရမ်းချဉ်၊ ဖရဲနှင့်ငရုတ် အပါအဝင် ဟင်းသီးဟင်းရွက်မျိုးကောင်း၊ မျိုးသန့် မျိုးသစ်များ မွေးမြူရွေးချယ်ခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်း၊ စားသုံးမှု လုံခြုံစိတ်ချရေးအတွက် စပါးသီးနှံတွင် ကဒ်မီဒီယမ် ဓာတ်ကြွင်းအာနိသင် စမ်းသပ်ခြင်း၊ သီးနှံ အရည်အသွေးထိန်းသိမ်းခြင်း၊ သီးနှံပိုးမွှား/ရောဂါကာကွယ်နှိမ်နင်းခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် ကုန်ချောထုတ်လုပ်ခြင်း အစရှိသော သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စပါး- ငါး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဗီဇအချက်အလက် နည်းပညာများအသုံးပြု၍ မြန်မာ့ဆန်စပါးမျိုး မွေးမြူရေးကဏ္ဍ မြှင့်တင်ခြင်းလုပ်ငန်းများ၊ စပါးအရည်အသွေးမြှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် စပ်မျိုးစပါးသုတေသနစင်တာ (HRRC) တည်ထောင်ရေးအပါအဝင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်အဆင့်မြင့်နည်းပညာသုံး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးစီမံခန့်ခွဲမှုများ၊ မြန်မာနိုင်ငံ၏ မြေဆီလွှာနှင့် ဆက်စပ် သည့် မြေပုံများနှင့် မြေဆီလွှာသတင်း အချက်အလက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအစရှိသော သုတေသနစီမံကိန်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။ **ဇူလိုင်မိုး**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၅၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၀ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၃၀ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၀ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၃ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၀ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၁၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၅၂၇ | ၅၅၃၃၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၅၁၉ | ၁၉၆၉၇၀၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၁၃ | ၂၄၃၁၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀ | ၂၇၅၀၀ |
| EFR | ၂၇၀၀ | ၂၈၀၀ | ၆၅၇ | ၁၈၃၃၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်း**

၂၉။ (က) ပုဂ္ဂိုလ်တစ်ဦးသည် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ်တစ်နှစ်အတွင်း ထုခွဲရောင်းချလျှင် ယင်းနှစ်အတွက် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်မှုကို ခွင့်မပြုရ။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် တစ်စိတ်တစ်ပိုင်းအားဖြင့် လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန်နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အခြားကိစ္စရပ်အတွက် အသုံးပြုခဲ့သည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ်တစ်နှစ်အတွင်း ထုခွဲရောင်းချခဲ့လျှင် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) သို့မဟုတ် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၃) နှင့်အကျုံးဝင်သည့် ထုခွဲရောင်းချမှုမှ အမြတ်အစွန်း သို့မဟုတ် အရှုံးပမာဏသည် ယင်းလုပ်ငန်းမှ စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အမြတ်အစွန်း သို့မဟုတ် အရှုံး၏ အချိုးကျ အစိတ်အပိုင်းဖြစ်သည်။

**ပြင်ဆင်ခြင်းများနှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းများ**

၃၀။ (က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (၄) အရ ခွင့်ပြုသည့် နုတ်ပယ်မှု ငွေကြေးပမာဏသည် အခွန်နှစ်ကုန်ဆုံးချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်၏စာရင်းအရ လက်ကျန်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းထက် မပိုစေရ။

(ခ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်ထက် ပိုမိုသည့်ငွေကြေးပမာဏကို ယင်းအခွန်နှစ် ကုန်ဆုံးချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးတွင် ပေါင်းထည့်ရမည်။

**အပိုင်း (၅)**

**လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ (Personal Allowances)**

**လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ**

၃၁။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ် တစ်နှစ်အတွက် ဇယား (၅) နှင့်အညီ တွက်ချက်ထားသည့် အောက်ပါလူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများကို ခွင့်ပြုရမည် –

(၁) အခြေခံခွင့်ပြုငွေ၊

(၂) အိမ်ထောင်ဖက်အတွက် ခွင့်ပြုငွေ၊

(၃) သား၊ သမီးအတွက် ခွင့်ပြုငွေ၊

(၄) အတူနေမိဘအတွက် ခွင့်ပြုငွေ၊

(၅) လူမှုဖူလုံရေးထည့်ဝင်ငွေ၊

(၆) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် အိမ်ထောင်ဖက်၏ အသက်အာမခံပရီမီယံကြေးထည့်ဝင်ငွေ၊

(၇) ပင်စင်ရန်ပုံငွေသို့ ထည့်ဝင်ငွေ။

(ခ) ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးက အခွန်နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ရန် ဝင်ငွေမှ နုတ်ပယ်နိုင်သည့် လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေစုစုပေါင်းသည် ဤပုဒ်မကို လျစ်လျူရှုလျက် ဤဥပဒေအရ တွက်ချက်ထားသော ယင်းပြည်တွင်းနေတစ်ဦးချင်း ပုဂ္ဂိုလ်၏ ယင်းအခွန်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေကို ကျော်လွန်ခြင်း မရှိစေရ။

**အပိုင်း ( ၆ )**

**အခွန်ဆိုင်ရာစာရင်း**

**စာရင်းနှစ်**

၃၂။ (က) ကုမ္ပဏီတစ်ခု၏ စာရင်းနှစ်သည် ယင်းကုမ္ပဏီ၏ ဘဏ္ဍာရေးစာရင်းများကို နှစ်စဉ် လက်ကျန်ရှင်းတမ်းရေးဆွဲသည့် ရက်စွဲတွင် ကုန်ဆုံးသည့် ၁၂ လတာကာလ ဖြစ်သည်။

(ခ) ကုမ္ပဏီတစ်ခုသည် အခွန်ကိစ္စရပ်အလို့ငှာ စာရင်းနှစ်ပြောင်းလဲလိုပါက ညွှန်ကြားရေးမှူးချုပ်ထံ ကြိုတင်လျှောက်ထားရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်၏ စာဖြင့် ခွင့်ပြုချက်မရရှိပါက ယင်း၏ စာရင်းနှစ်ကို ပြောင်းလဲနိုင်ခြင်း မရှိစေရ။ ထို့အပြင် ညွှန်ကြားရေးမှူးချုပ်ထံမှ ကြိုတင်ခွင့်ပြုချက်နှင့်အတူ ပူးတွဲပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့် အခြေအနေများရှိပါက ယင်းအခြေအနေများကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) ယင်းကုမ္ပဏီသည် ခွင့်ပြုချက်နှင့်အတူ ပူးတွဲပါရှိသည့် အခြေအနေ တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ခ)ပါ ခွင့်ပြုချက်တစ်ရပ်ကို စာဖြင့် အသိပေးအကြောင်းကြားလျက် ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ(ဂ)ကို ကျင့်သုံးခြင်းဖြင့် ကုမ္ပဏီတစ်ခု၏ စာရင်းနှစ် ပြောင်းလဲသွားသည့်အခါ ပြောင်းလဲမှုမတိုင်မီ နောက်ဆုံးစာရင်းနှစ်အပြည့်နှင့် စာရင်းနှစ်အသစ်စတင်သည့် နေ့ရက်တို့အကြားကာလကို ဤဥပဒေ၏ရည်ရွယ်ချက်များ အလို့ငှာ သီးသန့်စာရင်း နှစ်တစ်နှစ်အဖြစ် မှတ်ယူရမည်။

(င) တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခု၏ စာရင်းနှစ်သည် ဘဏ္ဍာရေးနှစ်နှင့် ထပ်တူမကျလျှင် ထိုစာရင်းနှစ်အတွက် အကျုံးဝင်သည့် ဥပဒေသည် ထိုစာရင်းနှစ်အတွင်း ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် အကျုံးဝင်သည့် ဥပဒေဖြစ်သည်။

**အခွန်ဆိုင်ရာ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်း**

၃၃။ (က) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေကို ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ တွက်ချက်ရမည်။

(ခ) အလုပ်ရှင်တစ်ဦးနှင့် ဝန်ထမ်းတစ်ဦးတို့သည် အလုပ်ရှင်က ပေးချေပြီး ဝန်ထမ်းကရရှိသည့် အလုပ်အကိုင်မှ ဝင်ငွေအတွက် ငွေသားစီးဆင်းမှုအခြေခံ(cash basis)ဖြင့် စာရင်းထိန်းသိမ်းထားရှိရမည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၁ တို့နှင့် မဆန့်ကျင်စေဘဲ အောက်ပါပုဂ္ဂိုလ်များသည် စည်းကြပ်ထိုက်သောဝင်ငွေ၊ အသုံးစရိတ်များနှင့် အရှုံးများအတွက် စေ့ရောက်မှုအခြေခံ (accrual basis) ဖြင့် စာရင်းထိန်းသိမ်းထားရှိရမည် –

(၁) တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၊

(၂) ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် အထူးကုန်စည်ခွန်အတွက် ငွေတောင်းခံလွှာ အခြေခံဖြင့် စာရင်းထိန်းသိမ်းထားရှိသည့် တစ်ဦးချင်းပုဂ္ဂိုလ်၊

(၃) လုပ်ငန်းမှ စည်းကြပ်ထိုက်သော ဝင်ငွေကို ကျပ်သိန်း ၁၀၀၀ ထက်ကျော်လွန်ရရှိသည့် တစ်ဦးချင်းပုဂ္ဂိုလ်၊

(၄) စည်းမျဉ်းများဖြင့် သတ်မှတ်သည့် အခြားပုဂ္ဂိုလ်အမျိုးအစားများ။

(ဃ) ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဂ)တို့နှင့် အကျုံးမဝင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်သည် စည်းကြပ်ထိုက်သော ဝင်ငွေ၊ အသုံးစရိတ်များနှင့် အရှုံးများအတွက် ငွေသားစီးဆင်းမှု အခြေခံဖြင့်ဖြစ်စေ၊ စေ့ရောက်မှုအခြေခံဖြင့်ဖြစ်စေ စာရင်းထိန်းသိမ်းထားရှိနိုင်သည်။ သို့ရာတွင် ယင်းသို့ထားရှိရာ၌ စည်းကြပ်ထိုက်သောဝင်ငွေနှင့် အသုံးစရိတ်များနှင့် အရှုံးများ အားလုံးအတွက် အခြေခံစနစ်တစ်ခုတည်းကိုသာ အသုံးပြုရမည်။

(င) ဘဏ်များနှင့် အာမခံလုပ်ငန်းကုမ္ပဏီများအတွက် အခွန်ဆိုင်ရာ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းများကို စည်းမျဉ်းများ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(စ) ပုဒ်မခွဲ (ဆ) နှင့် မဆန့်ကျင်စေဘဲ **“ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ ”**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် –

(၁) ယင်းတို့၏ ဘဏ္ဍာရေးစာရင်းများကိုနိုင်ငံတကာ စာရင်းကိုင်များ အသင်းချုပ်က အတည်ပြုထားသော အစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီ ပြုစုရန်လိုအပ်သည့် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများဖြစ်ပါက ဤဥပဒေအရဖြစ်စေ၊ စည်းမျဉ်းများဖြင့်ဖြစ်စေ ပြင်ဆင်နိုင်သည့် ယင်းစံသတ်မှတ်ချက်များ၊

(၂) ယင်းတို့၏ ဘဏ္ဍာရေးစာရင်းများကို နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ပြုစုသည့် တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်ဖြစ်ပါက ဤဥပဒေအရ ဖြစ်စေ၊ စည်းမျဉ်းများဖြင့်ဖြစ်စေ ပြင်ဆင်နိုင်သည့် ယင်းစံသတ်မှတ်ချက်များ၊

(၃) အခြားမည်သည့်ပုဂ္ဂိုလ်အတွက်မဆို ဤဥပဒေအရဖြစ်စေ၊ စည်းမျဉ်းများဖြင့်ဖြစ်စေ ပြင်ဆင်နိုင်သည့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများ သို့မဟုတ် မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် လက်ခံထားသည့် အခြားစာရင်းကိုင်ပညာရပ်ဆိုင်ရာ စံသတ်မှတ်ချက်များ။

(ဆ) ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသည့် စံများနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားခြင်းမရှိသည့် သို့မဟုတ် လုံလောက်စွာ ပြဋ္ဌာန်းထားခြင်းမရှိသည့် မည်သည့်ကိစ္စရပ်အတွက်မဆို **ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ**ဆိုသည်မှာ မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် လက်ခံထားပြီး ဤဥပဒေအရဖြစ်စေ၊ စည်းမျဉ်းများဖြင့်ဖြစ်စေ ပြင်ဆင်နိုင်သည့် စံများ သို့မဟုတ် စာရင်းကိုင်ပညာရပ်ဆိုင်ရာ မူဝါဒများ သို့မဟုတ် အခြေခံမူများကိုဆိုသည်။

**ငွေသားစီးဆင်းမှုအခြေခံ စာရင်းထိန်းသိမ်းထားရှိမှုနည်းလမ်း (Cash basis accounting)**

၃၄။ ဝင်ငွေခွန်အတွက် ငွေသားစီးဆင်းမှုအခြေခံ စာရင်းထိန်းသိမ်းထားရှိမှုနည်းလမ်းဖြင့် စာရင်းထိန်းသိမ်းထားရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ယင်းပုဂ္ဂိုလ်က ငွေကြေးပမာဏတစ်ရပ်ကို ရရှိသည့်အခါ ရရှိမှုပေါ်ပေါက်ပြီး ယင်းပုဂ္ဂိုလ်က ငွေကြေးပမာဏတစ်ရပ်ကို ပေးချေသည့်အခါ အသုံးစရိတ် ပေါ်ပေါက်သည်။

**စေ့ရောက်မှုအခြေခံ စာရင်းထိန်းသိမ်းထားရှိမှုနည်းလမ်း (Accrual basis accounting)**

၃၅။ (က) ဝင်ငွေခွန်အတွက် စေ့ရောက်မှုအခြေခံ စာရင်းထိန်းသိမ်းထားရှိမှုနည်းလမ်းဖြင့် စာရင်းထိန်းသိမ်းထားရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ယင်းပုဂ္ဂိုလ်က ငွေကြေးပမာဏတစ်ရပ် ရရန်ရှိသည့်အခါ ရရှိမှုပေါ်ပေါက်ပြီး ယင်းပုဂ္ဂိုလ်က ငွေကြေးပမာဏတစ်ရပ် ပေးရန်ရှိသည့်အခါ အသုံးစရိတ် ပေါ်ပေါက်သည်။

(ခ) ပုဒ်မခွဲ (က)၏ ရည်ရွယ်ချက်များအလို့ငှာ ပေးရန်တာဝန်တစ်ရပ်ကို ဖြည့်ဆည်းပေးရမည့်အချိန်အား ရွှေ့ဆိုင်းလိုက်စေကာမူ သို့မဟုတ် ယင်းငွေကြေးပမာဏကို အရစ်ကျပေးစေကာမူ ပုဂ္ဂိုလ်တစ်ဦးက ငွေကြေးပမာဏ တစ်ရပ်ကို ရရှိပိုင်ခွင့်ရှိလာသည့်အချိန်တွင် ယင်းပုဂ္ဂိုလ်အား ပေးရန်တာဝန် ပေါ်ပေါက်သည်။

**ကြွေးဆုံးများ**

၃၆။ (က) အောက်ပါအခြေအနေများနှင့် ကိုက်ညီပါက ပုဂ္ဂိုလ်တစ်ဦးကို အခွန်နှစ်တစ်နှစ်အတွက် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သော ဝင်ငွေမှ ကြွေးဆုံးကို နုတ်ပယ်ခွင့်ပြုသည် –

(၁) ယင်းကြွေးမြီပမာဏသည် –

(ကက) ယင်းပုဂ္ဂိုလ်၏ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေတွင် ယခင်က ထည့်သွင်းထားခဲ့ခြင်း၊ သို့မဟုတ်

(ခခ) စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် ငွေချေးသည့် လုပ်ငန်းကို ပုံမှန်ဆောင်ရွက်သည့် အနေဖြင့် ယင်းပုဂ္ဂိုလ်က ချေးငှားလိုက်သည့် ငွေကြေးဖြစ်ခြင်း၊

(၂) ယင်းကြွေးမြီ သို့မဟုတ် ကြွေးမြီ၏ အစိတ်အပိုင်းကို ယင်းပုဂ္ဂိုလ်၏ ထိုအခွန်နှစ်အတွက် ဘဏ္ဍာရေးစာရင်းများတွင် ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီ ပယ်ဖျက်ခြင်း၊

(၃) ယင်းပုဂ္ဂိုလ်သည် ပေးချေမှုကို ရရှိရန် လုပ်သင့်လုပ်ထိုက်သည့် ဆောင်ရွက်ချက်များ လုပ်ဆောင်ခဲ့ပြီး ကြွေးမြီကို ပြန်လည်ရရှိနိုင်ခြင်းမရှိဟု ကျိုးကြောင်းဆီလျော်စွာ ယုံကြည်ခြင်း။

(ခ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးကို အခွန်နှစ် တစ်နှစ်အတွက် နုတ်ပယ်ခွင့်ပြုလိုက်သည့် ငွေကြေးပမာဏသည် ယင်းပုဂ္ဂိုလ်၏ ယင်းနှစ်အတွက် ဘဏ္ဍာရေးစာရင်းများမှ ပယ်ဖျက်လိုက်သည့် ကြွေးမြီပမာဏကို ကျော်လွန်ခြင်း မရှိစေရ။

**လျော်ကြေးပေးခြင်းနှင့် ပြန်လည်ရရှိစေခြင်းအတွက် ပေးချေမှုများ**

၃၇။ (က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးသည် ငွေကြေးပမာဏတစ်ရပ်ကို အောက်ပါတစ်ခုခုအတွက် လျော်ကြေးအဖြစ် ရရှိခဲ့လျှင် ပုဒ်မခွဲ (ခ) သည် အကျိုးသက်ရောက်စေရမည် –

(၁) ယင်းပုဂ္ဂိုလ်က ရရှိရန်မျှော်လင့်ထားသည့် သို့မဟုတ် ယင်းပုဂ္ဂိုလ် ရရှိလိမ့်မည်ဟု မျှော်လင့်ထားသည့် ဝင်ငွေ သို့မဟုတ် ဝင်ငွေကို တွက်ချက်ရာ၌ ထည့်သွင်းရန် ငွေကြေးပမာဏတစ်ရပ်ကို ပြန်လည်ရရှိခြင်း၊

(၂) ဝင်ငွေကို တွက်ချက်ရာ၌ ယင်းပုဂ္ဂိုလ်က ကျခံခဲ့သည့် သို့မဟုတ် ယင်းပုဂ္ဂိုလ်ကကျခံရန် မျှော်လင့်ထားသည့် သို့မဟုတ် ယင်းပုဂ္ဂိုလ်မှ ကျခံလိမ့်မည်ဟု မျှော်လင့်ထားသည့် အရှုံး သို့မဟုတ် နုတ်ပယ်ရန် ငွေကြေးပမာဏတစ်ရပ်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ လျော်ကြေးငွေပမာဏကို ယင်းပုဂ္ဂိုလ်၏ ဝင်ငွေတွက်ချက်ရာ၌ ထည့်သွင်းရမည်ဖြစ်ပြီး ယင်းငွေကြေး၏ သဘောသဘာဝသည် ပေးလျော်သည့် မူလငွေကြေးပမာဏ၏ သဘောသဘာဝအတိုင်း ဖြစ်သည်။

**ရောင်းဝယ်ရန် ကုန်စည်များ**

၃၈။ (က) အခွန်နှစ်တစ်နှစ်အတွင်း ရောင်းချခဲ့သည့် ရောင်းဝယ်ရန် ကုန်စည်များ၏ ကုန်ကျစရိတ်များအတွက် ပုဂ္ဂိုလ်တစ်ဦးအား ယင်းလုပ်ငန်း၏ စည်းကြပ်ထိုက်သောဝင်ငွေမှ ယင်းအခွန်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့် ငွေကြေးပမာဏကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

$$(A + B) - C$$

ယင်းတွင် –

A သည် ယင်းနှစ်အတွက် လုပ်ငန်း၏ ရောင်းဝယ်ရန်ကုန်စည်များ၏ စာရင်းဖွင့်တန်ဖိုး၊

B သည် ထိုပုဂ္ဂိုလ်က ယင်းနှစ်အတွင်း ကျခံခဲ့ရပြီး လုပ်ငန်း၏ ရောင်းဝယ်ရန် ကုန်စည်များ၏ ကုန်ကျစရိတ်တွင် ပါဝင်သည့် စရိတ်များ၊

C သည် ယင်းနှစ်အတွက် လုပ်ငန်း၏ ရောင်းဝယ်ရန်ကုန်စည်များ၏ စာရင်းပိတ်တန်ဖိုးဖြစ်သည်။

(ခ) အခွန်နှစ်တစ်နှစ်အတွက် လုပ်ငန်းတစ်ခု၏ ရောင်းဝယ်ရန်ကုန်စည်များ၏ စာရင်းဖွင့် တန်ဖိုးမှာ အောက်ပါအတိုင်း ဖြစ်သည် –

(၁) လုပ်ငန်း၏ ရောင်းဝယ်ရန်ကုန်စည်၏ ယခင်အခွန်နှစ်က စာရင်းပိတ်တန်ဖိုး၊ သို့မဟုတ်

(၂) ထိုပုဂ္ဂိုလ်သည် လုပ်ငန်းကို ယင်းနှစ်အတွင်း စတင်ခဲ့ပါက လုပ်ငန်းမစတင်မီ ယင်းပုဂ္ဂိုလ်က ရယူခဲ့သည့် ရောင်းဝယ်ရန်ကုန်စည်များ၏ ကုန်ကျစရိတ်။

*(ဆက်လက်ဖော်ပြပါမည်)*

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# တေလာဆွစ်၏ ရှစ်ခွေမြောက် အယ်လ်ဘမ်အသစ်ထွက်

အဆိုတော်တေလာဆွစ်ဟာ အခုသီတင်းပတ်အတွင်းမှာပဲ သူ့ရဲ့အယ်လ်ဘမ်အသစ်ကို ထုတ်ဝေခဲ့ပါတယ်။ အဲဒီအယ်လ်ဘမ်သစ်ထဲမှာ တေလာဆွစ် တစ်ယောက်တည်း ရေးသားပြီး အသံသွင်းထားတဲ့သီချင်းတွေလည်း ပါဝင်ပါတယ်။

Folklore လို့ အမည်ပေးထားတဲ့ အယ်လ်ဘမ်ဟာ တေလာဆွစ်ရဲ့ ရှစ်ခွေမြောက် စတူဒီယိုအယ်လ်ဘမ်ဖြစ်ပြီး ဇူလိုင် ၂၃ ရက် နံနက်ပိုင်းမှာပဲ အယ်လ်ဘမ်အသစ်ထွက်ရှိမယ့်နေ့ကို ရုတ်တရက်ထပြီး ကြေညာလိုက်တာပါ။

အခုနှစ် နွေရာသီအတွင်း စီစဉ်ထားသမျှအရာတွေ အဆင်မပြေစွာနဲ့ပဲ အဆုံးသတ်ခဲ့ရတယ်လို့ တေလာဆွစ်က ပြောပါတယ်။ ၂၀၁၉ ခုနှစ်က ထွက်ရှိခဲ့တဲ့ အယ်လ်ဘမ်ဖြစ်တဲ့ Lover ဆိုတဲ့ အယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲကိုလည်း ဖျက်သိမ်းခဲ့ရပါတယ်။ Folklore အယ်လ်ဘမ်မှာတော့ တေလာဆွစ်ရဲ့ စိတ်ကူးစိတ်သန်းတွေ၊ အိပ်မက်တွေ၊ ကြောက်ရွံ့မှုတွေနဲ့ အနုပညာဖန်တီးမှုတွေ အကုန်လုံးပါဝင်တယ်လို့ တေလာဆွစ်က ပြောပါတယ်။

သီချင်းတွေကို တစ်ယောက်တည်းရေး၊ တစ်ယောက်တည်း အသံသွင်းလုပ်ခဲ့ပေမယ့် ဘွန်အိုင်ဗာလို သူနဲ့ သီချင်းတွဲဖက်ရေးတဲ့တေးရေးဆရာတွေဆီက အကူအညီလည်း ရယူခဲ့တယ်လို့ သူက ဆက်ပြောပါတယ်။

**စကိုင်းနယူးစ်**



အဆိုတော်တေလာဆွစ်

# အဆိုတော် ဒီမီလိုဗာတိုနှင့် မက်စ်အီရစ်တို့ စေ့စပ်လိုက်ပြီ

သရုပ်ဆောင်နဲ့ အဆိုတော် ဒီမီလိုဗာတိုတစ်ယောက်တော့ စေ့စပ်သွားပါပြီ။ သူ့ဘဝတစ်လျှောက်လုံး လက်တွဲရမယ့်သူကို တွေ့ရှိသွားပြီလို့ ဒီမီလိုဗာတိုက ဇူလိုင် ၂၃ ရက်မှာပဲ သူ့ရဲ့အင်စတာဂရမ်အကောင့်ကနေ ကြေညာခဲ့ပါတယ်။ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မက်စ်အီရစ်နဲ့ လက်တွဲသွားတော့မယ်လို့ ကြေညာခဲ့တာပါ။

ကမ်းခြေမှာ ဒီမီလိုဗာတိုနဲ့ မက်စ်တို့ ပွေ့ဖက်နေကြတဲ့ပုံကို ပြသခဲ့ပြီး အဲဒီပုံထဲမှာတော့ ဒီမီလိုဗာတိုဟာ စေ့စပ်လက်စွပ်ဝတ်ဆင်ထားခဲ့ပါတယ်။ မက်စ်နဲ့အတူ မိသားစုဘဝစတင်ဖို့လည်း စိတ်လှုပ်ရှားနေပြီလို့ ဒီမီလိုဗာတိုက အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။

ဒီမီလိုဗာတိုဟာ သူ့ရဲ့ချစ်ရေးချစ်ရာကိစ္စနဲ့ပတ်သက်ပြီးမိဘတွေကို ဖွင့်ဟပြီးနောက် တစ်နှစ်အကြာမှာ အခုလိုစေ့စပ်ကြောင်းလမ်းမှု ထွက်ပေါ်လာတာပါ။ နောက်ပြီး ကိုဗစ်–၁၉ ကာလမှာ ခံစားရတဲ့စိတ်ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီးလည်း ဒီမီလိုဗာတိုက ဧပြီလအတွင်းက ပြောပြခဲ့ဖူးပါတယ်။

ကိုဗစ် – ၁၉ ကာလအတွင်းမှာ လူတွေဟာ မသေချာ မရေရာမှုတွေ၊ ကြောက်ရွံ့မှုတွေနဲ့ ရုန်းကန်ရင်ဆိုင်နေရလို့ ကိုဗစ် – ၁၉ ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ရတဲ့လူတွေအတွက် အကူအညီပေးရေးအဖွဲ့တွေမှာ ပါဝင်ကူညီပေးနေရတာပဲဖြစ်တယ်လို့ ဒီမီလိုဗာတိုက ပြောခဲ့ပါတယ်။

**အီးတီအွန်လိုင်းဒေ့ါကွန်း**



အဆိုတော်ဒီမီလိုဗာတိုနှင့် သရုပ်ဆောင် မက်စ်အီရစ်



# ကာဠုဒါယီ – လာဠုဒါယီ

**မောင်ခင်မင် (ဓနုဖြူ)**

"ဘဘ နေကောင်းရဲ့လား"

"ကောင်းပါတယ်သမီးရဲ့ ဘာဖြစ်လို့မေးတာလဲ"

"ဩော် – ဘဘကိုကြည့်ရတာ စိတ်အနှောင့်အယှက်တစ်ခုခုဖြစ်နေတဲ့ အမူအရာပေါ်နေတယ်ထင်မိလို့ပါ"

"သမီးက–အကဲခတ်ကောင်းတယ်။ ဘဘ အရင်အပတ်ကရေးတဲ့ ဆောင်းပါးကို ဖတ်ပြီး နည်းနည်းကသိကအောက်ဖြစ်သွားလို့ပါကွယ်"

"ဟင် – ဘယ်လိုကြောင့်ပါလဲ ဘဘ"

"ဘဘက ဆောင်းပါးမှာ ရှင်သာရိပုတ္တရာကို မချေမငံပြောတဲ့ လာဠုဒါယီဆိုတဲ့ ရဟန်းကြီး အကြောင်း ရေးလိုက်တာလေ။ အဲဒီနာမည်ရေးတိုင်း အရင်ပုံနှိပ်စာလုံးခေတ်ကတည်းက စာစီတဲ့သူတွေက 'ကာဠုဒါယီ' လို့ မှားရိုက်တတ်ကြလို့ ဘဘက သတိထားမိအောင်ဆိုပြီး 'ရဟန်းကြီးက လာဠုဒါယီနော်၊ ကာဠုဒါယီမဟုတ်ဘူး' လို့တောင် ထည့်ရေးလိုက်သေးတယ်။ ကာဠုဒါယီက ဘုရားရှင်ရဲ့ဖွားဖက်တော်မထေရ်ကြီးလေ။ ဘုရားရှင်ကို ကပိလဝတ်ပြည်ကြွဖို့ ဂါထာခြောက်ဆယ်နဲ့ လျှောက်ထားတဲ့ မထေရ်ကြီးပေါ့။ လာဠုဒါယီကိုတော့ 'ရဟန်းမိုက်' လို့ ဝိသေသပြုတယ်။ လူတွေက ကာဠုဒါယီကိုပဲ အသိများတော့ လာဠုဒါယီလို့ရေးရင် ကာဠုဒါယီလို့ မှားရိုက်တတ်ကြတာ ဒီနေ့အထိပဲလေ"

"ဩော်"

"ဘဘ ဆောင်းပါးမှာ ခုနပြောသလို 'လာဠုဒါယီနော်၊ ကာဠုဒါယီ မဟုတ်ဘူး' လို့ ရေးတာကို စာစီတော့ ဘယ်လိုစီထားတယ်ထင်သလဲ"

"ပြောပြပါ ဘဘ"

"ကာဠုဒါယီနော်၊ ကာလုဒါယီ မဟုတ်ဘူးလို့ စီထားတယ်ဗျ။ ဘဘရေးတာတစ်မျိုး၊ စာစီတာတစ်မျိုးဖြစ်နေတယ်။ ကွန်ပျူတာစာစီတဲ့သူကလဲ 'လာဠုဒါယီ' ကို သိပုံမရဘူး။ ပြန်စစ်တဲ့သူကလဲ လျှံသွားတာထင်ပါရဲ့ကွယ်"

"ဩော် – ဖြစ်မှဖြစ်ရလေ"

"အဲဒီလို ဆင်တူယိုးမှားနာမည်တွေဆိုရင် ကွန်ပျူတာသမားက သူတို့နဲ့ပိုရင်းနှီးတဲ့နာမည်ကို မှားစီတတ်တာ မကြာခဏပါပဲကွယ်။ ဘဘတို့ရေးတာကို မှားနေတယ်ထင်ပြီး တမင်ပြင်လိုက်တာ၊ သူတို့ကိုယ်တိုင် မသိလို့မှားတာလား မပြောတတ်ပါဘူးကွယ်"

"ဟုတ်ကဲ့ပါ"

"ဘဘ ကြုံဖူးပါတယ်။ စာတစ်ပုဒ်မှာ 'ဗာရာဏသီပြည့်ရှင် ဒေဝဒတ်မင်းကြီး' လို့ ရိုက်ထားတာတွေ့ဖူးတယ်"

"ဟာ...ဗာရာဏသီပြည့်ရှင်က 'ဗြဟ္မဒတ်မင်းကြီး' မဟုတ်လား ဘဘ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ စာရိုက်တဲ့သူက 'ဗြဟ္မဒတ်' နဲ့ 'ဒေဝဒတ်' မှားပြီးရိုက်တာလေ။ ကွယ်လွန်သွားတဲ့ ဟာသစာရေးဆရာကြီး 'ကြပ်ကလေး' က အဲဒီလို အမှားမျိုးတွေကို ဟာသလုပ်ပြီးဝတ္ထုထဲမှာ ထည့်ရေးဖူးတယ်ကွဲ့"

"ပြောပြပါ ဘဘ"

"ဝတ္ထုတစ်ပုဒ်မှာ လူငယ်တစ်ယောက်ကို အင်တာဗျူးလုပ်တဲ့အခန်းပါတယ်။ မေးတဲ့သူက 'ဘုရားကို တိုက်ခိုက်တဲ့ မာရ်နတ်စီးတဲ့ဆင်နာမည်ဘာလဲလို့' မေးတယ်"

"ဟုတ်ကဲ့"

"ဒီတော့လူငယ်က 'မဏိမေခလာပါ ခင်ဗျာ' လို့ ဖြေလိုက်တယ် မေးတဲ့သူက၊ ဟား...မဟုတ်ပါဘူးကွာ ဆင်နာမည်က 'ဂီရိမေခလာ' ပါ၊ 'မဏိမေခလာ' ဆိုတာ ဇနကမင်းကိုကယ်တဲ့ နတ်သမီးပါလို့ ပြန်ပြောတယ်။ ရယ်ရတာပေ့ါကွယ်"

"ဟုတ်တယ်နော် ဘဘ။ 'မေခလာ' ချင်းတူနေတာကိုး"

"ဒီနာမည်တွေက အမြဲမသုံးတဲ့ ပါဠိနာမည်တွေမို့ မှားတာထားပါတော့၊ နေ့တိုင်းသုံးနေတဲ့ ရိုးရိုးနာမည်တွေလဲ မှားရိုက်တတ်တယ် ကွဲ့"

"ဟုတ်ကဲ့၊ ဘယ်နာမည်တွေပါလဲ ဘဘ"

"အင်္ဂလန်မှာနေရင်း ကွယ်လွန်သွားတဲ့ မြန်မာစာပေပညာရှင် 'ဦးတက်ထွတ်' ဆိုတာရှိတယ်။ တော်တော်ထင်ရှားပါတယ်။ ဒါပေမဲ့ ဆောင်းပါးမှာ 'ဦးတက်ထွတ်' လို့ရေးရင် ရိုက်တဲ့သူက 'ဦးတင်ထွတ်' လို့ ပြင်ရိုက်တာ ခဏခဏပဲကွယ်။ 'ဦးတက်ထွတ်' ဆိုတဲ့နာမည်ကို မကြားဖူးလို့လား၊ မှားတယ်ထင်လို့လား မသိဘူး"

"ဩော် – ဘဘတစ်ခါရေးတာ သမီးဖတ်ဖူးပါတယ်။ 'ဦးတင်လွင်' ကို 'ဦးတင့်လွင်' လို့ ရိုက်ထားတဲ့အကြောင်းလေ"

"ဟုတ်တယ်။ အရှေ့တိုင်းပညာပါမောက္ခ ဆရာကြီးနာမည်က 'ဦးတင်လွင်'။ အောက်ကမြစ် မပါဘူး။ အဲဒါလဲ 'ဦးတင့်လွင်' ဖြစ်သွားတာ များတယ်၊ သတိရလို့၊ ရယ်စရာပြောရအုံးမယ်၊ စာရိုက်မှားပုံအကြောင်းလေ"

"ပြောပြပါ ဘဘ"

"ဘဘတို့ခပ်ငယ်ငယ်က သီချင်းဝါသနာပါတော့ ဂီတစာစောင်တွေ ဝယ်ဖတ်တယ်။ 'ရေဒီယို ချိုတေးသံ' တို့၊ 'တေးဗိမာန်' တို့၊ 'သောတရှင်'တို့ ခုတော့မထုတ်ကြတော့ဘူးထင်တယ်။ အဲဒီစာစောင်တစ်ခုမှာ 'တွံတေးသိန်းတန်' အကြောင်း ဓာတ်ပုံနဲ့ပါတယ်။ တွံတေးသိန်းတန် နာမည်ကြီးစပေ့ါ။ လှလှပပရိုက်ထားတဲ့ ဓာတ်ပုံအောက်မှာ နာမည်စာတန်းရိုက်ထားတာ၊ ဘဘတို့ကြည့်ပြီးရယ်လိုက်ရတာလေ"

> "ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မှားရေးတာတော့ ဘယ်ဖြစ်နိုင်မလဲကွယ်။ စာစီဆရာက 'ဝဠ္ဍလ' ကို 'ဝလဠ္ဍ' လို့ မှားရိုက်ထားတော့ အမှန်ထင်ပြီး အစဉ်အဆက်ကိုးကားကြတာလေ။ အမှန်ကိုမသိရင် တော်တော်ပြဿနာကြီးတယ်နော်။ ဒါကြောင့် စာစီမှားတဲ့ပြဿနာကို ဘဘ အလေးအနက်ပြောရတာပါ"

"ဘာဖြစ်လို့လဲ ဘဘ"

'တွံတေးသိန်းတန်' လို့ ရိုက်တာ ဝဆွဲက နေရာလွဲသွားတာကိုး။ 'တွံတေးသိန်းတန်' က 'တံတွေးသိန်းတန်' ဖြစ်သွားရော"

"ဟား ဟား၊ ရယ်ရတယ်နော် ဘဘ"

"နောက် ရယ်စရာတစ်ခု ဖတ်ရသေးတယ်။ ကိုလိုနီခေတ်တုန်းက မြန်မာပြည်ကို ဝေလမင်းသားကြွလာတဲ့ သတင်းရေးတာလေ။ ဝေလမင်းသားဆိုတာ ဝေလနယ်ကိုစားရတဲ့ အင်္ဂလိပ်အိမ်ရှေ့မင်းသားဆိုတော့ အရေးကြီးပုဂ္ဂိုလ်ပေ့ါ။ ဝေလမင်းသားက မြန်မာပြည်ကိုလာပြီး အပျော်အမဲလိုက်တဲ့ သတင်းကိုရေးတာ ဘယ်လိုပါသလဲဆိုတော့ 'ဝေလမင်းသားသည် ကြောင်တစ်ကောင်ကိုပစ်ခတ်ရရှိသည်' လို့ပါသတဲ့"

"ဟင်–ကြောင်တစ်ကောင်ပစ်ခတ်တာတဲ့လား ဘဘ"

"အေး၊ အဲဒီလိုဆိုရင်တော့ ရယ်စရာကြီးပေ့ါ။ အမဲလိုက်တာ ကြောင်တစ်ကောင်ရတယ်ဆိုတော့ တစ်ခုခုလွဲနေပြီလို့ သိနိုင်တာပေ့ါ။ နောက်မှ သတင်းစာ စာစီသမားရဲ့လက်ချက်ဆိုတာသိရသတဲ့။ တကယ်က 'ပြောင်တစ်ကောင်' လို့ ရေးတာ၊ ပြောင်ဆိုတာ တောသတ္တဝါကြီးလေ။ ပြောင်ကို စာစီသမားကမသိတော့ 'ပြောင်တော့ မဖြစ်နိုင်ဘူး။ ကြောင်ပဲဖြစ်မှာပါ' ဆိုပြီး မှားရိုက်လိုက်တော့ ဟာသဖြစ်သွားတာပေ့ါကွယ်"

"သမီးလဲ ခုမှကြားဖူးပါတယ် ဘဘ၊ မှတ်ထားပါ့မယ်"

"ဘဘ ဆောင်းပါးမှာသီချင်းအကြောင်းရေးတာ ဂီတစာဆို 'ကိုအောင်ကိုး' လို့ရေးတာ၊ ပုံနှိပ်တော့ 'ကိုအောင်တိုး' ဖြစ်သွားရောလေ။ နောက်တစ်ခါ ဦးနုရဲ့ 'လူထုအောင်သံ' ပြဇာတ်အကြောင်း ရေးတော့ ဘယ်လိုဖြစ်သွားတယ်ထင်သလဲ 'လူထုအော်သံ' ပြဇာတ်တဲ့၊ ကောင်းရော။ စာစီတဲ့လူငယ်က လူထုအောင်သံပြဇာတ်အကြောင်း မကြားဖူးတော့ သူကြားဖူးတဲ့ 'လူထုအော်သံ' ထင်ပြီး မှားရိုက်လိုက်တာပေ့ါကွယ်"

"ဟုတ်ကဲ့"

"စာအကြောင်း၊ ပေအကြောင်း ရေးတော့ ဘဘက 'ဥပစာ' လို့ရေးတာကို စာစီတဲ့သူက 'ဥပမာ' လို့ ပြင်စီတာလဲ ခဏခဏပဲ။ သူက 'ဥပမာ' နဲ့ ရင်းနှီးပြီး 'ဥပစာ' ကို မကြားဖူးဘူးထင်တယ်နော်"

"သတိထားစရာပဲနော် ဘဘ"

"ဆရာတက်တိုး တစ်ခါကရေးဖူးတယ်။ စာစီတဲ့သူက သူ့နာမည် 'တက်တိုး' ကို 'တက်ထိုး' လို့ စီထားတော့ ဆရာက စာစီသမားကို ဆူပူပြီးအမှန်ပြန်ပြင်ခိုင်းတော့ အခြားစာလုံးဖြစ်သွားပြန်ရောတဲ့။ အမှတ်တရပါပဲ"

"အထိတ်တလန့်ကိစ္စတစ်ခုရှိသေးတယ်။ မြစ်ကြီးနား ဗန်းမော်အောက်နားက ဧရာဝတီ ပထမမြစ်ကျဉ်းနားမှာ 'ဖွန်း' ဆိုတဲ့ လူမျိုးတွေ ရှိတယ်။ 'ဖွန်းဘာသာစကား' လဲရှိတယ်။ လူမျိုးရော၊ ဘာသာစကားရော အခုတိမ်ကောသွားပြီ။ အဲဒီအကြောင်းရေးတာကို စာစီဆရာက ဘယ်လိုစီတယ်ထင်သလဲ။ ဖွန်းလူမျိုးဆိုတာမှားရေးတယ်ထင်လို့လားမသိဘူး။ 'မွန်လူမျိုး' လို့ ရိုက်လိုက်လို့လေ။ တော်ပါသေးရဲ့ စာအုပ်မထွက်ခင်အချိန်မီသိလို့ ကမန်းကတန်းလိုက်ပြင်ရတယ်"

"သည်းထိတ်ရင်ဖိုပဲနော် ဘဘ"

"ဘဘ အရင်လဲရေးဖူးပါတယ်။ စာအုပ်ထဲမှာ မှားပြီးရိုက်ထားတာကို အမှန်ထင်ပြီး လိုက်သုံးလို့ အမှန်ပြင်ဖို့ တော်တော်ခက်ခဲသွားတဲ့အကြောင်း တစ်ခုပါ။ သမီးစာပေရသတွေအကြောင်း သိတယ်မဟုတ်လား"

"သိပါတယ် ဘဘ။ ရသကိုးပါးအကြောင်း လေ့လာထားပါတယ်"

"အဲဒီရသတွေအပြင် မိဘနဲ့သားသမီး၊ မောင်နဲ့နှမ၊ သူငယ်ချင်းချင်း စသည်ဖြင့် ၅၂၈ သွယ်မေတ္တာနဲ့ ချစ်တဲ့အချစ်ကို ဖွဲ့တဲ့စာကို 'ဝလဠ္ဍရသ' မြောက်တယ်လို့ ဆရာကြီးဦးလွန်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပေ့ါ။ ဆရာကြီးရဲ့ 'ကဗျာသာရတ္ထ သင်္ဂြိုဟ်' ဆိုတဲ့ ကဗျာကျမ်းမှာ ပါတယ် – ကွဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒီကျမ်းကို ကိုးကားပြီး စာရေးဆရာကြီး ဆရာမကြီးတွေ သုံးလေးယောက်ပါပဲ။ နာမည်တော့ မပြောတော့ပါဘူး။ အဲဒီ ဝလဠ္ဍရသအကြောင်း ရေးကြ၊ ပြောကြတယ်။ သိကောင်းစရာတစ်ခုပါပဲ။ ဒါပေမဲ့ 'ဝလဠ္ဍ' ဆိုတဲ့အသုံးကို ပါဠိမြန်မာအဘိဓာန်မှာ ရှာကြည့်တော့ မတွေ့ဘူးကွဲ့။ နောက်တော့ စာလုံးမျှားမှားလို့လားဆိုပြီး ရှာတော့ 'ဝလဠ္ဍ' မဟုတ်ဘဲ 'ဝဠ္ဍလ' ဖြစ်နေတာ တွေ့ရတယ်။ 'ဝဠ္ဍလျ' လို့လဲ ရေးတယ်။ ကလေးသူငယ်လို့ အဓိပ္ပာယ်ရတယ်။ ကလေးသူငယ်ကိုချစ်တဲ့ဖြူစင်တဲ့ မေတ္တာကိုဖွဲ့ရင် ဝဠ္ဍလ ရသ မြောက်တယ်ပေါ့ကွယ်"

"ဩော် – သမီးလဲ မသိပါဘူး ဘဘ"

"ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မှားရေးတာတော့ ဘယ်ဖြစ်နိုင်မလဲကွယ်။ စာစီဆရာက 'ဝဠ္ဍလ' ကို 'ဝလဠ္ဍ' လို့ မှားရိုက်ထားတော့ အမှန်ထင်ပြီး အစဉ်အဆက်ကိုးကားကြတာလေ။ အမှန်ကိုမသိရင်တော်တော်ပြဿနာကြီးတယ်နော်။ ဒါကြောင့် စာစီမှားတဲ့ပြဿနာကို ဘဘ အလေးအနက်ပြောရတာပါကွယ်"။ ။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ငွေရေးကြေး ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (FSDP) အောက်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် The Flap Barrier System and Accessories for Central Bank of Myanmar-NayPyitaw Headquarter and Yangon and Mandalay Branches ဝယ်ယူရေးလုပ်ငန်းအတွက် ဝန်ဆောင်မှုပေးနိုင်သည့် ပြည်တွင်းကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂၇-၇-၂၀၂၀ ရက်မှ ၃၀-၇-၂၀၂၀ရက်အထိ ရုံးချိန်အတွင်း အင်ဂျင်နီယာဌာနစိတ်(စက်မှု)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ နေပြည်တော်တွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၈-၂၀၂၀ရက်၊ ၁၄:၀၀ နာရီမတိုင်မီ နောက်ဆုံးထား၍ ရုံးအမှတ် (၅၅)၊ မြန်မာနိုင်ငံတော်ဗဟို ဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ရာဇသင်္ဂဟလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်တွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ တစ်ရာခိုင်နှုန်းအား တင်ဒါအာမခံကြေးအဖြစ် သုံးလသက်တမ်းရှိ သော Bank Guarantee အား သက်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်၍ တင်သွင်းရမည်။ (ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ပါ။)

၅။ အသေးစိတ်သိရှိလိုပါသော အချက်အလက်များရှိပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ နေပြည်တော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇-၃၄၃၈၂၉၃၊ ၀၆၇-၃၄၃၈၇၇၁တို့သို့လည်းကောင်း၊ အီးမေးလ်လိပ်စာ pcu.fsdp@cbm.gov. mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဝယ်ယူရန်အတွက် လိုအပ်သည့် ပြည်ပနိုင်ငံထုတ် မော်တော်ယာဉ် (၅)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၇-၂၀၂၀ရက်
(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၁၁-၈-၂၀၂၀ရက်၊ ၁၆:၀၀နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - စက်ရုံနှင့် မော်တော်ယာဉ်ဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၆၇-၃၄၃၂၀၈၁၊ ၀၆၇-၃၄၃၂၀၈၃ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးထွန်းထွန်း၏ သမီး ရန်ကုန်မြို့၊ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိခန့်ခန့်ပိုင် ၁၁/ ကဖန(နိုင်)၁၄၅၃၀၆ အား မဆုလာဘ်မြင့်မိုရ်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုလာဘ်မြင့်မိုရ်**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကျိုက်ဒုံမြို့ အထက တက္ကသိုလ်ဝင်တန်းမှ နန်းအဲသောကြာ၏ ဖခင်အမည်မှန်မှာ ဦးစောကျော်ပိ ၃/ကဒန(နိုင်)၀၀၇၀၅၇ ဖြစ်ပါကြောင်း။ **ဦးစောကျော်ပိ**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ရွာတန်း အထက တက္ကသိုလ်ဝင်တန်းမှ မသင်းသင်းခိုင်၏ဖခင် ဦးမောင်ပု၏ အမည်မှန်မှာ ဦးဘိုပု ၉/ရမသ(နိုင်)၁၉၅၈၇၂ ဖြစ်ပါကြောင်း။

## အမည်မှန်

မင်းဘူးမြို့ အထက(၂) (Grade-3) အောင် ဦးအောင်ခိုင် ၈/မဘန(နိုင်)၀၆၇၄၃၃၏ သမီး အမည် မှန်မှာ မခင်သီရိခေတ်ဖြစ်ပါကြောင်း။ **မခင်သီရိခေတ်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ကြို့ပင်ကျေးရွာ (အထက-ခွဲ)၊ G-10 မှ မစုပိုအောင်၏ဖခင်အမည်မှန်မှာ ဦးတိုးနိုင် ၅/မကန(နိုင်)၀၆၈၉၇၂ ဖြစ်ပါကြောင်း။ **ဦးတိုးနိုင်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ် ကျောက်စံကျေးရွာ အထက သတ္တမတန်းမှ မသက်ဖူးစုံနှင့် မသက်ဖူးငုံတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၈/မဘန(နိုင်)၁၁၀၈၅၂ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ စည်ပင်အုပ်စု၊ ဂဠုံလိုက်ကျေးရွာနေ ဦးလှဆိုင်-ဒေါ်ညွန့်စိန်တို့၏သမီး မမေမြတ်ဝင့် ၇/ သဝတ(နိုင်)၀၉၄၅၈၁၏ အမည်မှန်မှာ မမေမြဝင့် ဖြစ်ပါကြောင်း။ **မမေမြဝင့်**

## ဖခင်အမည်မှန်

အိမ်မဲမြို့နယ်၊ အထက(၁) အိမ်မဲ တက္ကသိုလ်ဝင်တန်း(E)မှ မချိုနွယ်ဦး၏ဖခင်အမည်မှန်မှာ ဦးစိုးသက်ဦး ၁၄/ အမန(နိုင်)၁၀၅၂၉၉ ဖြစ်ပါကြောင်း။ **ဦးစိုးသက်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/8112 DAIHATSU HIJET SD 10P P/U (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လှ ၁၃/ညရန(နိုင်) ၀၃၁၇၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဒေါ်နန္ဒာထင်လင်းကျော် အမည်ပေါက် မြေကွက်အမှတ်(၁၂၇၉)အား နောက်ဆုံးဝယ်ယူထားသူ ဦးစိုးသီဟကျော် ၁၂/ လမတ(နိုင်) ၀၃၁၉၉၈ ၊ ဒေါ်သက်နှင်းဆီ ၉/ ပမန(နိုင်)၁၉၄၉၂၆ တို့မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက် ၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း နေရာ(၉)နေရာတွင် CCTV Camera များ တပ်ဆင်ခြင်းအတွက် စိတ်ပါဝင်စားသူ ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံ ရောင်းချမည့်နေရာ - ဒဂုံမြို့နယ်၊ပြည်လမ်း၊လွှတ်တော်ဝင်း အတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာန
(ခ) တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁၀-၇-၂၀၂၀ရက်
(ဂ) တင်ဒါပုံစံပိတ်မည့်ရက် - ၉-၈-၂၀၂၀ရက် ၁၆:၀၀နာရီ
(ဃ) တင်ဒါပုံစံ တင်သွင်းရမည့်ရက် - ၁၀-၈-၂၀၂၀ရက် ၁၆:၀၀နာရီ

၂။ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း နေရာ ၉နေရာတွင် CCTV Camera များတပ်ဆင်ခြင်းလုပ်ငန်းများအား စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ ကုမ္ပဏီများမှ အသေးစိတ်အချက်အလက်များသိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁-၈၃၁၇၅၂၀၊ ၀၁-၈၃၁၇၅၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါ ခေါ်ယူရေးအဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်-၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် နေ့ရက် | တင်ဒါပိတ်ချိန် နာရီ | တင်ဒါဖွင့်ချိန် နေ့ရက် | တင်ဒါဖွင့်ချိန် နာရီ |
|---|---|---|---|---|---|
| အမှတ်(၄) ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၃,၀၀၀ | ၁-၉-၂၀၂၀ | ၁၂:၀၀ | ၁-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၈-၉-၂၀၂၀ | ၁၂:၀၀ | ၈-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၁၅-၉-၂၀၂၀ | ၁၂:၀၀ | ၁၅-၉-၂၀၂၀ | ၁၄:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၃,၀၀၀ | ၁-၉-၂၀၂၀ | ၁၂:၀၀ | ၁-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၈-၉-၂၀၂၀ | ၁၂:၀၀ | ၈-၉-၂၀၂၀ | ၁၄:၀၀ |
| | ၃,၀၀၀ | ၁၅-၉-၂၀၂၀ | ၁၂:၀၀ | ၁၅-၉-၂၀၂၀ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/2757 Toyota Landcruiser S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၃/ဘအန(နိုင်)၀၂၉၅၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ ကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၁၈၁၆၁Honda Wave M/C လက်ဝယ်ရှိသူ ဦးမိုးသီဟဇော် ၃/ဘအန(နိုင်)၁၇၃၆၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁-က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ ၀ဒသမ၂၂၉ဧကရှိ မြေကွက်အမှတ် (ဥ-၅၈၁၀)၊ ဦးမြင့်နိုင်စိုး ၉/မသန(နိုင်)၀၇၄၄၅၁ (ဘ)ဦးလှအောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်သီသီထွန်း ၅/ရဘန(နိုင်)၁၂၉၇၀၂ (ဘ)ဦးတင်ထွန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၇၀၈) (၁၇-၁၂-၂၀၁၉) တင်ပြ၍ ဒေါ်သီသီလှိုင် ၁၂/ဥကမ(နိုင်)၀၂၄၃၇၀ (ဘ)ဦးကျော်အေး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ-၃၄၃၁၇)၊ ဦးထွန်းအေး ၁၂/တမန(နိုင်)၀၇၃၁၃၄ (ဘ)ဦးအုန်းဖေ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးတင်အေး ၁၂/တမန(နိုင်)၁၁၈၇၁၆ (ဘ)ဦးဘိုနီ(ခ)ချန်ဘွန်လီမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈/၂၀၁၆)တင်ပြ၍ ဒေါ်ငြိမ်းချမ်းဝေ ၁၁/ရဗန(နိုင်)၀၆၁၀၂၁နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ဥတ္တရသီရိရပ်၊ မြေဧရိယာ ၀ဒသမ ၆၉၂ ဧက၊ မြေကွက်အမှတ်ဥ-၂၁၀၉၊ ဦးအေးမြင့်မောင် ၁၂/ လကန(နိုင်)၀၂၀၈၆၄ (ဘ)ဦးမြင့်သိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်သန့်ရတနာအောင် ၁၂/ ကမရ(နိုင်)၀၆၆၄၇၅ (ဘ)ဦးအောင်ကျော်မြင့်မှ နေပြည်တော် စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၈(၁၁-၃-၂၀၂၀) တင်ပြ၍ ဦးအောင်ကျော်မြင့်-ဒေါ်မြင့်မြင့်သန်း ၁၃/မခန(နိုင်)၀၀၄၇၃၃၊ ၇/သဝတ(နိုင်)၀၀၅၇၆၂ (ဘ)ဦးရွှေရ၊ ဦးအောင်ကြီးအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဦးလရှီးနော်၏သမီး လားရှိုးမြို့၊ အထက (၄) ပဉ္စမတန်း တက်ရောက်မည့် မရွှယ်ထွယ်၏ အမည်မှန်မှာ မဂျီးတွမ် ဖြစ်ပါသည်။

## အမည်မှန်နှင့် ဖခင်အမည်မှန်

ကွမ်းလုံမြို့၊ အထက နဝမတန်းမှ မယေ့ပလွတ်၏အမည်မှန်မှာ မယေ့ပလိပ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးညီရှန်း ၁၃/ဟပတ(နိုင်)၀၂၄၄၂၅ ဖြစ်ပါသည်။

## အမည်မှန်

မြင်းခြံမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း အခန်း(၂)မှ ဦးရန်အောင် ၉/ မခန(နိုင်၀၁၆၉၂၈၉ သမီး၏ အမည်မှန်မှာ မစန္ဒီဦး ၉/မခန(နိုင်)၂၉၉၆၉၈ ဖြစ်ပါကြောင်း။ **မစန္ဒီဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ (၆)၊ ရပ်ကွက် (၁၂)တွင် အောင်ပါစေမုန့်တိုက် အမည်ဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ ကုန်အမှတ်တံဆိပ်အမှတ်အသားကို တစ်ဦးတည်းမူပိုင်မှတ်ပုံတင်၍ ထုတ်လုပ်ရောင်းချခဲ့ပါသည်။ အဆိုပါ အမည် ဖြင့် ထုတ် လုပ်ရောင်းချနေသည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

**မကြူကြူ(ခ)ငွေပုလဲ**
**၁၃/လရန(နိုင်)၁၇၉၂၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက်၊ အကွက်အမှတ် ၁၇၈၊ ဦးပိုင် ၃၃၇၊ ၀ဒသမ၂၄၁ဧကရှိ မြေကွက်ကို ဒေါ်ခင်အုန်းမြင့် ၁/ဗမန (နိုင်)၀၂၇၅၆၄သည် လွန်ခဲ့သော ၁၇ နှစ်မှစတင်၍ ပိုင်ဆိုင်နေထိုင်ခဲ့ပြီး မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လို ပါက ၁၄ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်အုန်းမြင့်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/9355 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 40W/99241 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းယုဝေ ၇/ဖမန (နိုင်)၁၄၅၈၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိ အနောက်ရပ်၊ မြေဧရိယာ ၀ဒသမ၂၂၉ ဧကရှိ မြေကွက်အမှတ် (ဥ-၃၀၁၆)၊ ဦးစိုးနွယ် ၁၁/စတန(နိုင်)၀၀၄၃၁၅ (ဘ)ဦးစောလှိုင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဖြိုးမွန်မွန်ဦး ၁၂/မဂတ(နိုင်)၀၉၇၆၄၉ (ဘ)ဦးခင်မောင်ကြည်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၊ (၅-၆-၂၀၁၈) တင်ပြ၍ ဒေါ်စောသီတာမြင့် ၁၂/မရက(နိုင်)၀၃၇၀၇၇ (ဘ) ဦးကျော်မြင့် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 27W/94685 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ငြိမ်း ၇/အတန (နိုင်)၁၀၂၀၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့ | ရပ်/ကျေး | အကွက် အမှတ် | ဦးပိုင် အမှတ် | ဧရိယာ ဧက | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းကိုကို | ချောင်းသာ | အမှတ်(၂) | ၁၉၉၀ | ဃ-၁၀၅ | ၀.၀၇၁ | မြေပေးမိန့် |
| ၂ | ဦးစောလေးမော | ချောင်းသာ | အမှတ်(၂) | ၁၉၉၀ | ဂ-၆၃<br>ဂ-၆၃ | ၀.၀၆၅<br>၀.၀၆၄ | မြေပေးမိန့် |
| ၃ | ဦးဇော်မင်းလတ် | ပုသိမ်မြို့ | အမှတ်(၃) | ၃၅/ မီးရထားလမ်း | ၂၇/၁၂၉ | ၀.၀၆၀ | မြေငှားဂရန် ဦးပိုင်ခွဲစိတ် |
| ၄ | ဦးဇော်မင်းလတ် | ပုသိမ်မြို့ | အမှတ်(၃) | ၃၅/ မီးရထားလမ်း | ၂၇/၁၂၉ | ၀.၀၆၀ | မြေငှားဂရန် ဦးပိုင်ခွဲစိတ် |

ဖော်ပြပါ လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်၊ အမှတ်(က-၂၀)နေ ဒေါ်မျိုးမဥ္ဇူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရေငယ်ကျေးရွာအုပ်စု၊ ရပ်ကွက်ကြီး(၁၁)၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်ရေငယ်တောင်၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ (၂၁)ဧက ရှိမြေနှင့် အကျိုးခံစားခွင့်များကို ဦးမျိုးလွင်က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်အမှတ် (၀၂၂/လယ-၁)(၂၆-၃-၂၀၁၄)ဖြင့် လုပ်ပိုင်ခွင့် ရရှိပြီး ပိုင်ဆိုင်ခဲ့ပါသည်။

၁။ အထက်အပိုဒ်(၁)ပါ မြေအနက် မြေဧရိယာ (၅)ကေ ဦးပိုင်အမှတ်(၃၈/၁)ကို ဦးမောင်အောင်က ဦးမျိုးလွင်ထံမှ ခွဲဝေဝယ်ယူပြီး ပိုင်ဆိုင်ပါသည်။ အဆိုပါမြေအနက် မြောက်လားသော်-လမ်း+ ဦးဟံဝင်းအောင်၏ ခြံ၊ တောင်လားသော်-လမ်း+ ဦးသန်းထွေးဖြူ၏ ခြံ၊ အရှေ့လားသော်-ဦးမျိုးကိုကို၏ ခြံမြေ၊ အနောက်လား သော်-ဦးမောင်အောင်၏ ကျန်အပိုင်းတွင်တည်ရှိသော မြေဧရိယာ ၀ဒသမ ၇ကေအား လက်ရှိပိုင်ရှင် ဦးမောင်အောင်ထံမှလည်းကောင်း....

၂။ အထက်အပိုဒ်(၁)ပါ မြေအနက်မှ မြေဧရိယာ (၅)ကေ ၊ ဦးပိုင်အမှတ်(၃၈/၂)ကိုဦးသန်းထွေးဖြူက ဦးမျိုးလွင်ထံက ခွဲဝေဝယ်ယူပြီး ပိုင်ဆိုင်ပါသည်။ အဆိုပါ မြေအနက်မြောက်လားသော် ဦးမောင်အောင်၏ခြံ၊ တောင်လားသော်-ဒေါ်ဝေဝေဇော်၏ခြံ၊ အရှေ့လားသော် ဦးမျိုးကိုကို၏ခြံမြေ၊ အနောက်လားသော် ဦးသန်းထွေးဖြူ၏ ကျန်အပိုင်းတွင်တည်ရှိသော မြေဧရိယာ ၀ဒသမ၉ ကေအားလက်ရှိပိုင်ရှင် ဦးသန်းထွေးဖြူထံမှ လည်းကောင်း.....

၃။ အထက်အပိုဒ်(၁)ပါ မြေအနက်မှ မြေဧရိယာ (၄)ကေ ဦးပိုင်အမှတ်(၃၈/၃)ကို ဦးမျိုးကိုကိုက ဦးမျိုးလွင်ထံက ခွဲဝေဝယ်ယူပြီး ပိုင် ဆိုင်ပါသည်။ အဆိုပါမြေအနက်မြောက်လားသော် ဦးဟံဝင်းအောင်၏ခြံ၊ တောင်လားသော် လုံခြုံရေးစခန်း+ လမ်း၊ အရှေ့လားသော်- ဦးဟံဝင်းအောင်၏ခြံမြေ၊ အနောက်လားသော် ဦးသန်းထွေးဖြူ+ ဦးမောင်အောင်+ဒေါ်ဝေဝေဇော် တို့၏ခြံ၊ ကျန်အပိုင်းတွင် တည်ရှိသော မြေဧရိယာ(၃ဒသမ၅) ကေအား လက်ရှိပိုင်ရှင် ဦးမျိုးကိုကိုထံမှလည်းကောင်း...

၄။ အထက် အပိုဒ်(၁)ပါ မြေအနက်မှ မြေဧရိယာ (၆)ကေ ၊ ဦးပိုင်အမှတ် (၃၈/၄)ကို ဒေါ်ဝေဝေဇော်က ဦးမျိုးလွင်ထံမှ ခွဲဝေဝယ်ယူပြီး ပိုင်ဆိုင်ပါသည်။ အဆိုပါ မြေအနက် မြောက်လားသော်-ဦးသန်းထွေးဖြူ၏ခြံ၊ တောင်လားသော်-လမ်း၊ အရှေ့လားသော် ဦးမျိုးကိုကို ၏ ခြံမြေ၊ အနောက်လားသော် ဒေါ်ဝေဝေဇော်၏ ခြံ၊ ကျန်အပိုင်းတွင်တည်ရှိသော မြေဧရိယာ ၀ဒသမ၉ ကေအား လက်ရှိပိုင်ရှင် ဒေါ်ဝေဝေဇော် ထံမှလည်းကောင်း....

လက်ရှိပိုင်ရှင်များဖြစ်သော ဦးမောင်အောင်၊ ဦးသန်းထွေးဖြူ ဦးမျိုးကိုကို၊ ဒေါ်ဝေဝေဇော် တို့က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေဒေါ်မျိုးမဥ္ဇူမှ အပြီးငွေပေးချေ၍ ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမဥ္ဇူ၏ အထက်ပါမြေကွက်များအတွက် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံး တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမဥ္ဇူထံသို့ ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမဥ္ဇူက ၎င်းအမည်ဖြင့် ဦးပိုင်အမည်ပြောင်းမည့် ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မျိုးမဥ္ဇူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉- ၇၉၂၀၄၅၈၇၅၊ ၀၉- ၇၈၂၀၄၅၈၇၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## မိုးကောင်းမြို့နယ်တရားမရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၀

ဦးဘိုနိုင် နှင့် ဦးထွန်းရွှေ
တရားလို တရားပြိုင်

မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ မြို့မရပ်ကွက်၊ အမှတ်(၂၅၄)နေ ဦးထွန်းရွှေ(ခ) ရှမ်းလေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘိုနိုင်က အုတ်ဖိုးငွေ (၅၇)သိန်းကျပ်နှင့် နစ်နာကြေး(၁၃)သိန်း၊ စုစုပေါင်းကျပ်သိန်း(၇၀)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၁ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိုက်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်ဇေယျာဝင်း)**
**မြို့နယ်တရားသူကြီး**
**မိုကောင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ် (၃၅)၊ ဘူတာရပ်၊ ဦးပိုင်အမှတ် (၁၇၅)၊ ဧရိယာ ၀ဒသမ ၀၇၈ ဧကရှိ ဒေါ်စုစုကျော် (ဘ) ဦးကျော်မြင့် ၁၄/ဟသတ(နိုင်)၀၅၃၆၄၂ အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန် အမည်ပေါက်မြေကွက်၊ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ် (၃၅)ဘူတာရပ်၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ ၀ဒသမ ၁၃၅ ဧကရှိ ဦးကျော်မြင့် (ဘ) ဦးညီပု BU-၀၁၅၁၁၆ (ကွယ်လွန်)၊ ဇနီး ဒေါ်သန်းသန်း(ဘ) ဦးညိုမောင် ၁၄/ဟသတ(နိုင်)၀၅၃၈၁၇ (ကွယ်လွန်)အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန် အမည်ပေါက် မြေကွက်၊ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမွေဆက်ခံခွင့်ရရှိသော သားသမီးအရင်းများဖြစ်ကြသည့် ဒေါ်စုစုကျော် ၁၄/ဟသတ(နိုင်)၀၅၃၆၄၂၊ ဦးကျော်ဇေယျ ၁၄/ဟသတ(နိုင်)၀၅၄၅၃၆၊ ဦးကျော်သူရ ၁၄/ဟသတ(နိုင်)၀၅၃၈၁၈ တို့မှ ကျွန်ုပ်၏မိတ်ဆွေထံ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေက ဥပဒေနှင့်အညီ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးငွေစိုး (စဉ်-၃၂၃၁)၊ အထက်တန်းရှေ့နေ**
**အမှတ် (၅၁၇)၊ ညောင်ကုန်းတာကြီးတန်း**
**ညောင်ပင်ရပ်ကွက်၊ ဟင်္သာတမြို့**
**ဖုန်း-၀၉-၂၅၄၅၉၁၀၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ အနော်မာလမ်း၊ မြေကွက်အမှတ် ၇၀၈၊ အလျား၃၉ပေ၊ အနံပေ၆၀၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧက အကျယ်အဝန်းရှိ မြို့ပြမြေစာရင်းတွင် ဦးအောင်မြင့် ၁၂/လမတ(နိုင်) ၁၀၇၄၃၅ အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် ၆၀ ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်တွင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မြင့်ထံမှ မိမိကိုယ်တိုင်တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးရဲချို ၁၂/လသန(နိုင်)၀၀၇၃၃၁ ထံမှ ဝယ်ယူရန် ကျွန်တော် ဦးသောင်းဦးလွင် ၁၂/သကတ(နိုင်)၀၄၁၂၄၂က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသောင်းဦးလွင်**
**အမှတ်(၂၃/ဘီ)၊ ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ရန်ကင်းမြို့၊**
**ဖုန်း-၀၉-၅၁၁၃၀၇၈**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ကျွန်တော် ဦးထွန်းမြင့်အောင် (ဘ)ဦးထွန်းလှိုင် ၁၂/မဂဒ(နိုင်)၀၅၃၄၃၁ မှ ဦးဇင်လင်းထွန်း (ဘ)ဦးဝင်းနိုင်ထွန်း ၁၂/ဒဂမ(နိုင်)၀၂၂၄၆၅သို့ ၇-၈-၂၀၁၈တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၂၄၅/၂၀၁၈ အား ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးထွန်းမြင့်အောင်(ဘ)ဦးထွန်းလှိုင်**
**၁၂/မဂဒ(နိုင်)၀၅၃၄၃၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5964 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/1956 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွှာသာကြီး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လူတွေ့စစ်ဆေးမည့်အစီအစဉ်ကြေညာခြင်း
## ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်
## ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၄ ရက်
## ကြော်ငြာစာအမှတ် - (၃/၂၀၂၀)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော တောအုပ်ကြီး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး ၄၂ နေရာတွင် ရွေးချယ်ခန့်ထားနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်များရေးဖြေစစ်ဆေးခြင်းကို ၁၁-၇-၂၀၂၀ ရက်နှင့် ၁၂-၇-၂၀၂၀ ရက်တို့တွင် သစ်တောသုတေသနဌာန၊ CFDTC (မှော်ဘီ)၊ CFDTC(ပုသိမ်ကြီး)နှင့် ရောဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ပုသိမ်မြို့တို့တွင် ပြုလုပ်ခဲ့ပါသည်။

၂။ ရေးဖြေစာမေးပွဲဖြေဆိုသူများအနက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စိစစ်ချက်အရ ၆၄ ဦးကို လူတွေ့စစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | လူတွေ့စစ်ဆေးမည့်နေ့ရက် | လူတွေ့စစ်ဆေးမည့်နေရာ |
|---|---|---|
| ၁ | ၈-၈-၂၀၂၀ ရက် (စနေနေ့) | ရုံးအမှတ် ၃၃၉၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် |
| ၂ | ၉-၈-၂၀၂၀ ရက် (တနင်္ဂနွေနေ့) | |

၃။ လူတွေ့ဖြေဆိုမည့်သူများအနေဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ ၇-၈-၂၀၂၀ ရက် (သောကြာနေ့) ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း)

၄။ လူတွေ့ဖြေဆိုမည့် အမည်စာရင်းကို သစ်တောဦးစီးဌာန၏ Website-www.forestdepartment.gov.mm နှင့် www.facebook.com/forestdepartment.gov.mm တို့တွင် ကြေညာထားရှိပါသည်။

၅။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၅၄၀၃၊ ၀၆၇-၃၄၀၅၁၈၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သစ်တောဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဓာတ်မှန်ဌာနတွင် (၂၅-၂-၂၀၁၇) ရက်မှ စတင်အသုံးပြုခဲ့သော 64 Slices CT (Model-SCENARIA, S/R No:S0230)စက်အတွက် ပြုပြင်ထိန်းသိမ်းရေးစာချုပ် (Preventive Maintenance Contract) ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်နှင့်အချိန်** - ၂၃-၇-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၈-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ 64 Slices CT (Model-SCENARIA, S/R No:S0230)စက်အတွက် ပြုပြင်ထိန်းသိမ်းရေးစာချုပ် (Preventive Maintenance Contract) ဆောင်ရွက်ရန်အတွက်အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)**
**ဖုန်း-၀၆၇၃-၄၂၁၄၆၂၊ ၀၆၇၃-၄၂၀၆၈၃**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၆၇ယ/၂၅၂၃ Honda Wave Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပိုင် ၉/ပမန(နိုင်)၁၈၇၀၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## လပွတ္တာမြို့နယ်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၉၃ နှင့် ဆက်နွှယ်သည့်
## ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၁၀၇

ဦးစိုးသိန်း နှင့် ဒေါ်ငွေသိန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အမှတ်(၄) ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၉၃ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော် တရားနိုင် ဦးစိုးသိန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**လပွတ္တာမြို့နယ်တရားရုံး**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (စည်ပင်သာယာရေးဝန်ကြီးဌာန)
## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စည်ပင်သာယာရေး လုပ်ငန်း(၂)ခု၏ ပစ္စည်းတင်ဒါအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | ပိုက်ပစ္စည်းအမျိုးအစား | အရေအတွက်(လုံး) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ပေလီမြို့ | ရေပေးရေးလုပ်ငန်း | ၁၂" ø PVC Pipe (13.5) Class | ၁၅၀ | |
| | | | ၁၀" ø PVC Pipe (13.5) Class | ၁၅၀ | |
| | | | ၈" ø PVC Pipe (13.5) Class | ၄၀၀ | |
| | | | ၆" ø PVC Pipe (13.5) Class | ၁၂၂၀ | |
| | | | ၄" ø PVC Pipe (13.5) Class | ၈၇၃ | |
| | | | ၃" ø PVC Pipe (13.5) Class | ၁၃၁ | |
| | | | ၂" ø PVC Pipe (13.5) Class | ၁၆၈၅ | |
| ၂။ | ဝမြို့ | ရေပေးရေးလုပ်ငန်း | ၆" ø PVC Pipe (13.5) Class | ၁၃၁၃ | |
| | | | ၄" ø PVC Pipe (13.5) Class | ၁၅၈၆ | |
| | | | ၃" ø PVC Pipe (13.5) Class | ၂၁၃၀ | |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းများကို ၂၇-၇-၂၀၂၀ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၆-၈-၂၀၂၀ ရက် ညနေ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စစ်တွေမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၃ နှင့် ၀၄၃-၂၂၀၀၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၇)လမ်း၊ အမှတ်(၃၄)ရှိ (MR.YANGON CO.,LTD) ၏ ၁၈-၆-၂၀၂၀ ရက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းချုပ်ဆိုသူ ဦးအောင်နိုင်လင်း ၁၂/သဃက(နိုင်)၁၈၇၀၉၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်လင်း ၁၂/သဃက(နိုင်)၁၈၇၀၉၀ (ဘ) ဦးလင်းကြည်သည် (MR.YANGON CO.,LTD) ၏ ၁၈-၆-၂၀၂၀ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ (၂၂-၆-၂၀၂၀)ရက်စွဲပါစာချုပ်အမှတ်-၅၉၃၁/၂၀၂၀ ဖြင့် (MR.YANGON CO.,LTD) ၏ မူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား**

**ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ်-၅၉၃၁/၂၀၂၀**

အထက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားဖြစ်သော MR.YANGON Purified Drinking Water ဟူသော ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ လက်ကမ်းကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့တွင်လည်းကောင်း အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို လိုအပ်သောနေရာများတွင် ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍ အသုံးပြုသွားမည်ဖြစ်သည့်အပြင် ရုပ်မြင်သံကြားအစီအစဉ်၊ Internet, Online, Website, E-mail, Facebook နှင့် ကြော်ငြာနည်းအမျိုးမျိုးတွင် အသုံးပြုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ (MR.YANGON CO.,LTD) ၏ တရားဝင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်သည့် ဤ MR.YANGON Purified Drinking Water အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ အသုံးပြု၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေမည့် ကုန်အမှတ်တံဆိပ်ကို ပြုလုပ်သုံးစွဲခြင်းမပြုကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ ဤတားမြစ်ချက်ကို ဖောက်ဖျက်၍ အတုအပပြုလုပ်ကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သန်း (LL.B)** **ဦးရဲအောင်နိုင်ထူး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၇၇/၈၅)** **အထက်တန်းရှေ့နေ(စဉ်-၃၃၀၄၆/၂၀၁၀)**
**အမှတ်(၉၁၈/က)၊ အင်းဝ(၈)လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၄၀၄၇A)၊ဦးဝင်းနိုင် ၁၂/တကန (နိုင်) ၀၉၁၃၃၂ (ဘ)ဦးစန်းရှိန် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်တင်လွမ် ၁၂/ပဗတ(နိုင်)၀၀၇၇၇၄(ဘ)ဦးရင်ဟုန်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၀၇/၂၀၁၅တင်ပြ၍ ဒေါ်အေးမြတ်ရည် ၁၂/ပဗတ(နိုင်)၀၀၀၃၁၈ ၊ ဒေါ်တင်လွမ် ၁၂/ပဗတ(နိုင်)၀၀၇၇၇၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင် ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ မြေကွက်အမှတ်(ဥ-၆၅၂၄)၊ ဒေါ်သဇင်ဦး ၁၂/တမန(နိုင်)၀၈၄၈၃၇ (ဘ)ဦးမျိုးဟန် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးဇာနည်လှိုင် ၁၄/နေဖ(နိုင်)၀၉၁၀၂၆(ဘ)ဦးစိန်လှိုင်မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၆၁(၂-၅-၂၀၁၉)တင်ပြ၍ ဒေါ်အေးပပလှိုင် ၉/မထလ(နိုင်)၂၂၁၀၆၃ (ဘ)ဦးသက်ဦးမောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ သစ်ရောင်းပြင်ကျေးရွာနေ ဦးတင်သောင်း- ဒေါ်အေးသန်းတို့၏သား မောင်ထွန်းထွန်းဝင်းသည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်သည်။

**(၎င်း၏ကိစ္စအဝဝ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။)**

**ဦးတင်သောင်း-ဒေါ်အေးသန်း**

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အထက (၇) နဝမတန်းမှ မဟေမာန်အောင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်လွင် ၁၂/သကတ(နိုင်)၀၉၁၂၆၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အထက (၇)၊ စတုတ္ထတန်းမှ မောင်သော်ဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်လှိုင် ၉/ညဥန(နိုင်)၁၅၆၉၅၉ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7457 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9972 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6537 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/4742 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (နေပြည်တော်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ဆေးရုံများအတွက် သွားဘက်ဆိုင်ရာဆေး(Silver Diammine Fluoride)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၄-၇-၂၀၂၀ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်ရက်** - ၂၁-၈-၂၀၂၀ရက် မွန်းတည့် ၁၂နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၁၁၀၆၂၈၊ ၀၆၇-၃၄၁၁၀၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အမှုသည်အဖြစ်ပါဝင်လိုပါက ပါဝင်နိုင်ကြောင်း ကြော်ငြာစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၁၊ နည်းဥပဒေ- ၈)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၄၃၂

ဦးသန်းငြိမ်းအောင် **နှင့်** ရာဇာစိုးငွေစုငွေချေး သမဝါယမအသင်းလီမိတက် (၎င်း၏ဥက္ကဋ္ဌ ဦးကျော်ကျော်စိုး)

**တရားလို** **တရားပြိုင်**

တရားလို ဦးသန်းငြိမ်းအောင်က တရားပြိုင် ရာဇာစိုး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်(၎င်း၏ဥက္ကဋ္ဌ ဦးကျော်ကျော်စိုး)အပေါ် ထည့်ဝင်ငွေ ကျပ်သိန်း ၄၇၀နှင့် အတိုးငွေကျပ် ၃၅၂၅၀၀၀၀/-စုစုပေါင်း ကျပ် ၅၀၅၂၅၀၀၀၀/-ကို ပြန်လည်ရလိုမှုစွဲဆိုထားပါသည်။ အဆိုပါအမှုတွင်(အကျိုးသက်ဆိုင်သူဟု ယူဆသူမည်သူမဆို အမှုသည်အဖြစ် ပါဝင်လိုပါက) ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်(၁၃၈၂ ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နည်းလမ်းတကျလွှဲအပ်ထားသော အခွင့်ရကိုယ်စားလှယ်နှင့်ဖြစ်စေ ဤရုံးသို့ လာရောက်လျှောက်ထားနိုင်ကြောင်း ကြော်ငြာလိုက်သည်။ အကယ်၍ လာရောက်လျှောက်ထားခြင်းမရှိလျှင် ဤရုံးက သင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၁၉ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၄၉

ဒေါ်ခင်စန်းဝင်း **နှင့်** ၁။ ဒေါ်မြအုန်း
၂။ ကိုသန်းထိုက်
၃။ မခင်ခင်မိုး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ တ/၁၅ ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်၂၇၉/ခနေ (၂)တရားပြိုင် ကိုသန်းထိုက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်စန်းဝင်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလိုများ၏အဆိုလွှာအား ထုချေရှင်းလင်းရန် မော်လမြိုင် ခရိုင်တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အောင်သစ္စာ(၅)လမ်း၊ ရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၈၁၀/က၊ အဆောက်အအုံအမှတ်-၈၁၀/က၊ ဒုတိယထပ်၊လေးလွှာ၊အကျယ်(၁၈x၅၅)ပေရှိ ရေမီးအစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ဆိုင်သူ ဒေါ်သန်းသန်းနွယ် ၁၂/သကတ(နိုင်)၀၅၇၈၆၉ က တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အထောက်အထားများဖြင့် အဆိုပြု၍ ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်လွင် ၁/ဝမန(နိုင်)၀၆၃၁၇၀မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာလှိုင်(LL.B)တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၄၁၆**
**အမှတ်(၂၅၈)၊မြေမြင့်ရပ်ကွက်၊**
**ပြည်ထောင်စုလမ်းမကြီး၊မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၂၁၁၃၅၊၀၉-၆၈၇၀၈၆၄၉၀**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အတွင်း အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင်ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ခဲတံနှင့် ဘောပင်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင်ကျောင်းသား ကျောင်းသူအားလုံး အခမဲ့ထောက်ပံ့ပေးရန်အတွက် ခဲတံနှင့် ဘောပင်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ် ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၄-၇-၂၀၂၀ရက် (သောကြာနေ့)
**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**ရောင်းချမည့်နေရာ** - ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီး
**တင်ဒါပိတ်မည့်ရက်** - ၄-၈-၂၀၂၀ရက် (အင်္ဂါနေ့) ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့တွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၀၆၈၅၁၊ ၀၈၁-၂၁၂၃၁၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ငဖဲမြို့နယ်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၂

ဒေါ်သိန်းသိန်းအေး **နှင့်** ဦးကြည်စိုး(ခ)ဦးခယု

**တရားလို** **တရားပြိုင်**

ငဖဲမြို့၊ ကျောင်းတွင်းရပ်ကွက်၊ မြို့ဦးကွက်သစ်နေ (ဘ)ဦးကျောက်စိန်၏သားဖြစ်သူ ဦးကြည်စိုး(ခ)ဦးခယု (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သိန်းသိန်းအေးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၁ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ယုယုအောင်)**
**မြို့နယ်တရားသူကြီး**
**(ငဖဲမြို့နယ်တရားရုံး**

## ကြော်ငြာစာ
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပေးပါရန် လျှောက်ထားခြင်းအပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် ၁၄

ဦးဇော်ခေါင်(မန်နေဂျင်းဒါရိုက်တာ)
အကြီးစားမြို့တော်ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီလီမိတက် **လျှောက်ထားသူ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရှာရပ်ကွက်၊ ပြည်နယ်အားကာတိုက်တန်း၊ အမှတ် 9-F တွင် ဖွင့်လှစ်ထားသည့် MEGA CITY CONSTRUCTION COMPANY LIMITED (၎င်းကုမ္ပဏီ၏ကိုယ်စားပြုတာဝန်ပေးအပ်ခြင်းခံရသူ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ခေါင်)မှ ၂၀၁၇ ခုနှစ် ကုမ္ပဏီများဥပဒေအရ ကုမ္ပဏီအား ONLINE စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်မှုအတွက် ယင်းဥပဒေပုဒ်မ ၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့မှ နည်းလမ်းတကျ လွှဲအပ်ထားသည့် အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အဆိုပါကင်းလွတ်ခွင့်အား ရသင့်/မသင့်ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၄ ရက် (၁၃၈၂ခုနှစ် ဝါခေါင်လဆန်း ၆ ရက် နံနက် ၁၀ နာရီတွင် ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်/မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူမည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထုတ်ဆင့်လိုက်သည်။ ကန့်ကွက်သူတစ်ဦးတစ်ယောက်မျှမရှိပါက အဆိုပါလျှောက်ထားချက်အား စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဝီလီ)**
**ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/6172, Dong Feng DFAC Van (4x2)L ယာဉ် လက်ဝယ်ရှိသူ ZTA Zhong Tong Express Myanmar Co., Ltd က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်ပြေ (၁၀)လမ်း အနောက်၊ အမှတ်(၁၄၇)၊ (ဒု)ထပ်ခေါင်းရင်းခန်းတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်သိဂီဦး[၁၂/မတထ(နိုင်)၀၂၆၉၈၁]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်းတိကျခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မသန္တာဝေ[၁၁/မဥန(နိုင်)၀၉၄၀၃၅]**
**အမှတ်(၄၃၆)၊မာန်ပြေ(၁၀)လမ်း၊အရှေ့၃/ရပ်ကွက်၊သာကေတမြို့နယ်။**
**ဖုန်း-၀၉-၂၅၀၄၅၃၂၁၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသကြသည့် လူနာများအား ကုသမှုပေးရာတွင် လိုအပ်သည့် IHC Marker နှင့် Reagent (၃၄)မျိုး ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၂၀ ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၈-၂၀၂၀ ရက်(အင်္ဂါနေ့) ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/6165, Dong Feng DFAC Van (4x2)L ယာဉ် လက်ဝယ်ရှိသူ ZTO Zhong Tong Express Myanmar Co., Ltd က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/6167, Dong Feng DFAC Van (4x2)L ယာဉ်လက်ဝယ်ရှိသူ ZTO Zhong Tong Express Myanmar Co., Ltd က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/6164, Dong Feng DFAC Van (4x2)L ယာဉ်လက်ဝယ်ရှိသူ ZTO Zhong Tong Express Myanmar Co., Ltdက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် ၁၁၊ ဦးပိုင်အမှတ် ၁၆၄/၂၊ မြေဧရိယာ ၀ ဒသမ ၁၃၆ ဧကရှိမြေကွက်သည် ဦးဘရန်နန်မှ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ နှစ်ကတည်းက ပိုင်ဆိုင်နေထိုင်လာခဲ့ကြောင်း၊ ၎င်း၏အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်၍ အခွန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အဆိုပါခြံမြေကွက်ကို ပိုင်ဆိုင်ထားကြောင်း၊ မြေယာအရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာမရှိပါကြောင်း၊ ဦးဘရန်နန် ၁/အဂယ(နိုင်)၀၀၀၃၉၁ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁-၆-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၅၅၆/၂၀၂၀)ကို ၁၇-၇-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၃၆၇/၂၀၂၀ ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၉၅/၁)၊ မြေဧရိယာ ၀ ဒသမ ၈၀၅ ဧကရှိ ဦးအားဒီးအမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်မြေကွက်ဖြစ်ပြီး ၄-၅-၂၀၁၁ ရက်တွင် ဦးအားဒီးထံမှ ဦးဇေယျာထွန်းနှင့် ဒေါ်မင်းမင်းအောင်တို့(၂)ဦးက နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီးဦးဇေယျာထွန်း ၁/ရကန(နိုင်)၀၂၄၃၈၁ အမည်ဖြင့် စက်မှု၊ စီးပွားမြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၀-၇-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၇၇/၂၀၁၈)ကို ၂၃-၇-၂၀၁၈ ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၂၃၈/၂၀၁၈)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ စက်မှု၊ စီးပွား မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၉၅/၂)၊ မြေဧရိယာ ၀ ဒသမ ၈၇၀ ဧကရှိ ဦးအားဒီးအမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် မြေကွက်ဖြစ်ပြီး ၄-၅-၂၀၁၁ ရက်တွင် ဦးအားဒီးထံမှ ဦးဇေယျာထွန်းနှင့် ဒေါ်မင်းမင်းအောင်တို့(၂)ဦးက နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်မင်းမင်းအောင် ၁/မကန(နိုင်)၀၀၂၈၄၃ အမည်ဖြင့် စက်မှု၊ စီးပွား မြေငှားဂရန် အသစ် ရရှိရေးအတွက် ၂၀-၇-၂၀၁၈ ရက်စွဲပါကျမ်းကျိန်လွှာအမှတ် (၃၇၇/၂၀၁၈)ကို ၂၃-၇-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၂၃၈/၂၀၁၈) အဖြစ် မှတ်ပုံတင်ပြုဆို တင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ စက်မှု၊ စီးပွား မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### အမည်မှန်နှင့် ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အဘားကျေးရွာ၊ အထက(ခွဲ)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မချစ်စုမ၏ အမည်မှန်မှာ မစုမြတ်နိုးဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးမြင့်ငွေး ၇/ပခန(နိုင်)၂၃၈၆၆၅ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

တောင်ငူမြို့၊ မဟာကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ ဦးကျော်စွာ၏သမီး မဆုစန္ဒီနွယ်အား မသဲဆုစန္ဒီနွယ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မသဲဆုစန္ဒီနွယ်**

### ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်း(A)မှ မောင်သက်မင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို ၇/တငန(နိုင်)၁၃၁၅၈၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ရေပြည့်မူလတန်းလွန်ကျောင်းမှ ဒုတိယတန်း အောင်မြင်ခဲ့သူ မသိမ့်သိမ့်သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းကျော် ၈/အလန(နိုင်) ၁၉၄၉၄၇ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းကျော်**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ရေပြည့်မူလတန်းလွန်ကျောင်းမှ သတ္တမတန်း (သင်ရိုးဟောင်း) အောင်မြင်ခဲ့သူ မဟန်နီထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းကျော် ၈/အလန(နိုင်)၁၉၄၉၄၇ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းကျော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်မှ မှတ်ပုံတင်အမှတ် ၁၁/ရသတ(နိုင်) ၀၃၉၀၀၅ကိုင်ဆောင်သူ မစောစောဝင်း (ခ) မစိုးစိုးဝင်းမှာ တစ်ဦးတစ်ယောက်တည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/9020 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/4617 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/6509 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/4589 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/7368 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**




**SEVEN စံ**
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊
ဆိပ်ကမ်း၊အရှေ့ပိုင်း၊
မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## အမည်မှန်

ဘားအံမြို့၊ အထက(၂)၊ အဌမတန်းမှ အီနန့်ဖန့်၏ အမည်မှန်မှာ နန်းအီနန်းဖန့် ဖြစ်ပါကြောင်း။

နန်းအီနန်းဖန့်

## အမည်မှန်

ဘားအံမြို့၊ အထက(၂)၊ အဌမတန်းမှ မောင်ထွန်းထိုက်အောင်လင်း၏ အမည်မှန်မှာ စိုင်းထွန်းထိုက်အောင်လင်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးစိုင်းလှအောင် ဖြစ်ပါကြောင်း။

ဦးစိုင်းလှအောင်၊
စိုင်းထွန်းထိုက်အောင်လင်း

**ပုလဲမြို့သစ် မြေကွက်ရောင်းမည်**
အမှတ်၃လမ်း နှင့် ပြည်လမ်းတို့မှ ဝင်နိုင်။ ဗိုလ်ခြံလမ်းမကြီးမှ ဝင်လျှင် ဒုတိယလမ်း။ အေးသာယာ ၃လမ်း၊ ထောင့်ကွက်။ ၃၀ပေ × ၅၀ပေ။ ၂ကွက်တွဲ။ ပါမစ်မြေ။ အရှေ့လှည့်။ ကွန်ကရစ်လမ်းခင်းပြီး။ (၅၂၀)သိန်း ညှိနှိုင်း :09-43021002

## ဒါရိုက်တာပြောင်းလဲခြင်း

မြန်မာစီးပွားရေးအရင်းအမြစ် ကုမ္ပဏီလီမိတက်၏ ၁၉-၃-၂၀၂၀ရက်တွင် ကျင်းပသော ဒါရိုက်တာအစည်းအဝေးတွင် လက်ရှိဒါရိုက်တာ အဖွဲ့ဝင် ၁၁ ဦးမှ ၄ ဦးနုတ်ထွက်ပြီး ဒါရိုက်တာအဖွဲ့ဝင်အသစ် ၂ ဦးကို အတည်ပြုရွေးချယ်တင်မြှောက်ခဲ့ပါသည်။


နုတ်ထွက်သွားခဲ့သည့် ဒါရိုက်တာ ၄ ဦး အသစ်ရွေးချယ်တင်မြှောက်ထားသည့် ဒါရိုက်တာ ၂ ဦး

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဒေါ်ကြူကြူဝင်း | ဒါရိုက်တာ | ၁။ | ဒေါက်တာသဉ္ဇာအောင် | ဒါရိုက်တာ |
| ၂။ | ဒေါ်သူဇာချယ် | ဒါရိုက်တာ | ၂။ | ဦးအေးချစ် | ဒါရိုက်တာ |
| ၃။ | ဒေါ်ဝင်းကလျာဦး | ဒါရိုက်တာ | | | |
| ၄။ | ဦးဟန်မြင့်မောင် | ဒါရိုက်တာ | | | |

ဥက္ကဋ္ဌ
မြန်မာစီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက်

**မြေကွက်များ ဝယ်လိုသည်**
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊
ဒဂုံမြောက်၊ ဒဂုံအရှေ့
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
09400940041
09260664490

**ကိုချစ်ကို**
အိမ်ခြံမြေအကျိုးဆောင်မှ
ဒဂုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/
အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ
ဈေးကောင်းပေးဝယ်ပါသည်။
ပွဲခပေးရန်မလိုပါ။
09-5094084

**သုခချမ်းသာသက်နှင်းတိုက်**

အရောက်ပို့
ပို့ခ(အခမဲ့)
☎ :01512443, 0973017656, 095055574

## ဖခင်အမည်မှန်

ကချင်ပြည်နယ် ရွှေကူမြို့ ထက်အောင်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ဇော်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဒူရ်ဂါဒါးရဲ ၁/ရကန(နိုင်)၀၂၉၄၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အမှတ်(၂)၊ တပ်မတော်ထောက်ပံ့ပို့ဆောင်ရေးတပ်၊ အမက စတုတ္ထတန်းမှ မသော်သော်နိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းမောင် ၅/ရဘန(နိုင်)၂၀၁၃၇၃ ဖြစ်ပါကြောင်း။

ဦးဇော်ဝင်းမောင်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခြံအမှတ် ၁၇၈၊ ကာယ ၁၀ လမ်း၊ ကာယရပ်ကွက်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာအုပ်စုရှိ ဘိုးဘွားပိုင်မြေအကျယ်အဝန်းအလျားပေ၁၁၀xအနံပေ ၂၀ အားလည်းကောင်း၊ အလျားပေ၁၀၀xအနံ ၄၆ ပေအားလည်းကောင်း၊ ပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟကြေညာသူ ဦးသိန်းဟန် ၁၂/မဂဒ(နိုင်)၀၅၉၀၃၇ က ပိုင်ရေးပိုင်ခွင့် စာချုပ်စာတမ်း(မူရင်း)များအားပြသ၍ ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသက်ပိုင် ၇/ပမန(နိုင်)၁၂၀၀၃၃ က ၅/၂၀၁၄ ခုနှစ်နှင့် ၁၁/၂၀၁၄ ခုနှစ်တို့တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၍ အဆောက်အအုံများဆောက်လုပ်ထားပြီး ဂရန်အမည်ပေါက်လျှောက်ထားမည်ဖြစ်သည့်အတွက် ပိုင်ရေးပိုင်ခွင့်ရှိသူတို့သည် ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ဤသတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တရားဥပဒေဘောင်အတွင်းမှ ဂရန်အမည်ပေါက်ရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်ပိုင် ၇/ပမန(နိုင်)၁၂၀၀၃၃၏ လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးစိန်ကြီး**
B.A Eco, DA, RL, DBL, DML, DIL, DIPL, MA(Business Lawp$_1$),
DL$_{101}$, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၇၁)
၄၈၇၊ ဒူးယား ၄ လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အလက(၂) စတုတ္ထတန်းအောင်မှ မမေမြတ်သုခင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၉-၂၀၁၀ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/7946 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား အသုံးပြုမည်ဖြစ်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၃/၇၈၊ ၇၁ လမ်းနှင့် ဇော်ဂျီလမ်းကြားနေ ဦးစိန်ဝင်း(ဘ)ဦးတွမ်မီးလောက် ၁၃/လရန(နိုင်)၀၉၈၈၉၅ မှ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။




ကျွန်တော် ဦးစိန်ဝင်း၏ တီထွင်ဖန်တီးထားသော အထက်ဖော်ပြပါအမှတ်တံဆိပ်အမည်အမှတ်အသားနှစ်ခုဖြစ်သည့် ဟောင်းချစ်နှင့် စားကောင်းတို့အား မကျည်းဖလိတ်နှင့် တော်ဖီအမျိုးစုံအပါအဝင် ၎င်းတို့နှင့်ဆက်စပ်သည့်ထုတ်ကုန်များထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။ တစ်ဖန် အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်နှစ်ခုကို ကျွန်တော်ဦးစိန်ဝင်းမှ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ကို မှတ်ပုံတင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်နှစ်ခုကို လက်ရှိအသုံးပြုနေသူရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်တော်ထံသို့ ယနေ့ကြေညာပါသည့်ရက်မှ ခုနစ်အတွင်း ဥပဒေနှင့်အညီ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစိန်ဝင်း ၁၃/လရန(နိုင်)၀၉၈၈၉၅
၇၁ လမ်းနှင့် ဇော်ဂျီလမ်းကြား၊ အကွက်(အ-၃/၇၈)၊ (ဂ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၂၅၉၀၉၂၅၅၁



# ဒိန်းမတ်နိုင်ငံမှ ကိုဗစ်-၁၉ တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးပစ္စည်းလှူဒါန်း




ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဖြစ်သည့် အဝတ်နှာခေါင်းစည်းလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ(၄)၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး Mr. John Nielsen က လှူဒါန်းရခြင်း အကြောင်းပြောကြားပြီး ငွေကျပ်သိန်းသုံးရာတန်ဖိုးရှိ အဝတ်နှာခေါင်းစည်း အခုရေ ၅၀၀၀၀ အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်ထံသို့ ပေးအပ်လှူဒါန်းပြီး (ဓါတ်ပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ

*စာမျက်နှာ ၈ ကော်လံ ၁* ❑

# ရေဝတီနှင့် ချင်းတွင်း မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။

*စာမျက်နှာ ၈ ကော်လံ ၄* ◆

## သတင်းအညွှန်း

မျိုးစုံဇီဝ အစဉ်ထာဝရထိန်းသိမ်းကြ
(စာ-၆)

မိန်းကလေး နှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်
(စာ-၁၁)

ကျရောက်ဆဲ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ အိုလံပစ် အားကစားပွဲ အလားအလာ
(စာ-၁၄)

COVID -19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ
(စာ-၁၆)

# ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၄

ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသတွင် ဆိုက်ကပ်ထားသည့် ဂရိနိုင်ငံမှ သင်္ဘောကုမ္ပဏီတစ်ခုဖြစ်သည့် SEA Traders S.A ကုမ္ပဏီပိုင် MV LIMNOS သင်္ဘောပေါ်တွင် တာဝန်ပြီးဆုံးပြီဖြစ်၍ ဟောင်ကောင်ဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ပြန်ရန် စောင့်ဆိုင်းနေသည့် မြန်မာသင်္ဘောသား ၂၂ ဦးနှင့် ပညာသင်ကာလပြီးဆုံးသည့် မြန်မာကျောင်းသား သုံးဦး စုစုပေါင်း ၂၅ ဦးအား အဆိုပါသင်္ဘောကုမ္ပဏီနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) စင်းလုံးငှား အထူးလေယာဉ်ဖြင့်


*စာမျက်နှာ ၈ ကော်လံ ၄* ❖

# ပရီမီယာလိဂ်အသင်းများ၏ ချန်ပီယံလိဂ်ဝင်ခွင့်နှင့် တန်းဆင်းဇုန်အားပြိုင်ပွဲတို့၏ လားရာ. . .

၂၀၁၉-၂၀၂၀ ပရီမီယာလိဂ်ရာသီပိတ်ပွဲစဉ်များကို ဇူလိုင် ၂၆ ရက် (တနင်္ဂနွေနေ့) ည ၉ နာရီခွဲတွင် တစ်ချိန်တည်း ကျင်းပမည်ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ပရီမီယာလိဂ်ချန်ပီယံအဖြစ် လီဗာပူးအသင်းက နှစ်ပေါင်း ၃၀ အကြာမှာ ပြန်လည်ဆွတ်ခူးနိုင်ခဲ့ပြီး အောင်ပွဲခံအခမ်းအနားကို ဇူလိုင် ၂၃ ရက်တွင် လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီးနောက် အန်းဖီးလ်ကွင်းတွင် ကျင်းပခဲ့သည်။ ထို့အပြင် နောက်ဆုံးထွက်ပေါ်လာသော သတင်းအချက်အလက်များအရ လီဗာပူးအသင်းခေါင်းဆောင် ဟန်ဒါဆန်သည် ဗန်ဒိုက်၊ မာနေး၊ ဒီဘရိုင်းနှင့် ရက်ဖို့ဒ်တို့ကို ကျော်ဖြတ်ကာ အားကစားကလောင်ရှင်အဖွဲ့အစည်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ပရီမီယာလိဂ်ပွဲစဉ်များ မပြီးဆုံးမီတွင် ချန်ပီယံ အဖြေထွက်ပေါ်ခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်၊ ယူရိုပါလိဂ်ဝင်ခွင့်နေရာတို့အတွက် ပြတ်သားသည့်အဖြေ မထွက်ပေါ်သေးသည့်အတွက် နောက်ဆုံးပွဲစဉ်အထိ ရေကုန်ရေခန်းယှဉ်ပြိုင်ကစားကြရမည့်ပွဲစဉ်များ ကျန်ရှိနေသေးသည်။ ထို့အပြင် တန်းဆင်းရမည့်အသင်းအနေဖြင့် နော့ဝှစ်တစ်သင်းသာ ပေါ်ထွက်နေသေးသည့်အတွက်လည်း လာမည့်နှစ်ပရီမီယာလိဂ်တွင် ကျန်ရှိနိုင်ရေးအတွက် ရေကုန်ရေခန်းယှဉ်ပြိုင်ကစားကြရမည့်ပွဲစဉ်များလည်း ကျန်ရှိနေသေးသည်။

ချန်ပီယံလိဂ်ဝင်ခွင့် နှစ်နေရာအတွက် မန်ယူ၊ ချယ်လ်ဆီးနှင့် လက်စတာအသင်းတို့ အားပြိုင်သွားကြရမည်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ လက်စတာနှင့် မန်ယူ၊ ချယ်လ်ဆီးနှင့် ဝုဖ်အသင်းတို့ ဆုံတွေ့နေခြင်းဖြစ်သည်။ လက်ရှိ အမှတ်ပေးဇယားတွင် မန်ယူအသင်းက ချယ်လ်ဆီးအသင်းနှင့် ရမှတ် ၆၃ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။ အဆင့် (၅) နေရာတွင် လက်စတာအသင်းက ရမှတ် ၆၂ မှတ်ဖြင့် ရပ်တည်နေသည့်အတွက် အဆင့်(၃)မှ (၅)အထိ အမှတ်ကွာဟမှုက တစ်မှတ်သာရှိသည့်အတွက် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာဖွယ်ရှိနေသည်။ လက်စတာအသင်းသည် အဆင့် (၅)နေရာတွင် ရပ်တည်နေသည်









ဆိုသော်လည်း မန်ယူကိုနိုင်လျှင် သေချာပေါက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ သို့တည်းမဟုတ် ချယ်လ်ဆီးအသင်းက ဝုဖ်အသင်းကို ရှုံးနိမ့်ပြီး

*စာမျက်နှာ ၁၁ ကော်လံ ၁* ●